နိုင်ငံတော်အစိုးရပါဠိပထမပြန်စာမေးပွဲ
သဂြိုဟ်ဘာသာအတွက် အထူးထုတ်

# သဂြိုဟ်မေးကွက်

(အတွဲ-၁)

အရှင်စန္ဒဇောတိ
(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)

ဒုတိယအကြိမ်

ဤစာအုပ်၌ နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲတွင်
၁၃၁၅-ခုနှစ်မှ ၁၃၆၄-ခုနှစ်အထိ မေးခဲ့ဖူးသော
စိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ပကိဏ်းပိုင်းနှင့် ဝီထိပိုင်းဆိုင်ရာ
မေးခွန်းဟောင်းများကို စနစ်တကျ ဖြေဆိုထားသဖြင့်
စာသင်သားတိုင်း အားရပါးရ ကျက်မှတ်
ရတော့မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

http://www.dhammadownload.com

၁၅၀၀

အရှင်စန္ဒောဘိ
(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)

# သဂြိုဟ်မေးကွက်

## (အတွဲ-၁)

ရွှေမိုးအိမ်စာပေ
အမှတ် ၁၉-၂၀၊ ရွှေတိဂုံဘုရား
တောင်ဘက်ဈေးတော်ရုံ၊
ရန်ကုန်မြို့။
ဖုန်း - (၀၁)၃၈၃၄၂၇၊ ၃၈၃၅၁၁၊ လိုင်းခွဲ- ၁၈၄

http://www.dhammadownload.com

# သဂြိုဟ်မေးကွက် (အတွဲ-၁)

ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အုပ်ရေ-၁၀၀၀

**အဖုံးဒီဇိုင်း – မစိုးစိုး (စတားကာလာ)**
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၉၇/၂၀၀၄ (၈)နှင့် စာမူခွင့်ပြုချက်အမှတ် – ၄၈၈/၂၀၀၄(၇)တို့အရ ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ) အမှတ် ၁၁၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဒေါ်စမ်းစမ်းအေး၊ ရတနာ့ဂုဏ်ပုံနှိပ်တိုက် အမှတ် ၅၁၊ လမ်း ၁၄၀၊ မအူကုန်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့က ရိုက်နှိပ်သည်။

တန်ဖိုး – ၅၅၀ ကျပ်

ဖြန့်ချိရေး
ရွှေမီးအိမ်စာပေ
အမှတ် ၁၉၊ ရွှေတိဂုံဘုရား
တောင်ဘက်ဈေးတော်ရုံ၊
ရန်ကုန်မြို့။
ဖုန်း – (၀၁)၃၈၃၄၂၇၊ ၃၈၃၅၁၁၊ လိုင်းခွဲ– ၁၈၄

http://www.dhammadownload.com



http://www.dhammadownload.com

# မာတိကာ


| | |
|---|---|
| နိဒါန်း | က |
| သောတုဇနများထံမှ ပေးစာများ | ဍ |
| စိတ်ပိုင်းမေးကွက် | ၁ |
| စေတသိက်ပိုင်းမေးကွက် | ၅၅ |
| ပကိဏ်းပိုင်းမေးကွက် | ၁၅၆ |
| ဝီထိပိုင်းမေးကွက် | ၂၃၆ |
| ထုတ်ဝေပြီးသောကျမ်းစာများ | ၃၃၁ |

http://www.dhammadownload.com



http://www.dhammadownload.com



# နိဒါန်းစကားမှန်

●●●●●●●●●

## ကြောက်ဒူးတုန်ရသော ဘာသာ

နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ ပြဋ္ဌာန်းကျမ်းစာများအနက် **အဘိဓမ္မာသင်္ဂြိုဟ်ဘာသာသည်** သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်၍ ခက်ခဲနက်နဲလှ၏။ သာမန်ဉာဏ်, လုံ့လ, ဝီရိယဖြင့် လွယ်ကူစွာ မသိနိုင်ပေ။

ကျမ်းရင်းအဓိပ္ပာယ်ကိုပင် ပိုင်နိုင်ကျွမ်းကျင်ဖို့ ခက်ခဲ၏။ အကယ်၍ ပိုင်နိုင်ကျွမ်းကျင်စေကာမူ လောကသဘာဝများနှင့် ဆက်စပ်၍ လှည့်ပတ်မေးသောအခါ

http://www.dhammadownload.com


စာသင်ပျို့နှ မြတ်သောတုတို့ မဖြေတတ်ကြဘဲ စမ်းတဝါးဝါး နိုင်လှပေသည်။ ထို့ကြောင့် သင်္ဂြိုဟ်ဘာသာကို စာသင်သား တိုင်း ကြောက်ဒူးတုန်ရသော ဘာသာအဖြစ် ထင်မှတ်ကြလေ သည်။

## ကယ်မ,နေသော ကျမ်းစာများ

ခက်ခဲနက်နဲသော သင်္ဂြိုဟ်ဘာသာကို အလွယ်တကူ လေ့လာနိုင်ရန် စာရေးဆရာပေါင်းစုံတို့က မိမိတို့ ရှုထောင့်မှ နေ၍ ကျမ်းစာအုပ်များရေးသားခဲ့ရာ သင်္ဂြိုဟ်ဘာသာဋီကာ၊ သင်္ဂြိုဟ်ဗားကရာနိဿယ၊ အခြေပြုသင်္ဂြိုဟ်၊ ကိုင်းကုန်း သင်္ဂြိုဟ် ဆိုးရိုးကျမ်း၊ သင်္ဂြိုဟ်သရုပ်ခွဲကျမ်း၊ အဘိဓမ္မာ လက်ဆောင်၊ ကူညီရေးအဘိဓမ္မာ၊ သင်္ဂြိုဟ်ရှင်းတမ်း၊ တကယ့်သင်္ဂြိုဟ်၊ အာဂုံဆောင်အဘိဓမ္မာ စသည်အားဖြင့် များမြောင်လှပေသည်။

## စာမေးပွဲတို့၏ လမ်းပြကြယ်

စာမေးပွဲတစ်ပွဲကို ထိပ်တန်းက ထူးထူးချွန်ချွန် အောင်မြင်စေရန် ကျက်စားရရုံဖြင့် မပြီးသေးပေ။ စာမေးပွဲ ဖြေဆိုတတ်ဖို့လည်း အရေးကြီးသည်။ စာမေးပွဲဖြေဆို

http://www.dhammadownload.com


တတ်ရန်မှာလည်း ပုစ္ဆာဟောင်းများကို စနစ်တကျ လေ့လာမှသာ ဖြစ်နိုင်ပေသည်။ ထို့ကြောင့် အကျော်အမော် ဆရာတော်တို့က **ပုစ္ဆာဟောင်းထက် ကောင်းသော ဆရာ မရှိ**ဟု မှတ်ချက်ပြုထားလေသည်။ စာရေးသူက အကျော် အမော် ဆရာတော်တို့၏ အဆိုအမိန့်ကိုမပယ်ဝံ့ပါ။ သို့သော် လည်း စာဖြေသူတွေ စာဖြေတတ်အောင် လမ်းပြတတ်သဖြင့် **စာမေးပွဲတို့၏ လမ်းပြကြယ်**ဟုတော့ ထပ်ဆင့် ဆိုချင်ပေ သည်။

## အဖြေစုံတို့၏ ကျေးဇူးရှင်များ

စာမေးပွဲတို့၏ လမ်းပြကြယ်ဖြစ်သော ပုစ္ဆာဟောင်း များကို စနစ်တကျဖြေဆိုပြီး ကျမ်းစာပြုစုသူများအနက် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် **တိုက်အုပ်ဆရာတော် အရှင်တိလောကာဘိဝံသ (အနေကဂုဏ္ဍကာရက)**သည် ပထမ ဦးဆုံး ပုဂ္ဂိုလ်ထူးဖြစ်သကဲ့သို့ ကျေးဇူးအများဆုံး ပုဂ္ဂိုလ်ထူး အဖြစ်လည်း မှတ်တမ်းတင်ထိုက်လှသည်။ ဆရာတော်သည် အစိုးရပါဠိပထမပြန် စာမေးပွဲပုစ္ဆာဟောင်းများကို စနစ်တကျ ဖြေဆို၍ **အဖြေစုံကျမ်းစာများကို** အတန်းလိုက် ခွဲခြား ထုတ်ဝေခဲ့ရာ စာသင်သားတိုင်း လက်စွဲပြု ကြရလေသည်။

http://www.dhammadownload.com


ရန်ကုန်တိုင်း သာသနာရေးမှူး **ဦးစံသင်းလှိုင် (သ–စ–အ ဓမ္မာစရိယ၊ ပထမကျော်)** က ပထမပြန်အဖြေစုံများ ထုတ်ဝေခဲ့ပြီး **၄–ဘွဲ့ရဓမ္မာစရိယ အရှင်သီလာစာရာဘိဝံသ** ကလည်း အစိုးရဓမ္မာစရိယ ပုစ္ဆာဟောင်းများကို ဖြေဆို၍ **နည်းပြဓမ္မာစရိယ** အဖြစ်ထုတ်ဝေခဲ့ရာ အဖြေစုံတို့၏ ကျေးဇူးရှင်များအဖြစ် မှတ်တမ်းတင်ထိုက်ပေသည်။

## တစ်ခါတုန်းက ရွှေအိပ်မက်များ

စာမေးပွဲပုစ္ဆာထုတ်ရာ၌ အဓိပ္ပါယ်ကောင်းနိုးရာရာတို့ကိုသာ ရွေးချယ်၍ ထုတ်တတ်ကြ၏။ စာရေးသူ စာသင်သားငယ်ဘဝတွင်လည်း ကောင်းနိုးရာရာတွေကိုသာ ရွေးချယ်၍ ဆွမ်းခံသွားရင်းပင် အားလပ်ချိန်မထားဘဲ ကျက်မှတ်ဖူး၏။ ထို့ကြောင့်ပင် ဆွမ်းခံသွားချိန်၌ ယာဉ်အန္တရာယ်ကို ဂရုမစိုက်ဘဲ စာကိုသာဖိကျက်ခဲ့ရာ ဆိုက်ကားတစ်ကြိမ်, မော်တော်ကားတစ်ကြိမ် ဝင်တိုးဖူး၏။ ကံကောင်းထောက်မ၍သာ အသက်မသေခြင်း ဖြစ်သည်။ ထိုစဉ်က ကောင်းနိုးရာရာတွေကိုသာ ထုတ်နှုတ်ရေးသားထားသော ကျမ်းစာအုပ်များ ပေါ်ထွက်လာလျှင် ကောင်းမှာပဲဟု ရွှေအိပ်မက်များ မက်ကာ တောင့်တဖူးလေသည်။

http://www.dhammadownload.com


## ရွှေအိပ်မက်မှ နိုးထခြင်း

ယခုအခါ တစ်ခါတုန်းက ရွှေအိပ်မက်များမှ နိုးထသည့်အနေဖြင့် နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ ၁၃၂၃–ခုနှစ်မှ ၁၃၆၄–ခုနှစ်အထိ မေးခဲ့သမျှ ပုစ္ဆာဟောင်းများကို စုစုစည်းစည်း ဖြေဆိုကာ **သဂြိုဟ်မေးကွက်**ဟူသော အမည်ဖြင့် ရေးသားခဲ့ရာ စာမျက်နှာ–၆၀၀ ကျော်သဖြင့် အင်မတန်ထူထဲသော စာအုပ်ကြီးတစ်အုပ် ဖြစ်နေပေသည်။ ထို့ကြောင့် **စိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ပကိဏ်းပိုင်းနှင့် ဝီထိပိုင်း**ကိုကို ခွဲထုတ်၍ **အတွဲ–၁** အဖြစ် ထုတ်ဝေလိုက်ခြင်း ဖြစ်ပေသည်။

## စာသင်သားတိုင်းက မေးကြပြီ

စာရေးသူ ရေးသားထုတ်ဝေထားသော စာအုပ်တိုင်း၌ **သဂြိုဟ်မေးကွက်နှင့် သဒ္ဒါမေးကွက်**များ ထုတ်ဝေမည်ဖြစ်ကြောင်း ဖော်ပြထားသဖြင့် စာသင်သားတိုင်းက စာအုပ်ဈေးကွက်၌ ၎င်းစာအုပ်များ ရ–မရ နေ့စဉ်နီးပါး ကြွရောက်မေးမြန်းကြသည်။ အချို့က စာရေးသူထံ ဖုန်းဆက်၍ပင် အားမလိုအားမရ တိုက်ရိုက် မေးကြပြန်လေသည်။

http://www.dhammadownload.com



## စင်္ကာပူမှာ တစ်လကြာ

စာသင်သားတိုင်းက မေးကြသည့်အလျောက် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်၏ အဖြေစုံကျမ်းများ၊ အဘိဓမ္မတ္ထသင်္ဂဟပါဠိ၊ အခြေပြုသင်္ဂြိုဟ်၊ သင်္ဂြိုဟ်ဘာသာဋီကာ၊ သင်္ဂြိုဟ်ရှင်းတမ်းစသော ကျမ်းပေါင်းများစွာကို မှီငြမ်း၍ သင်္ဂြိုဟ်မေးကွက်ကို ရေးသားခဲ့ရာ နတ်တော်လကပင် ပြီးစီးခဲ့သည်။ သို့သော်လည်း ၎င်းလထဲမှာပင် တပည့်ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ စင်္ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ တစ်လကြာ သာသနာပြုခရီးကြွရသဖြင့် စာအုပ်အဖြစ် မရောက်ဘဲ ကြန့်ကြာနေရလေသည်။

## သံသရာရိက္ခာထုပ် ထုပ်ပါရစေ

စင်္ကာပူမှပြန်ရောက်ပြီးနောက် သင်္ဂြိုဟ်မေးကွက်စာအုပ်ရိုက်ရန်စီစဉ်သော်လည်း စာရေးသူမှာ ဇာတိရပ်ရွာဖြစ်သော တပ်ကုန်းမြို့နယ် အင်ပင်တောင်ရွာ **အင်ပင်တောင်ကျောင်း၌** မိမိအတွက် သံသရာရိက္ခာထုပ် ထုပ်ရန်နှင့် ကွယ်လွန်ကြပြီးသော **ခမည်းတော် ဦးတင်အောင်+မယ်တော် ဒေါ်ခင်ကြည်** ကျေးဇူးရှင် မိဘနှစ်ပါးတို့အား ကျေးဇူးဆပ်အမျှဝေရန်

http://www.dhammadownload.com



ဟူသော ရည်ရွယ်ချက်နှစ်ရပ်တို့ဖြင့် **သိက္ခာထပ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲ**လုပ်ရန် စီစဉ်ထားပြီးဖြစ်၍ နှောင့်နှေးနေရပြန်သည်။

ချဲ့ပါဦးမည်– စာရေးသူသည် ၁၃၆၄–ခုနှစ် တော်သလင်းလတွင် အသက်ခန္ဓာ စိုးရိမ်ရလောက်အောင် ကျန်းမာရေးပျက်ယွင်းနေစဉ် "ဒီအချိန်မှာ သေရဲပြီလား" ဟု မိမိကိုယ်ကို မေးကြည့်ရာ ကုသိုလ်အားနည်းသေးလို့ မသေရဲသေးကြောင်း အဖြေရသဖြင့် မှတ်မှတ်ရရ ကုသိုလ်များများပြုမည်ဟုဆုံးဖြတ်ပြီး ၁၃၆၅–ခုနှစ် တပေါင်းလဆန်း ၈–ရက် (၂၇–၂–၂၀၀၄) နေ့တွင် ဇာတိရွာ အုန်းပင်တောင်ကျောင်း၌–

၁။ ငွေတောင်ဆရာတော်၊ မြို့ဦးဆရာတော်၊ မဟာသီဟ နာဒဆရာတော်၊ မြောက်မြို့ကျ် ဆရာတော်၊ အိုင့်ကျယ်ကျောင်းသစ် ဆရာတော်၊ အရှေ့သရက်ပင် ဆရာတော်၊ အင်ပင်တောင်ကျောင်း ဆရာတော်၊ အင်ပင် အရှေ့ကျောင်း ဆရာတော်၊ အင်ပင် မြောက်ကျောင်း ဆရာတော်၊ ကျောင်းရွာကျောင်း ဆရာတော် စသော တပ်ကုန်းမြို့နယ်မှ သက်တော်ရှည်ဆရာတော်ကြီး ၁၀ ပါး

http://www.dhammadownload.com



တို့အား သိက္ခာထပ်ပူဇော်ခြင်း၊

၂။ ပင့်သံဃာတော် ၈၁-ပါးတို့အား ခရီးဆောင်အိတ်နှင့် နဝကမ္မများ လှူဒါန်းခြင်း၊

၃။ သာမဏေ ၆၂-ပါးတို့အား နဝကမ္မနှင့် ဆပ်ပြာမွေးများ လှူဒါန်းခြင်း၊

၄။ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး ၁၀-ပါးတို့အား ဝတ်စုံများ လှူဒါန်းခြင်း၊

၅။ ဘိုးသက်ရှည်၊ ဘွားသက်ရှည် (၁၁၇) ဦးတို့အား ဝတ်စုံများ လှူဒါန်းခြင်း၊

၆။ ညှိပရိသတ်များအား ပလပ်စတစ်ယပ်တောင်များ လှူဒါန်းခြင်း၊

၇။ ပင့်သံဃာတော်များ၊ သာမဏေများနှင့် သာသနာ့နွယ် သီလရှင်ဆရာကြီးများအား ဆွမ်းများ ဆက်ကပ်ခြင်း၊

၈။ ညှိပရိသတ်များအား ညှိခံကျွေးမွေးခြင်း၊

၉။ ၂၃-ဌာန အလှူတော်များ ရေစက်ချလှူဒါန်းခြင်း

http://www.dhammadownload.com



စသည်ဖြင့် သံသရာရိက္ခာထုပ်ကို မှတ်မှတ်ရရ ကြီးကြီးမားမား ထုပ်ခွင့်ရလေသည်။

ထိုသို့ သံသရာရိက္ခာထုပ် ထုပ်ရာ၌ **တပ်ကုန်း၊ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်**တို့မှ ထင်ရှားကျော်ကြား တော်မူကြသော အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ စာချဘွဲ့တံဆိပ်တော်ရ သက်တော်ရှည် ဆရာ တော်ကြီးများကိုယ်တိုင် စုံစုံလင်လင် ကြွရောက် ချီးမြှောက် တော်မူကြသဖြင့် အင်မတန် ကြည်နူးဖွယ်ကောင်းလှသည်။ တပ်ကုန်းမြို့မှ **ငွေတောင်တောရ ဆရာတော်၊ မြို့ဦး** ဆရာတော်၊**မဟာသီဟနာဒ ဆရာတော်၊ ရွှေးစုဆရာတော်၊ ဝဲကြီးဆရာတော်**တို့ ကြွတော်မူကြ၍ ရမည်းသင်းမြို့မှ **မုစလိန္ဒာဆရာတော်၊ ရန်အောင်မင်းကျောင်း ဆရာတော်၊ ရန်အောင်မြင် ဆရာတော်**တို့ ကြွတော်မူပြီး ပျော်ဘွယ်မြို့မှ **နိုင်ငံတော်ဩဝါဒါစရိယ ပါဠိတက္ကသိုလ် ရေလယ် ဆရာ တော်ကြီး**တို့ မအားလပ်သည့်ကြားမှ ဖုန်တထောင်းထောင်း ထနေသော အင်ပင်ရွာကို ကြွရောက် ချီးမြှောက်တော်မူ ကြသဖြင့် သာသနာတော်ကို အားပေးချီးမြှောက်တော်မူ ကြသည့်ဂုဏ်ကို ကြည်ညိုလို့ မဆုံးနိုင်ပေ။

ထို့အပြင် **တပ်ကုန်းမြို့ သိင်္ဂီရတနာ သီလရှင်စာသင်**

http://www.dhammadownload.com



**တိုက် ပဓာနနာယက ဆရာကြီးဒေါ်ပညာသိဂ်ီ (မဟာဂန္ထ ဝါစကပဏ္ဍိတ)နှင့် ဥတ္တရာဇေယျ သီလရှင်စာသင်တိုက် ပဓာနနာယက ဆရာကြီး**တို့သည် တပ်ကုန်းမြို့နယ်မှ မည်သည့် တောရွာများကိုမျှ မရောက်ဖူးကြဘဲ ဖုန်တထောင်းထောင်း ထနေသော အင်ပင်ကျေးတော ဇနပုဒ်သို့ ထူးထူးခြားခြား ကြွရောက်၍ ချီးမြှင့်ဩဝါဒ်အားပေးကြသည့်အပြင် အချိုပွဲများပါ စေတနာသဒ္ဓါ ရက်ရောစွာ လှူဒါန်းကြမှုများကား ချီးကျူးရမည့် ပါရမီရှင်ကြီးများပင်။ ထို့အပြင် ရန်ကုန်မြို့မှ **ချမ်းသာအောင်မြင်နှင့် သုခစုစ် ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးချမ်းသာ**နှင့် မိဘများ၊ **ဦးမင်းနောင်+ဒေါ်ရီရီလေး၊ ကေတုဝင်းထွဋ်၊ သန်းမြတ်စိုး၊ တင်ဦးလေး၊ တက္ကသိုလ်ကိုကိုဇော်၊ မောင်ဟမာ (ခ) တေးသံရှင် မောင်မောင်အေး၊ အကယ်ဒမီ မြင့်မြင့်ခင်၊ ရွှေရိုဝင်း၊ စိမ်းလဲ့လဲ့၊ စောင်း–ခင်မာသီ** စသော နိုင်ငံကျော် အဆိုတော်များနှင့် **စန္ဒယားမောင်ခင်လှ**နှင့် တီးဝိုင်းအဖွဲ့တို့ကလည်း တက်ရောက်ကြည်ညို၍ ကုသိုလ်ယူဖျော်ဖြေကြရာ ကြီးမားသော သံသရာရိက္ခာထုပ်ပွဲကြီးကား အောင်မြင် စည်ကားလှပေသည်။

http://www.dhammadownload.com



## တကယ့်သဂြိုဟ် ထွက်ဦးမည်

အထက်ပါ ကုသိုလ်ပွဲများပြုလုပ်ပြီးနောက် စာသင်သားတိုင်း မျှော်လင့်နေသော **သဂြိုဟ်မေးကွက်**ကို အမြန်ရိုက်နှိပ်ကာ ဖြန့်ဝေလိုက်ပါပြီ။ သို့သော် ဤစာအုပ်၌ သဂြိုဟ်အဓိပ္ပါယ်ကို ပြည့်ပြည့်စုံစုံ ရေးသားထားမည် မဟုတ်ပါ။ ပုစ္ဆာပဟောင်းများကိုသာ စနစ်တကျ ဖြေဆိုထားပေသည်။ ထို့ကြောင့် စာသင်သားတိုင်း လက်ကိုင်သုံးစွဲနိုင်ရန် သဂြိုဟ်အဓိပ္ပါယ်များကို ပြည့်ပြည့်စုံစုံ ရေးသား၍ **တကယ့်သဂြိုဟ်**အမည်ဖြင့် စာအုပ်ထုတ်ဝေရန် စီစဉ်နေပါပြီ။ ယခုအချိန်၌မူ ဤမျှဖြင့်သာ ကျေနပ်နှစ်သိမ့်တော်မူကြပါရန် အနူးအညွတ် ခွင့်ပန်အပ်ပါသည်။

ဤကျမ်းစာအုပ်ဖြင့် တပ်ကုန်းမြို့နယ် အင်ပင်တောင်ကျောင်း ဆရာတော် ဦးကုသလ၊ ရန်ကုန်မြို့ ကမ္ဘာအေးတိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Phd. တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ)၊ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ (တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇ မဟာရဋ္ဌဂုရု)၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုမာရာဘိဝံသ

http://www.dhammadownload.com


(Phd. အဂ္ဂမဟာပဏ္ဍိတ) စသော ကျေးဇူးရှင်ဆရာသမား အပေါင်းအား ဦးနှိပ်ကော်ရော် ပူဇော်အပ်ပါသည်။

အရှင်စန္ဒောဘာသ
(ပါဠိဦပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)
အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင်
အောင်သိဒ္ဓိကျောင်း၊ ပရိယတ္တိစာသင်တိုက်
ဓမ္မသုခကျောင်းတိုက်
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်။
ဖုန်း-(၀၉) ၅၀၁၀၅၀၆၊ (၀၁) ၃၈၀၈၇၅
(၁၈-၃-၂၀၀၄)



http://www.dhammadownload.com



# သောတုဇနများထံမှ ပေးစာများ

ဆရာတော် အရှင်စန္ဒဇောတိဘုရား၊ ဆရာတော်ထွက်ပေါ်ခဲ့ပြီးလေသမျှ စာအုပ်များသည် ဘုရား တပည့်တော်တို့ စာမေးပွဲများကို လုံးဝ အထောက်အကူများများ ပေးနိုင်ပါတယ်။ အခုဆိုရင် **မင်းမရှိတဲ့တိုင်းပြည်၊ လင်မရှိတဲ့မယား** မသင့်တော်သလို အာဂုံဆောင်မရှိတဲ့ စာသင်သားဟာလဲ မသင့်တော် မတိုးတက်လို့ ဆိုနေကြပါတယ်ဘုရား။ ဆရာတော့် စာအုပ်များမှာ လိုလေသေးမရှိအောင် ပြည့်စုံကောင်းမွန်နေပါတယ်ဘုရား။ ဒါကြောင့် ဆရာတော့် **အာဂုံဆောင်ကျမ်းစာများ**ကို စာသင်သားတိုင်း အမြဲလက်ကိုင် အားထားအသုံးပြုနေကြပါတယ်ဘုရား။ ဆရာတော့် အာဂုံဆောင်ကျမ်းစာအုပ်များ ပေါ်ထွက်လာတာ ဘုရားတပည့်တော်နှင့် စာသင်

http://www.dhammadownload.com


သားအများအတွက် **အနည်းကပ် ဆရာတစ်ဆူ**ပေါ်ထွက်သကဲ့သို့ ဝမ်းသာမဆုံး ဖြစ်နေကြပါတယ်။ အာဂုံဆောင်ကျမ်းများကို ဒီထက်မက ပြုနိုင်ပါစေလို့လဲ ဘုရားတပည့်တော် ဆုတောင်းနေပါတယ်။ ဆရာတော့်စာအုပ်များဟာ ကျေးဇူးများသောကြောင့် **သဂြိုဟ်သရုပ်ခွဲကျမ်း**ကို ထပ်မံ၍ ထုတ်ဝေစေချင်ပါတယ်ဘုရား။ စာသင်သားများဟာ တောင်းတမျှော်မှန်းလျက် ရှိနေပါတယ်ဘုရား။ ဆရာတော်ကိုယ်တိုင်လာရောက်သင်ကြားမပေးပေမယ့် ကိုယ်တိုင်လာရောက် သင်ကြားပေးသကဲ့သို့ ဆရာတော့် အာဂုံဆောင်ကျမ်းများဟာ ဉာဏ်ပညာများ တိုးတက်မှုရှိပါတယ်ဘုရား။ အချိန်ကုန်လူပမ်းလဲ သက်သာပါတယ်ဘုရား။ အခုဆိုရင် ဘုရားတပည့်တော်မှာ **ပါတိမောက်အမိပ္ပာယ်၊ (အငယ်) အာဂုံဆောင်ရူပသိဒ္ဓိနှင့် အာဂုံဆောင်ဋီကာကျော်** ဤကျမ်းစာများလိုအပ်နေ၍ ပညာရေးနှင့်စာမေးပွဲမှာ အခက်အခဲ ဖြစ်နေပါတယ်ဘုရား။

ဘုရားတပည့်တော်အား ဤစာများဖြင့် ပညာရည်နို့ချို တိုက်ကျွေးပေးတော်မူပါဘုရား။ ပညာပါရမီဖြည့်ဆည်းပေးတော်မူပါဘုရား။

http://www.dhammadownload.com



သဒ္ဒါတရား ပြည့်ဝတဲ့ အရှင်သခင်
သောတုဇနတိုင်းရဲ့ အာဂုံဆောင်ဆရာသခင်
အရှင်စန္ဒာဇောတိ အသက်ရှည်ကျန်းမာ၍
အာဂုံဆောင်ကျမ်းများ ပြုနိုင်ပါစေလို့
ဘုရားတပည့်တော်က ထာဝရဆုမွန်ချွေလျက် –

**ရှင်သီဟ (စ/လ)**
**သိုက်ကုန်းကျောင်းတိုက်**
**အမှတ် (၂) ရပ်ကွက်၊**
**မြင်းခြံမြို့။**

မှတ်ချက်။ ။ သောတုဇန စာသင်သားများစွာတို့ ထံတော်မှ စာရေးသူထံ စာပေါင်းများစွာ ရောက်ရှိလာကြပါသော်လည်း စာမျက်နှာကို ငဲ့ကွက်၍ ဤတစ်စောင်ကိုသာ ဖော်ပြခြင်းကို သည်းခံကျေနပ်ကြစေချင်ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com



# သဂြိုဟ်မေးကွက်

## (အတွဲ–၁)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁–စိတ်ပိုင်းမေးကွက်

### ဂန္ထာရမ္ဘကထာ

□ ငိုကာကျော်ဆရာရှိခိုးသော သံဃာတော်၏ ဂုဏ်ပုဒ်

သဒ္ဓမ္မသမ္ဘုတံ နိရင်္ဂဏံ ဟူသော ဂုဏ်ပုဒ်တို့ဖြင့် ချီးကျူး၍ ရှိခိုးပါသည်။

http://www.dhammadownload.com



## ❐ ဘုရားရှိခိုးရာ၌ ရှိရမည့် စိတ်နေစိတ်ထားကို အဘိဓမ္မာ အဓိပ္ပါယ် အဖွင့်ရှု၍ ဖွင့်ဆိုချက်

ကြောက်ခြင်း၊ လာဘ်လာဘ မျှော်ကိုးခြင်း၊ မျိုးရိုးအလေ့အကျင့် စသည့်ကိုကြည့်၍ ရှိသေလေးစားသော စိတ်ထားဖြင့် ရှိခိုးရမည်။ (၁၃၄၆–ခု အငယ်တန်း)

## ❐ ရှိုးခိုးခြင်းကုသိုလ် တရားကိုယ်

မဟာကုသိုလ်စိတ်ဖြစ်ပါသည်။

## ❐ သသင်္ခါရိကဂဏ္ဍတ္တမံ–၌ မျချ ဓမ္မ

မဂ်လေးပါးသည် ကိလေသာကို အကြွင်းမဲ့ဖြစ် တတ်သောကြောင့် လည်းကောင်း, နိဗ္ဗာန်သည်လည်း အာရုံအဖြစ်ဖြင့် မဂ်လေးပါး၏ ကိလေသာကို အကြွင်းမဲ့ ဖြတ်ရာ၌ အကျိုးပြုခြင်း၏ အကြောင်းဖြစ်သောကြောင့် လည်း ကောင်း မျချအားဖြင့် ဓမ္မမည်၏။

(၁၃၆၄–ခု အကြီးတန်း)

## ❐ ဥပစာဓမ္မ

ဖိုလ်လေးပါးသည် မဂ်ဖြင့်ပယ်အပ်ပြီးသော ကိလေသာတို့ကို တစ်ဖန် ငြိမ်းစေခြင်း၏ အစွမ်းဖြင့်

http://www.dhammadownload.com



မဂ်အားလျော်စွာ ဖြစ်ခြင်းကြောင့် ကာရဏူပစာအားဖြင့် ဓမ္မမည်သည်။

ပရိယတ္တိသည် အရိယာမဂ်ကိုရခြင်း၏ အကြောင်းဖြစ်သောကြောင့် ဖလူပစာအားဖြင့် ဓမ္မမည်ပါသည်။

### ❒ ဓမ္မ၏သတ္တိ

အပါယ်စသည်၌ ဖြစ်စေတတ်သော ကိလေသာကို ဖျက်ဆီးနိုင်ခြင်းသည် ဓာရဏသတ္တိ။ (၁၃၆၄–ခု အကြီးတန်း)

### ❒ စနစ်တကျ ရှိခိုးပုံ

ဘယ, လာဘ, ကုလ, အာစရ စသည်ကို ကြဉ်၍ ရိုသေလေးစားစွာ ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ရှိခိုးခြင်းဖြစ်သည်။ (၁၃၆၃–ခု အငယ်တန်း)

### ❒ အဘိဓမ္မတ္ထ သင်္ဂဟာကျမ်း၏ ဝိသေသလေးမျိုး

၁။ အလွန်ထူးဆန်းသော နည်းတို့နှင့် ပြည့်စုံခြင်း၊

၂။ မိမိအယူ, သူတစ်ပါးအယူ ဟူသော တောအုပ်အတွင်းသို့ ဉာဏ်ဖြင့် သက်ဝင်ခြင်းငှာ စွမ်းနိုင်ခြင်း၊

၃။ အလွန်သန့်ရှင်းစင်ကြယ်သော ပညာ၏ ထက်မြက်ခြင်းကို ဖြစ်စေနိုင်ခြင်း၊

http://www.dhammadownload.com



၄။ အဘိဓမ္မာသင်ယူ, ပို့ချသူ ရဟန်းတို့၏ ပီတိကို လွန်စွာ ဖြစ်စေနိုင်ခြင်း။ (၁၃၆၃–အငယ်တန်း)

## ☐ ပရမတ္ထအဓိပ္ပါယ်

မဖောက်မပြန် မှန်ကန်တိမတ် မြတ်သောသဘော ရှိသောကြောင့် လည်းကောင်း, မြတ်သော သဗ္ဗညုတဉာဏ်၏ အာရုံ ဖြစ်သောကြောင့်လည်းကောင်း ပရမတ္ထမည်ပါသည်။ (၁၃၃၄–အငယ်တန်း)

(ဆောင်) ၁။မဖောက်မပြန်, မှန်ကန်တိမတ်, ဂုဏ်သကတ်, အမြတ်ဟူ၍ ခေါ်။

၂။အထည်ဝတ္ထု, ပညတ်စုတွေ, များပလေတည်း, အခြေအမြစ်, စိစစ်ထုတ်က, အချုပ်ပဓာန, တစ်နည်းပြ, ပရမဟုခေါ်။

## ☐ ပရမတ္ထတရားမှထူးသော အဘိဓမ္မတ္ထတရား

ပညတ်တရား ဖြစ်ပါသည်။ (၁၃၃၁–ခု အလတ်တန်း)

## ☐ စိတ် စသော ပရမတ္ထတရား ၄–ပါးတို့၏ အဓိပ္ပါယ်

အာရုံကို သိတတ်သောကြောင့် စိတ်မည်၏။

စိတ်၌ ယှဉ်တတ်သောကြောင့် စေတသိက်မည်၏။

အချမ်း,အပူ အစရှိသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏။

http://www.dhammadownload.com



ဘဝကြီး, ဘဝငယ်ကို ချုပ်တတ်, မြေးယှက်တတ်သည့် အတွက် ဝါနပဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်မည်၏။ (၁၃၆၄–ခု အကြီးတန်း)

## ❐ အဘိဓမ္မတ္ထတရားတွင် ပညတ်ပါဝင်

ပညတ္တိနာမရူပါနံ, ဝသေန တိဝိဓာ ဌိတာ–ကို ထောက်၍ အဘိဓမ္မတ္ထတရားတွင် ပညတ်ပါဝင်ပါသည်။ (၁၃၅၇–ခု အကြီးတန်း)

## ❐ တတ္ထ ဝုတ္တာဘိ ဓမ္မတ္ထာ–၌ အဘိဓမ္မတ္ထ–အရ

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်၊ သာဓကေ– တတ္ထ ဝုတ္တာဘိ ဓမ္မတ္ထာ စတုဓာ ပရမတ္ထတော

စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာန မိတိ သဗ္ဗထာ။

ပညတ္တိ နာမရူပါနံ၊ ဝသေန တိဝိဓာ ဌိတာ၊ ပစ္စယာ နာမ ပဉ္စာနေ၊ စတုဝီသတိ သဗ္ဗထာ၊

တတ္ထ ရူပဓမ္မာ ရူပက္ခန္ဓောဝ၊ စိတ္တစေတသိက သင်္ခါတာ စတ္တာရော အရူပိနော ခန္ဓာ နိဗ္ဗာနဉ္စေတိ ပဉ္စဝိဓမ္ပိ ရူပဉ္စ နာမဉ္စ စ ပဝုစ္စတိ။ တတော အဝသေသာ ပညတ္တိ ပန ပညာပိယတ္တာ ပညတ္တိ, ပညာပနတော ပညတ္တိ စ ဒုဝိဓာ ဟောတိ။ (၁၃၄၈–ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ အဘိဓမ္မတ္ထ– အရ

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်
သာရက– စတုဓာ ပရမတ္ထတော။
စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ။

(၁၃၆၃–ခု အငယ်တန်း)

## ❐ အဘိဓမ္မာဟူသည်

ပညတ်မှ သီးခြားထုတ်ယူအပ်သော မြတ်သော အနက်၏အဖြစ်ကြောင့် ထူးခြားသော သဘောတရားသည် အဘိဓမ္မာ မည်ပါသည်။ (၁၃၆၁–ခု အလတ်တန်း)

## ❐ အဝိပရီတနှင့် ရုပ္ပနသဘော

ပင်ကိုယ်သဘော၏ မဖောက်ပြန်ခြင်းသည် အဝိပရီတ မည်၏။ သန္တိပညတ်၏ ဖောက်ပြန်ခြင်းသည် ရုပ္ပနမည်၏။

## ရှင်းလင်းချက်

အပူရုပ်အစဉ်ဟူသော သန္တတိပညတ်မှ အအေးရုပ်အစဉ် ဟူသော သန္တတိပညတ်တစ်ခုသို့ ပြောင်းလွဲမှုကို ရုပ္ပန (ဖောက်ပြန်မှု) ဟု ခေါ်၏။

http://www.dhammadownload.com



ထိုကဲ့သို့ သန္တတိပညတ် ပြောင်းလွဲသော်လည်း ပင်ကိုယ်သဘောမှာကား မပြောင်းလဲကြ၊ အပူရုပ်အစဉ်မှာ ပါသော ပထဝီဓာတ်သည်လည်း ကက္ခဠ သဘောရှိ၏၊ အအေးရုပ်အစဉ်မှာ ပါသည့် ပထဝီဓာတ်သည်လည်း ကက္ခဠ သဘောပင် ရှိ၍ ပင်ကိုယ်သဘောလက္ခဏာမှ မပြောင်းလွဲသည်ကို အဝိပရိတ (မဖောက်ပြန်) ဟု ဆိုသည်။ (၁၃၃၁–ခု အကြီးတန်း)

## ဖောက်ပြန်ဟူသည်

အချမ်း, အပူစသော ဆန့်ကျင်ဘက်အကြောင်း ကြောင့် ဖောက်ပြန်ခြင်းသို့ ရောက်ခြင်းကို ဖောက်ပြန်မှုဟု ဆိုသည်။ (၁၃၆၃–ခု အငယ်တန်း၊ ၆၂– အကြီးတန်း)

## ရုပ်၏ ဖောက်ပြန်ပုံ

သီတ အစရှိသော ဆန့်ကျင်ဘက်အကြောင်းတို့ ပေါင်းစုံ ညီညွတ်ခြင်းရှိခဲ့သော် ရှေ့ရုပ်အစဉ်နှင့် မတူသော နောက်ရုပ်အစဉ်၏ ဖြစ်ခြင်းကို ဖော်ပြန်သည်ဟု ခေါ်သည်။ (၁၃၃၃–ခု အလတ်တန်း)

http://www.dhammadownload.com



**❒ အချမ်း, အပူ စသော ဆန့်ကျင်ဘက် သဘောတရားများ မရှိသော ရူပဗြဟ္မာဘုံ၌ဖြစ်သော ရုပ်များ ရုပ်မည်ပုံ**

ရူပဗြဟ္မာဘုံ၌ နှိပ်စက်ဖောက်ပြန်တတ်သော သီတစသည် မရှိသော်လည်း ချီးမြှောက်ထောက်ပံ့တတ်သော သီတစသည် တို့ကြောင့် ဖောက်ပြန် တတ်သောကြောင့် လည်းကောင်း၊ ရုပ္ပနသဘောကို မလွန်ဆန်နိုင်သောကြောင့် လည်းကောင်း ရုပ်မည်၏။ (၁၃၃၄–ခု အလတ်တန်း)

**❒ နာမ်တရားများ ဖောက်ပြန်ကြပါလျက် ရုပ်ဟုမခေါ်ခြင်း အကြောင်း–**

အချမ်း, အပူ စသော ဆန့်ကျင်ဘက်အကြောင်းတို့ ကြောင့် ထင်ရှားသော ဖောက်ပြန်မှုကိုသာ လိုအပ်သော ကြောင့် ဖောက်ပြန်သော နာမ်တရားတို့ ရုပ် အမည်မရပါ။ (၁၃၆၃– အငယ်တန်း)

**❒ ရုပ်–အရ နာမ်တရားများကို မကောက်ရခြင်းအကြောင်း**

အထူးထင်ရှားသော ဖောက်ပြန်မှုကိုသာလျှင် အလိုရှိအပ် သောကြောင့် ရုပ်–အရ နာမ်တရားများကို မကောက်ရပါ။ (၁၃၆၁– အငယ်တန်း)

http://www.dhammadownload.com



## ❑ အမှန်ရှိလျက် ဖောက်ပြန်တတ်သောတရား

ရုပ်တရား

## ❑ အမှန်ရှိလျက် မဖောက်ပြန်တတ်သော တရား

စိတ်, စေတသိက်, နိဗ္ဗာန် (၁၃၆၁-အငယ်တန်း)

## ❑ နိဗ္ဗာန် အဓိပ္ပါယ်

ဘဝကြီး, ငယ် အသွယ်သွယ်ကို ချုပ်စပ်တတ်သော ဝါနဟုဆိုအပ်သောတဏှာမှ ထွက်မြောက်တတ်သောကြောင့် လည်းကောင်း၊ ရာဂစသား ၁၁-ပါးသော မီးတို့၏ 'ချုပ်ငြိမ်းကြောင်းဖြစ်သောကြောင့် လည်းကောင်း နိဗ္ဗာန်မည်ပါသည်။ (၁၃၃၄-ခု အငယ်တန်း)

## ❑ စိတ္တံ၏ ဝိဂ္ဂဟ ၃-မျိုး

အာရမ္မဏံ စိန္တေတီတိ ဝိဇာနာတီတိ စိတ္တံ (ကတ္တုသာဓန)

စိန္တေန္တိ ဧတေန ကရဏဘူတေန သမ္ပယုတ္တဓမ္မာတိ စိတ္တံ (ကရဏသာဓန)

စိန္တနမတ္တံ စိတ္တံ (ဘာဝသာဓန)(၁၃၃၇- အကြီးတန်း)

http://www.dhammadownload.com



## ❐ ဝိဂ္ဂဟများ အဓိပ္ပါယ်

ကတ္တုသာဓန, ကရဏသာဓနတို့ဖြင့် ပရမတ္ထဓမ္မမှ လွတ်သော ကတ္တား, ကရိုဏ်းမည်သည် မရှိဟု ပြပါသည်။

ဘာဝသာဓနဖြင့် ပရမတ္ထသဘောတရားတို့ မည်သည် အကြောင်းပစ္စည်းအားလျော်စွာဖြစ်ခြင်း သဘောမျှသာတည်းဟု သိစေပါသည်။

(၁၃၃၇–ခု အကြီးတန်း)

## ❐ ကာမာဝစရ–၌ ကာမအဓိပ္ပါယ်

အလိုရှိတတ်သောကြောင့် ကာမတဏှာသည် ကာမ မည်၏။

အလိုရှိအပ်သောကြောင့် ကာမ (၁၁) ဘုံသည် ကာမ မည်၏။ (၁၃၆၂– အကြီးတန်း)

## ❐ မဂ်, ဖိုလ်, နိဗ္ဗာန်တို့၏ လောကုတ္တရာမည်ပုံ

မဂ်သည် ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော လောကမှ အာသဝေါတရားတို့၏ အာရုံမဟုတ်သောအားဖြင့် လွန်မြောက်တတ်သောကြောင့် လောကုတ္တရာ မည်ပါသည်။

http://www.dhammadownload.com



ဖိုလ်သည် ဥပါဒါနက္ခန္ဓာ ဟုဆိုအပ်သော လောကမှ အာသဝေါတရားတို့၏ အာရုံမဟုတ်သောအားဖြင့် လွန်မြောက်ပြီးဖြစ်သောကြောင့် လောကုတ္တရာ မည်ပါသည်။

မဂ်, ဖိုလ်, နိဗ္ဗာန်တို့သည် ဆိုခဲ့ပြီးသည့် ဂုဏ်၏ အစွမ်းအားဖြင့် လောကထက် လွန်ကဲသောကြောင့် လောကုတ္တရာ မည်ကြပါသည်။

(၁၃၃၇–ခု အကြီးတန်း၊ ၆၁–ခု အလတ်တန်း)

## ❐ လောကုတ္တရာစိတ် လောကုတ္တရာမည်ပုံ

လောကုတ္တရာစိတ်သည် ဥပါဒါနက္ခန္ဓာ ဟူသော လောကမှ အနာသဝအဖြစ်ဖြင့် ထွက်မြောက်တတ်သောကြောင့် လောကုတ္တရာ မည်သည်။ (၁၃၃၁–ခု အကြီးတန်း)

## ❐ လောကုတ္တရံ–၌ လောက–အရ

ဥပါဒါနက္ခန္ဓာ ငါး

## ❐ လောကုတ္တရဓမ္မတိ–၌ လောကစသည်အရ

လောကအရ– ဥပါဒါနက္ခန္ဓာ။

ဥတ္တရအရ– မဂ်စိတ်, ဖိုလ်စိတ်, နိဗ္ဗာန်။

(၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com


### ❐ လောကီကုသိုလ်တို့ လောကုတ္တရာ မမည်ခြင်း

လောကီကုသိုလ်တို့သည် အာသဝေါတရားတို့၏ အာရုံ ပြုရာဖြစ်သောကြောင့်လည်းကောင်း၊ ဥပါဒါနက္ခန္ဓာ ဟူသော လောကမှ အနာသဝအဖြစ်ဖြင့် မလွန်မြောက် သောကြောင့် လည်းကောင်း လောကုတ္တရာ မမည်ကြပါ။

## အကုသိုလ်စိတ်

### ❐ အကုသိုလ်စိတ်ကို ရှေးဦးစွာ ဆိုခြင်းအကြောင်း

ဘဝတို့၌ ပဋိသန္ဓေနေသော သတ္တဝါတို့အား ဝီထိ စိတ်၏အစွမ်းအားဖြင့် ဘဝနိကန္တိက လောဘဇောဟု ဆိုအပ်သော အကုသိုလ်စိတ်သာ ရှေးဦးစွာ ဖြစ်သော ကြောင့် အကုသိုလ်စိတ်ကို ရှေးဦးစွာ ဆိုသည်။

(၁၃၃၇-ခု အလတ်တန်း)

### ❐ အကုသိုလ်အမည်ရခြင်း အကြောင်း

မိတ်ဆွေ၏ ဆန့်ကျင်ဘက်ရန်သူကို အမိတ္တဟု ဆိုသကဲ့သို့ ပယ်တတ်သောကုသိုလ်၏ အပယ်ခံအဖြစ်ဖြင့် ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အကုသိုလ် မည်ပါသည်။ (၁၃၆၃-ခု အငယ်တန်း၊ ၁၃၄၀-ခု အလတ်တန်း)

http://www.dhammadownload.com



❒ **အကုသိုလ်စိတ်တို့တွင် လောဘမူစိတ်ကို ရှေးဦးစွာ ပြဆိုရခြင်းအကြောင်း**

ထိုထိုဘုံဘဝတို့၌ ပဋိသန္ဓေနေသော သတ္တဝါအား အစဦးဆုံး ဝီထိစိတ်၏အစွမ်းဖြင့် လောဘမူစိတ်တို့သာ ဖြစ်သင့်သောကြောင့် အကုသိုလ်စိတ်၌ လောဘမူစိတ်ကို ရှေးဦးစွာ ပြဆိုရခြင်း ဖြစ်ပါသည်။

(၁၃၅၁–ခု, ၆၄–ခု အငယ်တန်း)

❒ **ဝမ်းမြောက်မှုလည်း မရှိ, ဒိဋ္ဌိနှင့်လည်း မယှဉ်, တိုက်တွန်းမှုလည်း မပါသော လောဘမူစိတ် အကုသိုလ်တွင် ပါဝင်ရခြင်း အကြောင်း**

လောဘနှင့်ယှဉ်၍ လောဘမူလရှိသောကြောင့် အကုသိုလ် စာရင်းတွင် ပါဝင်နေသည်။

သာဓက– ဣမာနိ အဋ္ဌပိ လောဘသဟဂတစိတ္တာနိ နာမ၊ အဋ္ဌဓာ လောဘမူလာနိ။

(တစ်နည်း) မောဟ, အဟိရိက, အနောတ္တပ္ပတို့နှင့် ယှဉ်တွဲရခြင်းကြောင့် အကုသိုလ်စာရင်းတွင် ပါဝင်နေသည်။

သာဓက သဗ္ဗာပုညေသု စတ္တာရော၊

(၁၃၄၈–ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ လောဘမူ ပထမစိတ်ဖြစ်ပုံ

'ကာမဂုဏ်တို့၌ အပြစ်မရှိ' ဤသို့ စသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ ဝမ်းမြောက်နှစ်သက်စွာဖြင့် ထက်သန်စွာ ကာမဂုဏ်တို့ကို သုံးဆောင်သောအခါ၌ လည်းကောင်း၊ ဒိဋ္ဌမင်္ဂလာ စသည်ကို အနှစ်သာရအားဖြင့် ယုံကြည်လျက် သဘောအားဖြင့် တပ်မက်သည်သာလျှင် ဖြစ်သော တိုက်တွန်းမှုရှိသောစိတ်ဖြင့် ကာမဂုဏ်တို့ကို သုံးဆောင်ခံစားသောအခါ၌ လည်းကောင်း လောဘမူ ပထမစိတ် ဖြစ်သည်။ (၁၃၆၃-ခု အငယ်တန်း)

## ❐ ရွှေကျိုးသာသည်ကို ကြားရသဖြင့် လာဘ်ရလိမ့်မည်ဟု သဘောအားဖြင့် ထက်မြက် သူတစ်ပါးတို့ စွက်ဖက်မှု မပါဘဲ ယုံကြည်ဝမ်းသာနေသူ၏ သန္တာန်၌ဖြစ်သောစိတ်

သောမနဿ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် (လောဘမူ ပထမစိတ်) (၁၃၄၀-ခု အလတ်တန်း)

## ❐ မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်းတရားများ

အယူဖောက်ပြန်သူကို မှီဝဲခြင်း၊ သဿတ, ဥစ္ဆေဒ အယူဓာတ်ခံရှိခြင်းတို့သည် ဒိဋ္ဌိဖြစ်ကြောင်း တရားများ ဖြစ်ပါသည်။

(၁၃၅၃-ခု, ၆၁-ခု, အငယ်တန်း၊ ၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ အကုသိုလ် သောမနဿ ဖြစ်ကြောင်းများ

၁။ သဘာဝပရိကပ္ပ ဣဋ္ဌာရုံဖြစ်ခြင်း၊
၂။ သောမနဿ ပဋိသန္ဓေနေခြင်း၊
၃။ မနက်နဲသော သဘောရှိခြင်း၊

(၁၃၃၉-ခု အလတ်တန်း)

**(ဆောင်)** သဘာဝပရိကပ်၊ နှစ်ဣဋ္ဌပ်နှင့်၊ သောမနသ်မည်၊ သန္ဓေတည်လျက်၊ မလေးနက်ငြား၊ သဘောထား၊ သုံးပါး သောမနဖြစ်ကြောင်းတည်း။

## ❒ ဥပေက္ခာဖြစ်ကြောင်း ၃-ပါး

၁။ ဣဋ္ဌမဇ္ဈတ္တာရုံနှင့် တွေ့ကြုံခြင်း၊ ၂။ ဥပေက္ခာနှင့် ပဋိသန္ဓေနေခြင်း၊ ၃။ နက်နဲသော သဘောရှိခြင်း။

(၁၃၆၄-ခု အကြီးတန်း)

**(ဆောင်)** ဣဋ္ဌမဇ္ဈာ၊ ဥပေက္ခာဖြင့်၊ ကောင်းစွာသန္ဓေ၊ စွဲကပ်လေ၍၊ စိတ်နေလေးနက်၊ ဤသုံးချက်၊ ဥပေက္ခာ ဖြစ်ကြောင်းတည်း။

## ❒ ဗုဒ္ဓဘာသာ အယူသာ မှန်၏ဟု စွဲလမ်းမှု

မှားသောအယူကိုယူလျက် စွဲလမ်းရာ၌သာ ဒိဋ္ဌိဖြစ်သည်။ ဗုဒ္ဓဘာသာအယူသည် မှားသောအယူမဟုတ်ခြင်းကြောင့် ဗုဒ္ဓဘာသာအယူသာမှန်၏ဟု စွဲလမ်းရာ၌ ဒိဋ္ဌိ မဖြစ်။ (၁၃၆၃- အကြီးတန်း)

http://www.dhammadownload.com



## ❒ ဒိဋ္ဌိဂတသမ္ပယုတ္တ၌ ဒိဋ္ဌိ–အရ

• အကုသိုလ်အရာဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိကို ယူရမည်။ (၁၃၃၇–ခု၊ ၆၁–ခု အငယ်တန်း)

## ❒ ဒိဋ္ဌိဖြစ်ကြောင်းများ

အယူဖောက်ပြန်သော ပုဂ္ဂိုလ်ကို မှီဝဲခြင်း၊ သဒ္ဓါတ ဥစ္ဆေဒအယူ ရှိခြင်း၊ (၁၃၆၁–ခု အငယ်တန်း)

## ❒ ဒေါမနဿနှင့် ပဋိဃတို့အထူး

ဒေါမနဿသည် အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာ ရှိ၍ ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်ပါသည်။

ပဋိဃသည် ကြမ်းတမ်းသော သဘောရှိ၍ သင်္ခါ ရက္ခန္ဓာ၌ အကျုံးဝင်ပါသည်၊ ဤသို့ ထူးပါသည်။

(၁၃၆၁–ခု, ၆၃–ခု, ၆၄–ခု အငယ်တန်း၊ ၂၉–ခု အလတ်တန်း)

## ❒ ဒေါမနဿသဟဂုတ်–ဟု ဆိုရခြင်းအကြောင်း

အခြားသောစိတ်တို့နှင့် မဆက်ဆံသော တရား၏ အစွမ်း အားဖြင့် စိတ်ကို မှတ်လိုသောကြောင့် "ဒေါမနဿ သဟဂုတ်" ဟု ဆိုသည်။

(၁၃၅၀–ခု, ၆၁–ခု, ၆၄–ခု အငယ်တန်း၊ ၃၈–ခု အလတ်တန်း)

http://www.dhammadownload.com


## ❒ ပဋိဃသမ္ပယုတ္တံဟု ဆိုရခြင်းအကြောင်း

ဒေါသ, ပဋိဃနှစ်ပါးတို့ စင်စစ် အတူတကွ ဖြစ်သည်ကို ပြလိုသောကြောင့် "ပဋိဃသမ္ပယုတ္တံ" ဟု ဆိုသည်။ (၁၃၂၉-ခု, ၃၈-ခု အလတ်တန်း)

## ❒ ဒေါသ၏ ပဋိဃဖြစ်ပုံ

ဒေါသဖြစ်သောအခါ တစ်ဖက်သား (အာရုံ) ကို စားမတတ်၊ ဝါးမတတ် ကြည့်ရှုတတ်, ကြိမ်းမောင်းဆဲဆိုတတ်, ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကားတတ်သည်။ ထိုသို့ဖြစ်ရခြင်းသည် ဒေါသအရင်းခံကြောင့် ဖြစ်ရသည့်အတွက် ဒေါသကို လည်း ဌာနူပစာအားဖြင့် ပဋိဃ (ထိခိုက်တတ်) ဟု ဆိုသည်။

(၁၃၃၂-ခု အကြီးတန်း)

## ❒ လောဘမူ၌ယှဉ်သော မောဟနှင့် မောဟမူ၌ယှဉ်သော မောဟတို့ အထူး

လောဘမူစိတ်၌ယှဉ်သော မောဟသည် လောဘ ဟူသော ယှဉ်ဖက်ဟိတ်တစ်ပါးရှိ၍ လွတ်လွတ်လပ်လပ် တွေဝေခွင့်မရ၊ တွေဝေရုံမျှသာ ဖြစ်သည်။

မောဟမူ၌ယှဉ်သော မောဟကား ယှဉ်ဖက်ဟိတ် တစ်ပါးမှ မရှိ၍ လွတ်လွတ်လပ်လပ်အားဖြင့် အလွန် တွေဝေသည်၊ ဤသို့ ထူးပါသည်။ (၁၃၃၉-ခု အလတ်တန်း)

http://www.dhammadownload.com



### ❒ တွေဝေမိန်းမောသောစိတ်၏ ဥပေက္ခာသဟဂုတ် ဖြစ်ရခြင်းအကြောင်း

မူလတစ်ပါးမှကင်းသဖြင့် အလွန်တွေဝေခြင်းကြောင့်လည်းကောင်း၊ ရွှင်လျားခြင်း, ပျံ့လွင့်ခြင်း၏အစွမ်းဖြင့်ဖြစ်သော ဝိစိကိစ္ဆာ, ဥဒ္ဓစ္စတို့နှင့် ယှဉ်သဖြင့် တုန်လှုပ်ခြင်းကြောင့်လည်းကောင်း အားလုံးသောအာရုံတို့၌ တပ်မက်ခြင်း, ပြစ်မှားခြင်းမှ ကင်းခြင်း ဖြစ်ပါသည်။

(၁၃၅၂–ခု အငယ်တန်း)

### ❒ ဥဒ္ဓစ္စသမ္ပယုတ္တ–ကို ဝိသေသန မ၍ ဥပေက္ခာသဟဂတ်–ဟု ဆိုရခြင်းအကြောင်း

မူလတစ်ပါးကင်းသဖြင့် အလွန်တွေဝေခြင်းကြောင့်လည်းကောင်း၊ ပျံ့လွင့်ခြင်း၏ အစွမ်းအားဖြင့်ဖြစ်သော ဥဒ္ဓစ္စနှင့် ယှဉ်သည့်အတွက် အလွန်တုန်လှုပ်ခြင်းကြောင့်လည်းကောင်း တပ်ခြင်းပြစ်မှားခြင်းကင်းသည်။ ထို့ကြောင့် ဥပေက္ခာသဟဂတ် ဟု ဝိသေသန မ၍ ဆိုပါသည်။

### ❒ မောဟမူဒွေး၌ သင်္ခါရအပြား မရှိခြင်းအကြောင်း

ဝိစိကိစ္ဆာ, ဥဒ္ဓစ္စတို့သည် ယုံမှားသံသယဖြစ်ခြင်း၊ တုန်လှုပ်ခြင်း သဘောရှိသည်ဖြစ်၍ သဘောအားဖြင့် ထက်သည်၏အဖြစ် အားထုတ်အပ်သည်၏အဖြစ် သဘောမရှိသောကြောင့် မောဟမူဒွေး၌ သင်္ခါရအပြား မရှိပါ။

(၁၃၆၁–ခု အငယ်တန်း)

http://www.dhammadownload.com



## ❒ ဥဒ္ဓစ္စသည် အကုသိုလ်စိတ်အားလုံးနှင့် ယှဉ်ပါလျက် နောက်ဆုံးစိတ်ကိုသာ ဥဒ္ဓစ္စသမ္ပယုတ္တံဟု ဝိသေသန မ,ရခြင်း အကြောင်း

နောက်ဆုံးစိတ်၌သာ အားရှိပြဋ္ဌာန်းသောကြောင့် ဤစိတ်ကိုသာ ဥဒ္ဓစ္စသမ္ပယုတ္တံဟု ဝိသေသနမ,၍ ဆိုရပါသည်။ (၁၃၃၉-ခု အငယ်တန်း)

## ❒ အကုသိုလ်စိတ်တို့တွင် (က) ဝေဒနာဒိဘေဒ (ခ) သမ္ပယောဂဘေဒ (ဂ) သင်္ခါရဘေဒစိတ်များ

(က) လောဘမူစိတ်

(ခ) မောဟမူစိတ်

(ဂ) ဒေါသမူစိတ် (၁၃၆၁-ခု အငယ်တန်း)

## ❒ စက္ခုမည်ကြောင်း

စက္ခုဝိညာဉ်၏ တည်ရာဖြစ်၍ ညီညွတ်, မညီညွတ်သည်ကို ပြောကြားသကဲ့သို့ ဖြစ်တတ်သောကြောင့် စက္ခု မည်ပါသည်။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com

# အဟိတ်စိတ်

**❒ အကုသလဝိပါက်စိတ် ၇–ပါးပြားရခြင်းအကြောင်း**

စက္ခု–အစရှိသောမှီရာ, သမ္ပဋိစ္ဆိုင်း–အစရှိသောကိစ္စတို့ကြောင့် ၇–မျိုး ပြားရသည်။ (၁၃၆၃–ခု အယေ်တန်း)

**❒ အကုသလဝိပါက်သန္တီရဏာ၌ ဝေဒနာတစ်ပါးသာ ဖြစ်ရခြင်းအကြောင်း**

အကုသလဝိပါက်စိတ်တို့သည် ထက်ဝန်းကျင်အားနည်းသောကြောင့် အနိဋ္ဌာရုံ၌လည်း ဒေါမနဿဖြစ်မှုမရှိသောကြောင့် အကုသလဝိပါက်သန္တီရဏာ၌ ဥပေက္ခာဝေဒနာတစ်ပါးသာ ရှိရသည်။ (၁၃၂၈–ခု အလတ်တန်း)

**❒ အလွန်ကောင်းသောအာရုံ၌ တွေ့ကြုံသော ပုထုဇဉ်လူသားသန္တာန်ဝယ် ဖြစ်ပေါ်လာသော (က) ကိုယ်ချမ်းသာမှု (ခ) စိတ်ချမ်းသာမှု**

(က) သုခသဟဂုတ် ကာယဝိညာဏ်စိတ်

(ခ) လောကီကုသိုလ် သောမနဿ ၈–ခု၊ သောမနဿတဒါရုံ ၅–ခု။ (၁၃၆၄–ခု အလတ်တန်း)

http://www.dhammadownload.com



## ❐ စက္ခုဝိညာဏ်စိတ် ဥပေက္ခာသာ ဖြစ်ရခြင်းအကြောင်း

ဝါဂွမ်းစုအချင်းချင်း ထိခိုက်ခြင်းသည် အလွန်အားနည်းသကဲ့သို့ ဥပါဒါရုပ် အချင်းချင်းဖြစ်သော စက္ခုဝတ္ထုနှင့် ရူပါရုံတို့၏ ထိခိုက်မှုအားနည်းခြင်းကြောင့် စက္ခုဝိညာဏ်စိတ်သည် သောမနဿ မဖြစ်ဘဲ ဥပေက္ခာသာ ဖြစ်ရသည်။ (၁၃၆၁-ခု အကြီးတန်း)

## ❐ စက္ခုဝိညာဏ်ဒွေးစသည်တို့ ဥပေက္ခာ ဝေဒနာသာ ဖြစ်ရခြင်းအကြောင်း

ဝတ္ထုအာရုံတို့၏ ထိခိုက်မှုအားနည်းခြင်းကြောင့် ဥပေက္ခာ ဝေဒနာချည်းသာ ဖြစ်ရသည်။

(၁၃၆၁-ခု, ၆၄-ခု အငယ်တန်း)

## ❐ စက္ခုဝိညာဏ်စသော စိတ် ၄-ပါးတို့ဖြစ်ရာ၌ ဝတ္ထုအာရုံတို့ အချင်းချင်း ထိခိုက်မှုအားနည်းခြင်းအကြောင်း

စက္ခုဝိညာဏ် စသည်တို့၏ မှီရာ စက္ခုပသာဒရုပ် စသည်တို့သည် လည်းကောင်း၊ စက္ခုဝိညာဏ် စသည်တို့၏ အာရုံဖြစ်သော ရူပါရုံစသည်တို့သည်လည်းကောင်း ဥပါဒါရုပ်ချည်းသာ ဖြစ်ကြသည်။ ဝါဂွမ်း ဆိုင်အချင်းချင်း ထိခိုက်ရာ၌ အားနည်းသကဲ့သို့ ဥပါဒါရုပ် အချင်းချင်း ဖြစ်သောကြောင့် ထိခိုက်ရာ၌လည်း အားနည်းသည်။

(၁၃၆၄-ခု အငယ်တန်း)

http://www.dhammadownload.com



### ❑ သောတဝိညာဏ်ဒွေး ဥပေက္ခာသာ ဖြစ်ရခြင်းအကြောင်း

ဝတ္ထု,အာရုံတို့၏ ထိခိုက်မှုအားနည်းသည့်၏ အဖြစ်ကြောင့် သောတဝိညာဏ်သည် ဥပေက္ခာသာ ဖြစ်ရသည်။ (၁၃၂၅–ခု အလတ်တန်း၊ ၆၃–ခု အငယ်တန်း)

### ❑ ကာယဝိညာဏ်ဒွေး ဥပေက္ခာသဟဂုတ်မဖြစ်ဘဲ ဒုက္ခ, သုခသဟဂုတ်ဖြစ်ရခြင်းအကြောင်း

ဝတ္ထုအာရုံတို့၏ ထိခိုက်မှုအားကြီးသောကြောင့် ကာယဝိညာဏ်သည် ဥပေက္ခာသဟဂုတ်မဖြစ်ဘဲ အနိဋ္ဌာရုံ၌ ဒုက္ခသဟဂုတ်၊ ဣဋ္ဌာရုံ၌ သုခသဟဂုတ် ဖြစ်ရသည်။ (၁၃၆၁–ခု၊ ၆၃–ခု အငယ်တန်း)

### ❑ ဒွိပဉ္စဝိညာဏ်ဒွေးဟုခေါ်ခြင်းအကြောင်း

အကုသလဝိပါက်ဒွိပဉ္စဝိညာဏ်, အဟိတ်ကုသလဝိပါက် ဒွိပဉ္စဝိညာဏ်အားဖြင့် ၂–ပါးရှိသောကြောင့် ဒွိပဉ္စဝိညာဏ်ဒွေးဟု ခေါ်သည်။

### ❑ ကုသလဝိပါက်သန္တီရဏ၌ ဝေဒနာ (၂) ပါး ဖြစ်ရခြင်း အကြောင်း

ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံတို့၏ အစွမ်းအားဖြင့် ဝေဒနာအပြားဖြစ်သင့်သောကြောင့် ကုသလဝိပါက် သန္တီ

http://www.dhammadownload.com



ရဏာ၌ သောမနဿ, ဥပေက္ခာဝေဒနာ ၂–ပါး ရှိရသည်။
(၁၃၂၈–ခု အလတ်တန်း၊ ၃၇–ခု အငယ်တန်း)

### ❒ အဟိတ်ကုသလဝိပါက်စိတ်၌ သန္တီရဏ ၂–ပါး ဆိုရခြင်း အကြောင်း

ဣဋ္ဌာရုံ၌ သောမနဿဝေဒနာ, ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာဝေဒနာ, ဤသို့ ဝေဒနာအပြား ဖြစ်သင့်သော ကြောင့် အဟိတ်ကုသလဝိပါက်စိတ်၌ သန္တီရဏစိတ် ၂–ပါး ခွဲခြားဆိုရသည်။ (၁၃၆၁–ခု အငယ်တန်း)

### ❒ ကုသလဝိပါက်သန္တီရဏကို နှစ်ပါးခွဲဆိုရခြင်းအကြောင်း

တူသောမိုရာရှိသော သမ္ပဋိစ္ဆိုင်းစိတ်မှ အာသေဝန ပစ္စည်းကိုရ၍ အားရှိသောကြောင့် ကုသလဝိပါက် သန္တီ ရဏာသည် ဣဋ္ဌာရုံ၌ သောမနဿ, ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာ ဖြစ်ရသည်။ (၁၃၆၄–ခု အငယ်တန်း)

### ❒ အသောဘနစိတ် ၁၀–ပါးတို့တွင် (က) ဝေဒနာသာဒိစိတ် (ခ)သင်္ခါရသာဒိစိတ် (ဂ) ဇာတိသာဒိစိတ်တို့ကို ရေတွက်ပုံ

(က) သုခဝေဒနာစိတ် ၁–ပါး၊ ဒုက္ခဝေဒနာစိတ် ၁–ပါး
ဒေါမနဿ ဝေဒနာစိတ် ၂–ပါး

http://www.dhammadownload.com



သောမနဿဝေဒနာစိတ် ၆-ပါး

ဥပေက္ခာ ဝေဒနာစိတ် ၂၀-ပါးအားဖြင့် ၃၀-ပါးဖြစ်သည်။

(ခ) အသင်္ခါရိကစိတ် ၅-ပါး၊

သသင်္ခါရိကစိတ် ၅-ပါး၊

သင်္ခါရဝိမုတ်စိတ် ၂၀-ပါး အားဖြင့် ၃၀-ပါးဖြစ်သည်။

(ဂ) အကုသိုလ်စိတ် ၁၂-ပါး၊ ဝိပါက်စိတ် ၁၅-ပါး

ကြိယာစိတ် ၃-ပါးဖြင့် ၃၀-ပါး ဖြစ်သည်။

(၁၃၆၀-ခု အခြေပြုတန်း)

## ❑ အသောဘဏစိတ်များ

အကုသိုလ်စိတ် ၁၂-ပါး

အဟိတ်စိတ် ၁၈-ပါး

(၁၃၄၈-ခု အခြေပြုတန်း)

❑ **မတင့်တယ်သော်လည်း အကုသိုလ်မဟုတ်သောစိတ်**

အဟိတ်စိတ်။

❑ **တင့်တယ်သော်လည်း ကုသိုလ်မဟုတ်သောစိတ်**

ဝိပါက်, ကြိယာစိတ်။ (၁၃၆၁-ခု အလတ်တန်း)

http://www.dhammadownload.com



### ❒ အဘယ်ကြောင့် အဘယ်ကို ပါပ

မိမိကိန်းရာသတ္တဝါကို အပါယ်စသည်သို့ ရောက်စေတတ်သောကြောင့် အကုသိုလ်စိတ် ၁၂–ပါးသည် ပါပမည်ပါသည်။ (၁၃၃၇–ခု၊ ၁၃၄၈–ခု အငယ်တန်း)

### ❒ သောဘနစိတ်ဟု ခေါ်ဆိုရခြင်း အကြောင်း

တင့်တယ်သောဂုဏ်ကို ဆောင်တတ်သောကြောင့် လည်းကောင်း၊ အလောဘ အစရှိသော အပြစ်ကင်းသော ဟိတ်တို့နှင့် ယှဉ်ခြင်းကြောင့် လည်းကောင်း သောဘနစိတ် မည်ပါသည်။ (၁၃၆၄–ခု အငယ်တန်း)

## ကာမာဝစရသောဘနစိတ်

### ❒ သောဘနစိတ်တို့ ရေတွက်ပုံ

ကာမာဝစရသောဘနစိတ် ၂၄၊ မဟဂ္ဂုတ်စိတ် ၂၇၊ လောကုတ္တရာအကျယ် ၄၀၊ ပေါင်း ၉၁။

(၁၃၆၃–ခု အငယ်တန်း)

### ❒ ကုသိုလ်, အကုသိုလ်တို့ အမည်အရင်း

သဒ္ဒါစသော စေတသိက်များသည် မုချအားဖြင့် ကုသိုလ်မည်၏၊ မောဟစသောစေတသိက်များသည်

http://www.dhammadownload.com



မုချအားဖြင့် အကုသိုလ်မည်၏။ သဒ္ဓါစသောကုသိုလ်စေတသိက်များနှင့် ယှဉ်သောကြောင့် စိတ်သည်လည်းကုသိုလ်စိတ်အမည်ရသည်။

မောဟစသော အကုသိုလ်စေတသိက်များနှင့်ယှဉ်သောကြောင့် စိတ်သည်လည်း ကုသိုလ်စိတ်အမည်ရပါသည်။ (၁၃၃၂-ခု အကြိုးတန်း)

## ❒ မဟာကုသိုလ်ပထမစိတ်ဖြစ်ပေါ်အောင် ပြုလုပ်ပုံ

လှူဖွယ်ပစ္စည်း, အလှူခံပုဂ္ဂိုလ်စသည်တို့၏ ပြည့်စုံမှုကိုလည်းကောင်း၊ အခြားသော သောမနဿဖြစ်ကြောင်းကိုလည်းကောင်း အစွဲပြု၍ ဝမ်းမြောက်ဝမ်းသာ "အလှူ၏အကျိုးသည် ဖြစ်၏" စသောနည်းဖြင့်ဖြစ်သော သမ္မာဒိဋ္ဌိကို ရှေ့သွားပြုလျက် လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲခြင်း စသည်တို့၏ အစွမ်းဖြင့် တွန့်တိုမှု မရှိ၊ သူတစ်ပါးတို့ တိုက်တွန်းမှုလဲ မရှိဘဲ ဒါနသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်နိုင်လျှင် မဟာကုသိုလ် ပထမစိတ် ဖြစ်ပေါ်လာပါသည်။ (၁၃၃၃-ခု အငယ်တန်း၊ ၁၃၆၁-ခု အလတ်တန်း)

http://www.dhammadownload.com


❐ **ဝိဝိတဒါန သံဃာဆေးရုံအတွက် ငွေလှူဒါန်းပြီး စိတ်ကြည်လင်နေသူ၏ သန္တာန်၌ဖြစ်သော စေတသိက်နှင့်စိတ်**

သဒ္ဓါစေတသိက်။

မဟာကုသိုလ်စိတ် (၈)ပါး။

❐ **သူတပါးတိုက်တွန်းမှုမပါဘဲ ဝမ်းမြောက်ဝမ်းသာ ဉာဏ်ပါပါဖြင့် ဘုရားရှင်အား ဆွမ်းတော်ကပ်ရာ၌ ဖြစ်သင့်သော ကုသိုလ်စိတ်**

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်။ (၁၃၆၁-ခု အလတ်တန်း)

❐ **ကိုယ်ပိုင်အသိဉာဏ် ကိုယ်ပိုင်လုပ်အားဖြင့် တက်တက်ကြွကြွ တံတားခင်းနေသော ကာယဉာဏ လုပ်သားကြီး၏ သန္တာန်၌ ဖြစ်သောစိတ်**

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်။ (၁၃၆၁-အကြီးတန်း)

❐ **မိခင်ဆွမ်းလောင်းသည်ကို မြင်၍ အတုမြင်အတတ်သင်ကာ ဝမ်းသာစွာ ဆွမ်းလောင်းသော ကလေး၏သန္တာန်၌ ဖြစ်သောစိတ်**

သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်။ (၁၃၄၆-ခု အငယ်တန်း)

http://www.dhammadownload.com


**❐ မိမိအသိဖြင့် တက်ကြွစွာ ကျောင်းသန့်ရှင်းရေးလုပ်နေသော ကိုရင့်သန္တာန်၌ ဖြစ်သော စိတ်နှင့် စေတသိက်များ**

သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်နှင့် စေတသိက် ၃၃–ပါး။

(၁၃၄၇–ခု အငယ်တန်း)

**❐ ဝမ်းမြောက်စွာ အသိဉာဏ် ဦးစီးပြီး သူတပါးတို့တွန်းမှု မပါဘဲ ဘုရားရှိခိုးနေသော ပုထုဇ္ဇဉ်ဒကာမကြီး သန္တာန်၌ ဖြစ်ပေါ် နေသော စိတ်**

သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပထမမဟာကုသိုလ်စိတ်။ (၁၃၆၂–ခု, ၆၄–ခု အကြီးတန်း)

**❐ လေးစားသူအား ဖြစ်သောကုသိုလ်စိတ်**

မဟာကုသိုလ်စိတ် ဖြစ်ပါသည်။

(၁၃၆၀–ခု အကြီးတန်း)

**❐ မဟာကုသိုလ်စိတ်ပေါင်း အာစရိယဗုဒ္ဓဒတ္တမထေရ်အလို**

၁၇၂၈၀–ပါး။ (၁၃၆၄–ခု အကြီးတန်း)

**❐ ဉာဏဆောဒမဟာကုသိုလ်စိတ်**

သောမနဿ ဉာဏသမ္ပယုတ် ၂–ပါး
ဥပေက္ခာ ဉာဏသမ္ပယုတ် ၂–ပါး

http://www.dhammadownload.com



ပေါင်း ၄-ပါး
ဖြစ်ပါသည်။

(၁၃၆၁-ခု အကြီးတန်း)

## ❒ ဉာဏသမ္ပယုတ်ဖြစ်ရန် လိုအပ်သောအင်္ဂါရပ်များ

၁။ ပညာကို ဖြစ်စေတတ်သော ကံကိုဆည်းပူးခြင်း၊

၂။ အနှောင့်အယှက်ကင်းသော ဗြဟ္မာဘုံ၌ဖြစ်ခြင်း၊

၃။ ဣန္ဒြေရင့်ကျက်ခြင်း၊

၄။ ကိလေသာတို့မှ ဝေးခြင်း၊

**(ဆောင်)** ရှေးကပညာ၊ ထက်ဖို့ရာဟု၊ ကုသိုလ်ပြုခဲ့၊ ယခုရူပ၊ ဘုံဌာန၌၊ ဖြစ်ရပြန်ပေ၊ ပညိန္ဒြေထောက်၊ ရင့်ချိန်ရောက်လာ၊ ဘာဝနာစွမ်း၊ ကိလေခန်းဘိ၊ တိဟိတ်သန္ဓေ၊ စွဲကပ်နေသည်၊ ဉာဏ်ရွှေစိန်စက် ထက်ကြောင်းတည်း။

(၁၃၄၇-ခု အငယ်တန်း၊ ၅၁-ခု အငယ်တန်း၊ ၆၁-ခု အကြီးတန်း၊ ၄၁-ခု အလတ်တန်း၊ ၆၃-ခု အငယ်တန်း)

## ❒ သောမနဿဖြစ်ကြောင်းများ

၁။ အားကြီးသောသဒ္ဓါရှိခြင်း၊

၂။ ပညာအမြော်အမြင်ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊

၃။ လျှူဖွယ်ပစ္စည်း၊ အလှူခံပုဂ္ဂိုလ် စသည်တို့နှင့် ပြည့်စုံခြင်း
စသောအကြောင်းများ (၁၃၅၀-ခု အငယ်တန်း)

http://www.dhammadownload.com



**(ဆောင်)** အားကြီးသဒ္ဓါ၊ သမ္မာဒိဋ္ဌိ၊ စုံဘိပဲစွည်း၊ တစ်နည်းအလှူခံ၊ ပြည့်စုံပြန်၊ သုံးတန် သောမနဖြစ်ကြောင်းတည်း။

## ❑ ဝိပါကမည်ခြင်းအကြောင်း

ဒ ချင်း ထူးခြားသောကုသိုလ်၊ အကုသိုလ်၏ အကျိုးဖြစ်သော ကြောင့် ဝိပါက မည်ပါသည်။

(၁၃၆၄–ခု အငယ်တန်း)

## ❑ ကုသိုလ်၊ အကုသိုလ်ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့ကို ဝိပါက်ဟု မခေါ်ဝေါ်နိုင်

ဝိပါက–ဟူသော အမည်သည် ရင့်ကျက်ခြင်းသို့ ရောက်ကုန်သော နာမ်တရားတို့၏ အမည်သာဖြစ်သော ကြောင့် ကုသိုလ်၊ အကုသိုလ်ကံကြောင့်ဖြစ်သော ကမ္မဇရုပ် (ကဋတ္တာရုပ်) တို့ကို ဝိပါက်ဟု မခေါ်နိုင်ပါ။

## ❑ ကုသိုလ်၊ ဝိပါက်၊ ကြိယာအစဉ်ထားရပုံ

အဗျာကတတရားတို့သည် ကုသိုလ်သာလျှင် ရှေ့သွားရှိသောကြောင့် ကုသိုလ်ကို ရှေ့ဦးစွာပြပါသည်။

ကုသိုလ်၏ အကျိုးဖြစ်သောကြောင့် ကုသိုလ်နောင် ဝိပါက် ကိုပြပါသည်။

http://www.dhammadownload.com



ဝိပါက်နှင့် ဘုံတူသောကြောင့် ဝိပါက်နောင် ကြိယာကို ပြပါသည်။ (၁၃၃၇–ခု အလတ်တန်း)

## ကာမသောဘနစိတ် ဉာဏဘေဒမည်ပုံ

ဝပြောခြင်း, ငတ်မွတ်ခြင်း နှစ်မျိုးလုံးတို့ကို မိုးတစ်ခုတည်းကပင် ပြသကဲ့သို့ ဉာဏ်ရှိခြင်းသဘော၊ မရှိခြင်းသဘောကိုလည်း ဉာဏ်ကပင် ပြအပ်သောကြောင့် ဉာဏဘေဒဟုဆိုရသည်။ (၁၃၃၁–ခု အကြီးတန်း)

## ဝေဒနာ ဉာဏသင်္ခါရဘေဒနေ–၍ ဝေဒနာဘေဒ, ဉာဏဘေဒ, သင်္ခါရဘေဒ ဖြစ်ပုံ

ကုသိုလ်, ဝိပါက်, ကြိယာသုံးပါး၌ သောမနဿ, ဥပေက္ခာ ဝေဒနာ နှစ်ပါးစီပြားသောကြောင့် ၆–ပါး ဖြစ်ရသည်။

ထို ၆–ပါး၌ ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ် ၂–ပါးစီပြားသောကြောင့် ၁၂–ပါးဖြစ်ရသည်။

ထို၁၂–ပါး၌ အသင်္ခါရိက, သသင်္ခါရိက နှစ်ပါးစီပြားသောကြောင့် ၂၄–ပါးဖြစ်ရသည်။ (၁၃၂၃–ခု အလတ်တန်း)

## ကာမသောဘနစိတ် ၂၄–ပါးပြားရပုံ

မဟာကုသိုလ်၊ ဝိပါက်၊ ကြိယာ ၃–ပါးကို သောမနဿ၊ ဥပေက္ခာ ဝေဒနာ ၂–ပါးဖြင့် မြှောက်လျှင် ၆–

http://www.dhammadownload.com



ပါးဖြစ်သည်၊ ယင်း ၆-ပါးကိုပင် ဉာဏသမ္ပယုတ်, ဝိပ္ပယုတ် ၂-ပါးဖြင့် မြှောက်လျှင် ၁၂-ပါးဖြစ်သည်။ ယင်း ၁၂-ပါးကိုပင် အသင်္ခါရိက, သသင်္ခါရိက ၂-ပါး ဖြင့် မြှောက်လျှင် ၂၄-ပါး ဖြစ်သည်။

(၁၃၆၀-ခု အခြေပြုတန်း)

## ရူပါဝစရစိတ်မေးကွက်

### ❐ ရူပစိတ် ၅-ပါး ကွဲပြားခြင်းအကြောင်း

ဈာန်အင်္ဂါယှဉ်ပုံ ၅-မျိုးကွဲပြားခြင်းကြောင့် ရူပစိတ် ၅-မျိုးပြားသည်။ (၁၃၆၀-ခု အခြေပြုတန်း)

### ❐ ရူပကုသိုလ်စိတ် ၅-ပါးပြားရခြင်းအကြောင်း

ဈာန်အင်္ဂါယှဉ်ပုံ ငါးမျိုးကွဲပြားသည့်အတွက် ဈာန်ငါးမျိုးပြားသောကြောင့် ရူပါဝစရကုသိုလ်စိတ် ၅-ခု ကွဲပြားရပါသည်။ (၁၃၆၂-ခု အကြီးတန်း)

### ❐ ရူပစိတ် ၁၅-ပါး ပြားရခြင်းအကြောင်း

ရူပစိတ်သည် ဈာန် ၅-မျိုးပြားခြင်းကြောင့် ၅-ပါးပြား သည်။ တဖန် ကုသိုလ်, ဝိပါက်, ကြိယာ ၃-

http://www.dhammadownload.com



## ☐ ဈာနသောဒစိတ်များ

ရူပါဝစရစိတ် (လောကုတ္တရာစိတ်)

(၁၃၃၁–ခု အငယ်တန်း)

## ☐ ရူပစိတ်၌ သင်္ခါရအပြား မရှိခြင်းအကြောင်း

ရူပါဝစရစိတ်သည် သသင်္ခါရိက, အသင်္ခါရိက အပြားမှလွတ်သော သင်္ခါရဝိမုတ်ဖြစ်သောကြောင့် ရူပါဝစရစိတ်၌ သင်္ခါရ အပြားကို မဆိုပါ။

(တစ်နည်း)ရူပဈာန်သည် ပုဗ္ဗာဘိသင်္ခါရဟု ဆိုအပ်သော ရှေ့အဖို့၌ဖြစ်သော အားထုတ်ခြင်း၏ အစွမ်းကြောင့် သာလျှင် ဖြစ်ရသောကြောင့် တစ်ရံတစ်ခါမျှ အသင်္ခါရိက မဖြစ်သင့်၍ အသင်္ခါရိကဟူ၍ အထူးမဆို၊ သသင်္ခါရိက ကေန်ဖြစ်နေ၍ သသင်္ခါရိကအဖြစ် လျှဉ်းပါးဖွယ် မရှိသောကြောင့် သသင်္ခါရိကဟူ၍လည်း အထူးမဆိုပါ။

(၁၃၃၃–ခု အကြီးတန်း)

## ☐ ဈာန်အဓိပ္ပါယ်

ကသိုဏ်းအစရှိသော အာရုံကို ကပ်၍ရှုခြင်း ကိစ္စရှိသော ကြောင့်လည်းကောင်း၊ ကာမစ္ဆန္ဒစသော နီဝရဏတရားတို့၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သော ကြောင့်လည်းကောင်း ဈာန်မည်ပါသည်။

(၁၃၂၉–ခု, ၆၃–ခု အငယ်တန်း)

http://www.dhammadownload.com



### ❐ သုခသဟဂုတ် ကာယဝိညာဏ်နှင့် သုခေကဂ္ဂတာသဟိုတ်တို့၌ ပါသော သုခနှစ်ခုတို့အထူး

သုခသဟဂုတ် ကာယဝိညာဏ်-၌ သုခအရ-ကာယိက သုခဝေဒနာကို ယူရမည်။ သုခသဟဂုတ် ကာယဝိညာဏ်၌သာ ယှဉ်သည်။

သုခေကဂ္ဂတာ၌ပါသော သုခကား စေတသိကသုခဝေဒနာကို ယူရမည်။ ရူပစိတ်နှင့်ယှဉ်သော သောမနဿဝေဒနာ ဖြစ်သည်။ သောမနဿိန္ဒြေလည်း ဖြစ်သည်။ ဤသို့ထူးပါသည်။ (၁၃၆၄-ခု အကြိုးတန်း)

### ❐ ဈာန်နှင့် ဈာန်အင်္ဂါအထူး

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ၅-ပါးအပေါင်းသည် ဈာန်မည်၏။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော အစိတ်အစိတ်သည် ဈာန်အင်္ဂါမည်၏။ (၁၃၂၉-ခု အငယ်တန်း)

### ❐ ဈာန်အင်္ဂါ ၅-ပါးနှင့် ဆန့်ကျင်ဘက်များ

ဝိတက်သည် ထိနမိဒ္ဓ၏ ဆန့်ကျင်ဘက်၊ ဝိစာရသည် ဝိစိကိစ္ဆာ၏ ဆန့်ကျင်ဘက်၊ ပီတိသည် ဗျာပါဒ၏ ဆန့်ကျင်ဘက်၊ သုခသည် ဥဒ္ဓစ္စကုက္ကုစ္စ၏ ဆန့်ကျင်ဘက်၊

http://www.dhammadownload.com



သမာဓိသည် ကာမစ္ဆန္ဒ၏ ဆန့်ကျင်ဘက်။

ဝိတက္ကော ထိနမိဒ္ဓဿ၊ ဝိစိကိစ္ဆာယ ဝိစာရော။
ပီတိစာပိ ဗျာပါဒဿ၊ သုခံ ဥဒ္ဓစ္စကုက္ကုစ္စံ။
သမာဓိ ကာမစ္ဆန္ဒဿ၊ ပဋိပက္ခောတိ ပေဋကေ။

## ဝိတက်, ဝိစာရ, ဧကဂ္ဂတာတို့ ထိနမိဒ္ဓစသည်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်ရခြင်းအကြောင်း

သင့်လျော်သောအကြောင်းအားဖြင့် ကြံစည်ခြင်း၏ အစွမ်းဖြင့် လှုပ်ရှားခြင်းနှင့်တကွ ဖြစ်သောကြောင့် (ဝါ) သင့်လျော်စွာ ကြံစည်ခြင်းဖြင့် လှုပ်ရှားခြင်းနှင့်တကွ ဖြစ်သောကြောင့် ဝိတက်သည် ထိနမိဒ္ဓ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်ပါသည်။

အာရုံ၌ အဖန်ဖန်ပွတ်တိုက်ခြင်းအားဖြင့် ပညာနှင့် သဘောတူသောကြောင့် ဝိစာရသည် ဝိစိကိစ္ဆာ၏ ဖြောင့် ဖြောင့် ဆန်ကျင်ဘက်ဖြစ်ပါသည်။

ရာဂတည်းဟူသော တောင့်တခြင်း၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ဧကဂ္ဂတာသည် ကာမစ္ဆန္ဒ ၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်ပါသည်။

(၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ ဝိတက်စသော ၅–ပါးအပေါင်းကိုသာ ဈာနင်ဟုခေါ်ရခြင်းအကြောင်း

ကသိုဏ်းအစရှိသော အာရုံကို ကပ်၍ ရှုခြင်းကိစ္စရှိသောကြောင့်လည်းကောင်း၊ ကာမစ္ဆန္ဒစသော နီဝရဏတို့၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း ဝိတက်စသော ၅–ပါးကိုသာ ဈာနင်ဟု ခေါ်သည်။

(၁၃၆၄–ခု အငယ်တန်း၊ ၆၂–ခု အကြီးတန်း)

## ❒ ဈာန်၏အစိတ်အပိုင်းများ

ဝိတက်, ဝိစာရ, ပီတိ , သုခ (ဥပေက္ခာ), ဧကဂ္ဂတာ။

(၁၃၅၂–ခု အခြေပြုတန်း)

## ❒ ဈာန် ၂–မျိုးနှင့် အရကောက်

အာရမ္မဏူပနိဇ္ဈာန်– မဟဂ္ဂုတ်ဈာန် သမာပတ် ၈–ပါး၊

လက္ခဏူပနိဇ္ဈာန်– ကာမဝစရဝိပဿနာနှင့် မဂ်, ဖိုလ်။

(၁၃၃၇–ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ ဥပေက္ခာကို သုခဈာနင်၌ သွင်း

ဥပေက္ခာသည် ငြိမ်သက်သောသဘောရှိသည်ဖြစ်၍ သုခ၌ အတွင်းဝင်သောကြောင့် သုခဈာနင်၌ သွင်းယူသည်။ (၁၃၆၁-ခု အကြီးတန်း)

## ❒ ဥပေက္ခာ၏ ပဋ္ဌမဈာနိကဖြစ်ရခြင်းအကြောင်း

သဗ္ဗေ သတ္တာ သုခိတာ ဟောန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလ ဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု- ဤသို့ မေတ္တာစသည်တို့၏ အစွမ်းအားဖြင့်ဖြစ်သော ဗျာပါဒသုံးပါး ဒေ။ပါင်းကိုပယ်၍ ကံသာလျှင် မိမိဥစ္စာရှိကုန်သည်၏ အဖြစ်ကို ရှုသဖြင့် သတ္တဝါတို့အပေါ်၌ အလယ်အလတ်၌ တည်သော သဘောရှိသူ၏အဖြစ်ဟူသော အခြင်းအရာ အားဖြင့်ဖြစ်သော ဘာဝနာကြောင့်ဖြစ်သော ဝါ-လစ်လျူရှုသော အခြင်းအရာအားဖြင့်ဖြစ်သော တတြမဇ္ဈတ္တတာသည် အလွန်အားကြီးသည့်အတွက် ဥပေက္ခာဗြဟ္မဝိဟာရသည် သုခသဟဂုတ်မဖြစ်သင့်သောကြောင့် ပဥ္စမဈာနိက ဖြစ်ရသည်။ (၁၃၆၂-ခု အကြီးတန်း)

## ❒ ဈာနဆောဒစိတ်

ရူပါဝစရစိတ်, လောကုတ္တရာစိတ်၊

http://www.dhammadownload.com



## ❒ အာလမ္ဗဏဘာဒစိတ်

အရူပစိတ် (၁၃၅၁-ခု အခြေပြုတန်း)

## အရူပါဝစရစိတ်

## ❒ နေဝသညာ နာသညာ၌ သညာနှစ်ခုအထူး

နေဝသညာ၌ သညာကား ရုန့်ရင်းသောသညာ ဖြစ်၍ နာသညာ၌ သညာကား သိမ်မွေ့သော သညာ ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။ (၁၃၃၂-ခု အလတ်တန်း)

## ❒ နေဝသညာ နာသညာ ယတနမည်ခြင်းအကြောင်း

ရုန့်ရင်းသောသညာကား မရှိ၊ သိမ်မွေ့သောသညာ မရှိသည် မဟုတ်သော မနာယတန, မွော့ယတန၌ အကျုံး ဝင်သောကြောင့် နေဝသညာ နာသညာ ယတန မည်၏။

(၁၃၂၇-ခု အလတ်တန်း)

## ❒ နေဝ သညာ နာသညာ ယတနစိတ်ကို နေဝ ဖဿ နာဖဿ စသည်ဆိုနိုင်

သညာဖြင့်မှတ်၍ နေဝ သညာ နာသညာဟု ဆိုခြင်းသည် နိဒဿနမျှသာ ဖြစ်သောကြောင့် နေဝဖဿ နာဖဿစသည်ဖြင့်လည်း ဆိုနိုင်ပါသည်။

(၁၃၃၄-ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ အဝစရမည်သော စိတ်များ

ကာမာဝစရစိတ် ၅၄-ပါး

ရူပါဝစရစိတ် ၁၅-ပါး

အရူပါဝစရစိတ် ၁၂-ပါး

ပေါင်း ၈၁-ပါး (၁၃၅၃-ခု အခြေပြုတန်း)

## ❒ စတုတ္ထဈာန်ဖြစ်ရပ်မှာနည်း-၌ စတုတ္ထဈာနရပ်

(၁) ကောင်းကင်ပညတ်အာရုံ

(၂) ပဌမာရုပ္ပဝိညာဏ်အာရုံ

(၃) နတ္ထိဘာဝပညတ်အာရုံ

(၄) တတိယာရုပ္ပဝိညာဏ်အာရုံ

(၁၃၆၁-ခု အလတ်တန်း)

**(ဆောင်)** ကောင်းကင်ခေါ်မှတ်၊ ပညတ်တစ်ဖြာ၊ ပထမာရုပ္ပ၊ ဝိညာဏနှင့်၊ ဘာဝနတ္ထိ၊ တတိယာရုပ္ပ၊ ဝိညာဏ်၊ လေးတန်အာရုံ စဉ်တိုင်းတည်။

**(ဆောင်)** ကသိုဏ်းများဖြင့်၊ ကောင်းကင်ခေါ်မှတ်၊ ပညတ်တစ်ဖြာ၊ ပထမာရုပ္ပ၊ ဝိညာဏနှင့်၊ ဘာဝနတ္ထိ၊ အတိက္ကမိတစ်၊ လွန်မြောက်အပ်၊ လေးရပ် အာရုံစဉ်တိုင်းတည်။

## ❒ အရူပကုသိုလ်စိတ်နှင့် အာရုံများ

(၁) အာကာသာနဉ္စာယတနကုသိုလ်စိတ်သည် ကောင်းကင်ပညတ်ကို အာရုံပြုသည်။

http://www.dhammadownload.com


(၂) ဝိညာဏဉ္စာယတန ကုသိုလ်စိတ်သည် ပထမာရုပ္ပဝိညာဏ် မဟဂ္ဂုတ်ကို အာရုံပြုသည်။

(၃) အာကိဉ္စညာယတနကုသိုလ်စိတ်သည် နတ္ထိဘော ပညတ်ကို အာရုံပြုသည်။

(၄) နေဝသညာ နာသညာ ယတနကုသိုလ်စိတ်သည် တတိယာရုပ္ပဝိညာဏ် မဟဂ္ဂုတ်ကို အာရုံပြုသည်။

(၁၃၂၇-ခု အလတ်တန်း)

## ❐ အရူပစိတ် ၄-မျိုးပြားခြင်းအကြောင်း

ကောင်းကင်အာရုံ အစရှိသော ၄-ပါးသော အာရုံ ပြားခြင်းကြောင့် အရူပါဝစရ ၄-မျိုး ပြားသည်။

(၁၃၆၀-ခု အခြေပြုတန်း)

## ❐ အာရုမ္မဏာပဘေဒ-အရ

၁။ ကောင်းကင်ပညတ်အာရုံ၊

၂။ ပထမာရုပ္ပဝိညာဏ်အာရုံ၊

၃။ နတ္ထိဘော ပညတ်အာရုံ၊

၄။ တတိယာရုပ္ပဝိညာဏ်အာရုံ၊ (၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com


❐ **အာလမ္ဗဏာဘောဒစိတ်**

အရူပစိတ် ဖြစ်ပါသည်။ (၁၃၃၁–ခု အခြေပြုတန်း)

❐ **လောကီစိတ် ၈၁–ပါ ကို ဇာတိဘေဒအားဖြင့် ဝေဖန်ပုံ**

| | |
|---|---|
| အကုသိုလ် | ၁၂–ခု၊ |
| လောကီကုသိုလ် | ၁၇–ခု၊ |
| လောကီဝိပါက် | ၃၂–ခု၊ |
| ကြိယာစိတ် | ၂၀–ခု၊ |
| ပေါင်း | ၈၁–ခု။ |

(၁၃၆၃–ခု အငယ်တန်း၊ ၆၁–ခု အလတ်တန်း)

## လောကုတ္တရာစိတ်

❐ **မဂ္ဂင်, မဂ်, မဂ်စိတ်တို့အထူး**

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ အာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟူသော မဂ်၏ အစိတ်အပိုင်းများသည် မဂ္ဂင် မည်၏။ သမ္မာဒိဋ္ဌိစသော တရားအပေါင်းသည် မဂ် မည်၏။ မဂ်နှင့် ယှဉ်သောစိတ်သည် မဂ်စိတ်မည်၏။

(၁၃၃၆–ခု အကြီးတန်း)

http://www.dhammadownload.com


## ❒ သောတာပတ္တိ၌ သောတ–အရ

နိဗ္ဗာန်သို့ ကပ်ရောက်တတ်သောကြောင့် လည်းကောင်း၊ နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ ညွတ်တတ်သည့်အတွက် ရေအလျဉ်နှင့် တူသောကြောင့်လည်းကောင်း အရိယာအဋ္ဌင်္ဂိကမဂ်သည် သောတ မည်သည်။ (၁၃၆၂–ခု အကြီးတန်း)

## ❒ သကဒါဂါမိအဓိပ္ပါယ်

တစ်ကြိမ် ပဋိသန္ဓေအစွမ်းဖြင့် ဤလူ့လောကသို့ လာရောက်တတ်သောကြောင့် သကဒါဂါမ် မည်၏။

(၁၃၅၂–ခု အငယ်တန်း)

## ❒ သကဒါဂါမိအဓိပ္ပါယ်

ဤလူ့ဘုံသို့ (ဝါ) ဤကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တစ်ကြိမ်သာ ပြန်လာခြင်းရှိသော အရိယာပုဂ္ဂိုလ်သည် သကဒါ ဂါမီ မည်၏။ (၁၃၂၈–ခု အကြီးတန်း)

## ❒ ဣဓာဓိပ္ပေတ သကဒါဂါမ်

ဣဓ ပတ္တာ ဣဓ နိဗ္ဗတ္တိတွာ ဣဓ ပရိနိဗ္ဗာယီ ဟူသော သကဒါဂါပုဂ္ဂိုလ်ကို ဤ၌လိုအပ်သည်။

(၁၃၂၈–ခု အကြီးတန်း)

http://www.dhammadownload.com



### ❒ လောကုတ္တရာအကြောင်းစိတ်များ

သောတာပတ္တိ မဂ်စိတ်၊ သကဒါဂါမိ မဂ်စိတ်၊ အနာဂါမိ မဂ်စိတ်၊ အရဟတ္တ မဂ်စိတ်အားဖြင့် ၄–ပါး ဖြစ်ပါသည်။ (၁၃၅၂–ခု၊ ၆၀–ခု အခြေပြုတန်း)

### ❒ လောကုတ္တရာအကျိုးစိတ်များ

သောတာပတ္တိဖိုလ်စိတ်၊ သကဒါဂါမိဖိုလ်စိတ်၊ အနာဂါမိ ဖိုလ်စိတ်၊ အရဟတ္တဖိုလ်စိတ်အားဖြင့် ၄–ပါး ဖြစ်ပါသည်။ (၁၃၅၂–ခု၊ ၆၀–ခု အခြေပြုတန်း)

### ❒ လောကုတ္တရာကုသိုလ်စိတ် ၄–မျိုး ပြားခြင်းအကြောင်း

မဂ် ၄–ပါး ပြားသောကြောင့် လောကုတ္တရာ ကုသိုလ်စိတ် ၄–မျိုး ပြားသည်။ (၁၃၆၀–ခု အခြေပြုတန်း)

### ❒ လောကုတ္တရာစိတ်၌ ကြိယာစိတ် မရှိခြင်းအကြောင်း

မဂ်စိတ်သည် တစ်ကြိမ်သာ စောသောကြောင့် လောကုတ္တရာစိတ်၌ ကြိယာ မရှိပါ။

(၁၃၃၁–ခု၊ ၆၀–ခု၊ ၆၁–ခု၊ ၆၃–ခု အငယ်တန်း)

http://www.dhammadownload.com

# စိတ်အကျယ် ၁၂၁–ပါး

**❒ စိတ်အကျယ် ၁၂၁–ပါးတို့ကို ဇာတိသောဒအားဖြင့် ခွဲဖန်ပုံ**

ကုသိုလ်စိတ် ၃၇–ပါး၊
အကုသိုလ်စိတ် ၁၂–ပါး၊
ဝိပါက်စိတ် ၅၂–ပါး၊
ကြိယာစိတ် ၂၀–ပါး (၁၃၅၅–ခု အခြေပြုတန်း)

**❒ စိတ်အကျယ်၁၂၁–ပါးတွင် ဝိပါက်စိတ်များ**

ကာမဝိပါက် ၂၃–ပါး၊
ရူပဝိပါက် ၅–ပါး၊
အရူပဝိပါက် ၄–ပါး
လောကုတ္တရာဝိပါက် ၄–ပါး (အကျဉ်း)၂၀ (အကျယ်)
(၁၃၅၄–ခု အခြေပြုတန်း)

**❒ လောကီစိတ် ၈၁–ပါးကို ဈာနသောဒအားဖြင့် ရေတွက်ပုံ**

၁။ သဝိတက္ကလောကီဈာန်စိတ် ၄၇–ခု
၂။ သဝိစာရလောကီဈာန်စိတ် ၅၀–ခု
၃။ သပ္ပီတိလောကီဈာန်စိတ် ၂၇–ခု

http://www.dhammadownload.com



၄။ သဟေဂုတ်လောကီစျာန်စိတ် ၇၁–ခု

(ဒွေပဥ္စဝိညာဉ် ၁၀ ကြဉ်)

၅။ သောမနဿလောကီစျာန်စိတ် ၃၀–ခု

၆။ ဒေါမနဿစျာန်စိတ် ၂–ခု

၇။ ဥပေက္ခာလောကီစျာန်စိတ် ၃၉–ခု

(၁၃၆၄–ခု အကြီးတန်း)

☐ **စိတ်အကျယ် (၁၂၁)ပါးကို ဝေဒနာဘေဒအားဖြင့် ဝေဖန်ပုံ**

သုခသဟဂုတ်စိတ် ၁–ခု၊

ဒုက္ခသဟဂုတ်စိတ် ၁–ခု၊

သောမနဿသဟဂုတ်စိတ် ၆၂–ခု

ဒေါမနဿ သဟဂုတ်စိတ် ၂–ခု

ဥပေက္ခာ သဟဂုတ်စိတ် ၅၅–ခု

ပေါင်း ၁၂၁–ခု

(၁၃၆၁–ခု အငယ်တန်း)

☐ **စိတ်အကျယ် ၁၂၁–ပါးကို ဘူမိဘေဒအားဖြင့် ဝေဖန်ပုံ**

ကာမာဝစရစိတ် ၅၄–ပါး

ရူပါဝစရစိတ် ၁၅–ပါး

http://www.dhammadownload.com



| | |
|---|---|
| အရူပါဝစရစိတ် | ၁၂-ပါး |
| လောကုတ္တရာစိတ်အကျယ် | ၄၀-ပါး |
| ပေါင်း | ၁၂၁-ပါး |

(၁၃၄၆-ခု အခြေပြုတန်း၊ ၆၄-ခု အငယ်တန်း)

### ❐ စိတ် ၈၉-ပါးကို ဘုံအားဖြင့်ခွဲခြားပုံ

ကာမစိတ် ၅၄-ပါး၊ ရူပစိတ် ၁၅-ပါး၊ အရူပစိတ် ၁၂-ပါး၊ လောကုတ္တရာစိတ် ၈-ပါးအားဖြင့် ၈၉-ပါး ဖြစ်သည်။ (၁၃၆၀-ခု အခြေပြုတန်း)

### ❐ စိတ် (၈၉)ပါးကို ဇာတ်အားဖြင့် ခွဲခြားပုံ

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂-ပါး |
| ကုသိုလ်စိတ် | ၂၁-ပါး |
| ဝိပါက်စိတ် | ၃၆-ပါး |
| ကြိယာစိတ် | ၂၀-ပါး အားဖြင့် |
| | ၈၉-ပါး ဖြစ်ပါသည်။ |

### ❐ ဈာန်စိတ်တို့ကို ဇာတိဘေဒအားဖြင့် ခွဲခြားပုံ

| | |
|---|---|
| ကုသိုလ်ဈာန်စိတ် | ၂၉-ပါး၊ |
| ဝိပါက်ဈာန်စိတ် | ၂၉-ပါး၊ |

http://www.dhammadownload.com



ကြိယာစျာန်စိတ် ၉–ပါး ဖြစ်သည်။

(၁၃၆၀–ခု အခြေပြုတန်း၊ ၆၃–ခု အငယ်တန်း)

**❒ သောဘနစိတ်တို့ကို ဇာတိဘေဒအားဖြင့် ခွဲခြားပုံ**

ကုသိုလ်စိတ် ၃၇–ပါး၊

သောဘဏဝိပါက် ၃၇–ပါး၊

သောဘဏကြိယာ ၁၇–ပါး၊

ပေါင်း ၉၁–ပါး။

(၁၃၅၀–ခု အခြေပြုတန်း)

**❒ ပီတိယှဉ်ရာစိတ် ၅၁–ပါးကို ဇာတိဘေဒအားဖြင့် ဝေဖန်ချက်**

အကုသိုလ်သောမနဿ ၄–ပါး၊ စတုတ္ထစျာန်ကြဉ် ကုသိုလ် သောမနဿ ၁၉–ပါး၊ စတုတ္ထစျာန်ကြဉ် ဝိပါက်သောမနဿ ၂၀–ပါး၊ စတုတ္ထစျာန်ကြဉ်သော ကြိယာသောမနဿ ၈–ပါး၊ ပေါင်း ၅၁–ပါး။

(၁၃၆၃–ခု အငယ်တန်း)

**❒ ဝိပါက်စိတ်တို့ကို ဝေဒနာဘေဒအားဖြင့် ဝေဖန်ပုံ**

သုခသဟဂုတ် ၁–ခု၊

ဒုက္ခသဟဂုတ် ၁–ခု၊

http://www.dhammadownload.com



| | |
|---|---|
| သောမနဿဝိပါက် | ၂၅–ခု၊ |
| ဥပေက္ခာသဟဂုတ်ဝိပါက် | ၂၅–ခု၊ |
| ပေါင်း | ၅၂–ခု။ |

(၁၃၅၄–ခု အခြေပြုတန်း)

**စိတ်တစ်ခုယုတ် (၉၀)ကို အကျဉ်းချုံးနည်း**

စိတ်တစ်ခုယုတ် (၉၀)ကို အကျဉ်းဆုံးချုံးလျှင် "အာရမ္မဏ ဝိဇာနန" အာရုံကို သိခြင်းလက္ခဏာအားဖြင့် တစ်ပါးသာရှိသော ကြောင့် "အာရုံကိုသိခြင်း" ဟူသော တစ်ပါးသာ ရပါသည်။ (၁၃၆၁– အကြီးတန်း)

## လောကုတ္တရာစိတ်အကျယ်– ၄၀

**လောကုတ္တရာစိတ်အကျယ် ၄၀–ရေတွက်ရာ၌ မူလမဂ်စိတ် ဖိုလ်စိတ်များကို မထည့်သွင်းခြင်းအကြောင်း**

မူလမဂ်စိတ်, ဖိုလ်စိတ် အကျဉ်း ၈–ပါးသည်ပင် ဈာန်အင်္ဂါ တို့နှင့်ယှဉ်သောအပြားအားဖြင့် အကျယ်၄၀–ပွားလာရခြင်းကြောင့် ၈–ကို ၅–နှင့်မြှောက်၍ ၄၀–ဖြစ်ရာ၌ မူလတည်သော ၈–သည် ရလာဒ်၄၀–၌ပါဝင်ပြီးဖြစ်သကဲ့သို့ မူလအကျဉ်း၈–ပါးကို ထည့်သွင်းရေတွက်စရာ မလိုတော့ပါ။ (၁၃၃၇–ခု၊ အကြီးတန်း)

http://www.dhammadownload.com



## ❐ လောကုတ္တရာစိတ်အကျယ် ၄၀–ပြားရခြင်းအကြောင်း

ဈာန်အင်္ဂါနှင့် ယှဉ်သောအပြားကြောင့် အကျဉ်းရ–ပါးသော လောကုတ္တရာစိတ် ၁–ခု, ၁ခုကို ၅–ပါးစီ ပြားသည်ကို ပြခြင်းကြောင့် လောကုတ္တရာစိတ်အကျယ် ၄၀–ပြားသည်။ (၁၃၆၃–ခု အ၊ ယ်တန်း)

## ❐ လောကုတ္တရာစိတ်အကျယ် ၄၀–ကို ဈာနဘေဒအားဖြင့် ဝေဖန်ချက်

ပထမဈာန် ၈–ခု၊ ဒုတိယဈာန် ၈–ခု၊ တတိယဈာန် ၈–ခု၊ စတုတ္ထဈာန် ၈–ခု၊ ပဉ္စမဈာန် ၈–ခု၊ ပေါင်း ၄၀။ (၁၃၆၃–ခု အငယ်တန်း)

## ❐ ပထမဈာန်စသည်တို့ကို သိသာရုံရေတွက်ပုံ

| | |
|---|---|
| ပထမဈာန် | ၁၁–ပါး၊ |
| ဒုတိယဈာန် | ၁၁–ပါး၊ |
| တတိယဈာန် | ၁၁–ပါး၊ |
| စတုတ္ထဈာန် | ၁၁–ပါး၊ |
| ပဉ္စမဈာန် | ၂၃–ပါး၊ |
| ပေါင်း | ၆၇–ပါး။ |

(၁၃၅၀–ခု အခြေပြုတန်း)

http://www.dhammadownload.com



## ❐ စျာန်စိတ် ၆၇-ပါးကို (က)ဇာတိဘေဒ (ခ)ဘူမိဘေဒ (ဂ)ဝေဒနာ ဘေဒဖြင့် ဝေဖန်ပုံ

(က) ကုသိုလ်စျာန်စိတ် ၂၉-ပါး၊
ဝိပါက်စျာန်စိတ် ၂၉-ပါး၊
ကြိယာစျာန်စိတ် ၉-ပါး အားဖြင့်
စျာန်စိတ် (၆၇)ပါး ဖြစ်ပါသည်။

(ခ) ရူပစျာန်စိတ် ၁၅-ပါး
အရူပစျာန်စိတ် ၁၂-ပါး
လောကုတ္တရာစျာန်စိတ် ၄၀-ပါး အားဖြင့် စျာန်စိတ်
(၆၇)ပါး ဖြစ်ပါသည်။

(ဂ) သောမနဿ ဝေဒနာ ၄၄-ပါး၊
ဥပေက္ခာ ဝေဒနာ ၂၃-ပါး အားဖြင့်
စျာန်စိတ် (၆၇)ပါး ဖြစ်ပါသည်။

(၁၃၆၀-ခု အခြေပြုတန်း)

## ❐ အဆုံးစျာန်စိတ်တို့ကို လောကီ၊ လောကုတ္တရာအားဖြင့် ခွဲပုံ

လောကီပဥ္စမစျာန်စိတ် ၁၅-ပါး
လောကုတ္တရာ ပဥ္စမစျာန်စိတ် ၈-ပါး

(၁၃၆၀-ခု အခြေပြုတန်း)

http://www.dhammadownload.com


## ❐ အရူပါဝစရစိတ်ကို ပဉ္စမဈာန်၌သွင်းရခြင်းအကြောင်း

ဥပေက္ခာ, ဧကဂ္ဂတာနှင့် ယှဉ်သည်ဖြစ်၍ ပဉ္စမဈာန်နှင့် ဈာန်အင်္ဂါတူမျှသောကြောင့် ပဉ္စမဈာန်၌ သွင်းရသည်။ (၁၃၅၂-ခု, ၆၃-ခု အငယ်တန်း)

## ❐ ပဉ္စမဈာန်စိတ်ပေါင်း

| | |
|---|---|
| မဟဂ္ဂုတ် ပဉ္စမဈာန်စိတ် | ၁၅-ခု၊ |
| လောကုတ္တရာ ပဉ္စမဈာန်စိတ် | ၈-ခု၊ |
| ပေါင်း | ၂၃-ခု |

(၁၃၆၁-ခု အငယ်တန်း)

## ❐ အရူပစိတ်ကို ပဉ္စမဈာန်ဟုခေါ်ဆိုရကြောင်း

ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ယှဉ်သည်ဖြစ်၍ ပဉ္စမဈာန်နှင့် ဈာန်အင်္ဂါတူမျှသောကြောင့် အရူပစိတ်ကို ပဉ္စမဈာန်-ဟု ဆိုသည်။

(၁၃၆၃-ခု အလတ်တန်း)

http://www.dhammadownload.com


❒ **ဒုတိယစျာန်ကို အခြေပြုဝင်စားပြီးမှ ပထမစျာန်ကို သုံးသပ်သဖြင့် ရလာသောမဂ်စိတ်၌ ပုဂ္ဂလဇ္ဈာသယ မရှိခဲ့သော် စျာန်အင်္ဂါရှိရမည့် အရေအတွက်**

အောက်အောက်စျာန်ထက် အထက်အထက်စျာန်က အားကြီးသောကြောင့် ပါဒကဖြစ်သော ဒုတိယစျာန်နှင့် တူစွာ စျာန်အင်္ဂါ၄–ပါးရှိရမည်။

❒ **ပါဒကစျာန်အဓိပ္ပါယ်**

ပထမစျာန်စသည်တို့တွင် အကြင်အကြင်အမှတ် မရှိသောစျာန်ကိုဝင်စားပြီး ထိုထိုစျာန်မှထ၍ သင်္ခါရတရားတို့ကို သုံးသပ်သော ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ထိုဝုဋ္ဌာနဂါမိနီဝိပဿနာဖြစ်ပေါ် ဖို့ရန် အခြေခံဝင်စားအပ်သော စျာန်သည် ပါဒကစျာန်မည်၏။ (၁၃၃၀–ခု အလတ်တန်း)

❒ **သမ္မသိတစျာန်အဓိပ္ပါယ်**

အကြင်အကြင်စျာန်ကို သုံးသပ်သော ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ဝုဋ္ဌာနဂါမိနီဝိပဿနာ ဖြစ်ပေါ်၏၊ ထိုဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြစ်ပေါ်ဖို့ရန် သုံးသပ်အပ်သော စျာန်သည် သမ္မသိတစျာန်မည်၏။ (၁၃၃၀–ခု အလတ်တန်း)

❒ **ပုဂ္ဂလဇ္ဈာသယစျာန်အဓိပ္ပါယ်**

"ပထမစျာန်နှင့်တူသော ပဉ္စင်္ဂိကမဂ်ကိုရသော် ကောင်းလေစွ၊ စတုရင်္ဂိကမဂ်ကိုရသော် ကောင်းလေစွ"

http://www.dhammadownload.com


စသည်ဖြင့် ဈာန်ရသော ယောဂီပုဂ္ဂိုလ်၏ အလိုဆန္ဒသည် ပုဂ္ဂလဈ္ဈာသယမည်၏။ (၁၃၃၀-ခု အလတ်တန်း)

## ☐ တိုးတက်မလာသော ဇာတိဘေဒစိတ်များ

အကုသိုလ်စိတ်၊ ကြိယာစိတ်။ (၁၃၆၁-ခု အငယ်တန်း)

## ☐ ဈာန်စိတ်အကျယ် ၆၇-ပါးကို ဇာတိဘေဒအားဖြင့် ခွဲခြားချက်

ကုသိုလ်ဈာန်စိတ် ၂၉၊ ဝိပါက်ဈာန်စိတ် ၂၉၊ ကြိယာ ဈာန်စိတ် ၉။ (၁၃၆၃-ခု အလတ်တန်း)

## ☐ စိတ်အကျဉ်း ၈၉-ပါးမှ အကျယ် ၁၂၁-ပါး ဖြစ်လာရပုံ

တစ်ခုတစ်ခုသော လောကုတ္တရာစိတ်သည် ဈာန်အင်္ဂါ ၅-ပါးရှိသော ပထမဈာန်စိတ်၊ ဈာန်အင်္ဂါ ၄-ပါးရှိသော ဒုတိယဈာန်စိတ်၊ ဈာန်အင်္ဂါ ၃-ပါးရှိသော တတိယဈာန်စိတ်၊ သုခ, ဧကဂ္ဂတာဈာန်အင်္ဂါ ၂-ပါးရှိသော စတုတ္ထဈာန်စိတ်၊ ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးရှိသော ပဉ္စမဈာန်စိတ်ဟု ဈာန်အင်္ဂါယှဉ်ပုံ ငါးပါး ကွဲပြားခြင်းကြောင့် ဈာန် ၅-မျိုး ပြားသည်။

ဈာန် ၅-မျိုးပြားခြင်းကြောင့် ဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ် စသော လောကုတ္တရာစိတ်သည်လည်း

http://www.dhammadownload.com



၅-မျိုးစီ ပြားရသည်။ ဤကဲ့သို့ လောကုတ္တရာစိတ် အကျဉ်း ၈-ပါးသည့်ပင် ၅-ပါးစီပြားခြင်းကြောင့် ၈ x ၅= ၄၀ ဖြစ်ခြင်းကြောင့် စိတ်အကျဉ်း ၈၉-ပါးမှ အကျယ် ၁၂၁-ပါး ဖြစ်လာရသည်။ (၁၃၆၄-ခု အလတ်တန်း)

## ❒ ဇာတိဘေဒစိတ်အကျယ်ပြ သင်္ဂဟဂါ၌ ပါဝင်ခွင့်မရှိသော စိတ်များ

အကုသိုလ်နှင့် ကြိယာ။ (၁၃၆၄-ခု အကြီးတန်း)

## ❒ ကုသိုလ်စိတ်နှင့် ဝိပါက်စိတ်တို့ အကျယ်ဖြစ်ပုံ

တစ်ခုတစ်ခုသော လောကုတ္တရာစိတ်သည် ဈာန်အင်္ဂါတို့နှင့်ယှဉ်သော အပြားအားဖြင့် ငါးပါးစီပြားသောကြောင့် လောကုတ္တရာကုသိုလ် အကျဉ်းလေးပါးက အကျယ်နှစ်ဆယ် ဖြစ်လာရ သည်။ လောကုတ္တရာဝိပါက် အကျဉ်းလေးပါးက အကျယ်နှစ် ဆယ်ဖြစ်လာရသည်။ ထို့ကြောင့် ကုသိုလ် အကျဉ်း၂၁-ပါးက အကျယ်၃၇-ပါးဖြစ်လာရ သည်။ ဝိပါက်အကျဉ်း ၃၆-ပါးက အကျယ် ၅၂-ပါးဖြစ်လာရသည်။ (၁၃၄၇-ခု အခြေပြုတန်း)

### စိတ်ပိုင်းမေးကွက် ပြီးပါပြီ။

http://www.dhammadownload.com

# ၂-စေတသိက်ပိုင်းမေးခွန်း

## ☐ ဧကနိရောဓ မဖြစ်သောတရား

စိတ်နှင့်တကွဖြစ်သော စိတ္တဇရုပ်များ။

## ☐ ဧကာလမ္ဗဏ မဖြစ်သောတရား

ဝိညတ်ခွေး၊ ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်ပြီးနောက် နောက်စိတ်နှင့် ပြိုင်တူချုပ်သော ကမ္မဇ, စိတ္တဇရုပ်များ တည်း။ (၁၃၃၁-ခု အကြိုးတန်း)

## ☐ ဝေဒနာ စသည်တို့၏ လက္ခဏာ

(က) ဝေဒနာသည် အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာ။

(ခ) မာနသည် မိမိကိုယ်ကို ငါသာလျှင်မြတ်၏ဟူ၍ မှန်ကင်းကဲ့သို့ ထောင်လွှားတက်ကြွခြင်းလက္ခဏာ။

(ဂ) သဒ္ဓါသည် ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္မယုတ်တရားတို့ကို ကြည်စေခြင်း သဘောလက္ခဏာ။

(ဃ) သတိသည် ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္မယုတ်တရားတို့ကို အောက်မေ့ခြင်း သဘောလက္ခဏာ။

(င) ကရုဏာသည် အတိုင်းမသိသော ဒုက္ခိတသတ္တဝါ ပညတ်ကိုအာရုံပြု၍ သနားခြင်း သဘောလက္ခဏာ။

(၁၃၄၅-ခု အခြေပြုတန်း)

http://www.dhammadownload.com



## ❒ စေတနာစသည်တို့၏ လက္ခဏာ

(က) စေတနာသည် အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော် တိုက်တွန်းခြင်းလက္ခဏာ။

(ခ) ဆန္ဒသည် ပြုလိုကာမတ္တသာ လက္ခဏာ။

(ဂ) ဒိဋ္ဌိသည် မှားသောအားဖြင့် နှလုံးသွင်းခြင်းလက္ခဏာ။

(ဃ) ဟိရီသည် ကာယဒုစရိုက်စသည်မှ ရှက်ခြင်းလက္ခဏာ။

(င) ဩတ္တပ္ပသည် ကာယဒုစရိုက်စသည်မှ ကြောက်လန့်ခြင်း လက္ခဏာ။ (၁၃၄၇-ခု အခြေပြုတန်း)

## ❒ ဖဿ၏ အာရုံကိုတွေ့ထိပုံ

ချဉ်သီးစားနေသည်ကို မြင်ရ၍ သွားရည်ယိုသကဲ့သို့ ဖဿသည် (နာမ်တရားဖြစ်၍ အာရုံကိုမထိတွေ့တတ်သော်လည်း) တွေ့ထိသောအခြင်းတရားအားဖြင့် ဖြစ်တတ်သောကြောင့် အာရုံကို ထိတွေ့သည်ဟုဆိုသည်။

(၁၃၃၃-ခု အကြီးတန်း)

## ❒ စေတနာနှင့် မနသိကာရတို့ ထူးခြားချက်

စေတနာသည် ကိုယ်တိုင်အာရုံကို ယူသဖြင့် အာရုံသို့ တက်ရောက်သော တရားတို့ကိုလည်း ထိုအာရုံ၌ ယှဉ်စေတတ်၏။ စစ်ဗိုလ်သည် ကိုယ်တိုင်တိုက်ခိုက်သည့် အပြင် လက်အောက်ငယ်သားရဲဘော်များကိုလည်း တိုက်

http://www.dhammadownload.com



ခိုက်ရန် စီမံသကဲ့သို့ ဖြစ်၏။

မနသိကာရသည် ထိုအာရုံသို့ တက်ရောက်သော တရားတို့ကို အာရုံသို့ ရှေးရှုယှဉ်စပ်ပေးတတ်၏။ ရထားထိန်းသည် အာဇာနည်မြင်းကို လိုရာအရပ်သို့ ဖြောင့်တန်းစွာ သွားစေသကဲ့သို့ ဖြစ်ပါသည်။ (၁၃၅၃-ခု အငယ်တန်း)

## ❑ ဝိတက်, စေတနာ, မနသိကာရတို့အထူး

ဝိတက်သည် တကွဖြစ်ဘက်တရားတို့ကို အာရုံ၌ ရှေးရှုတင်ပေးခြင်းသဘောရှိသောကြောင့် ထိုသံပယုတ် တရားတို့ကို ထိုအာရုံ၌ ထည့်သွင်းသကဲ့သို့ ဖြစ်ပါသည်။

စေတနာသည် မိမိနှင့်တကွ အာရုံကို ယူခြင်းအားဖြင့် ဝိတက်သည် အာရုံသို့ တင်ပေးအပ်ကုန်သော သံပယုတ်တရားတို့ကို ထိုထိုအာရုံ၌ တိုက်တွန်းတတ်သည် ဖြစ်၍ စစ်တပ်၏ ရှေ့ဆောင်အကြီးအကဲကဲ့သို့ ဖြစ်ပါသည်။

မနသိကာရသည် ထိုသံပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုယှဉ်စေတတ်သည်၏အဖြစ်ကြောင့် အာဇာနည်မြင်းတို့ကို ဖြောင့်အောင် ယှဉ်စေတတ်သော ရထားထိန်းနှင့် တူသည်၊ ဤသို့ ထူးသည်။ (၁၃၆၄-ခု အလတ်တန်း)

**(ဆောင်)** ဝိတက်အမှု၊ သမ္ပယုတ်စုကို၊ ရှေးရှုတင်ကာ၊ စေတနာစေတ်၊
သေချာမှတ်မူ၊ တင်အပ်တရား၊ ယှဉ်စပ်ထား၏၊ မနသိတုံ၊
အာရုံရှေးရှု၊ ဖြောင့်အောင်ပြုသည်၊ ခွဲမှုသဘောသကန်တည်း။

http://www.dhammadownload.com



## ❒ စေတနာနှင့် မနသိကာရတို့၏ သဘာဝ

စေတနာသည် မိမိနှင့်ယှဉ်ဖော် ယှဉ်ဖက်တရားတို့ကို အာရုံ၌ စေ့ဆော်စပ်ဟပ်တတ်သော သဘောရှိ၏။ (ဝါ)သမ္ပယုတ် တရားတို့ကို ပြုစီမံရာ၌ ကြောင့်ကျဖျာပါ၍ရ စိုက်မှု သဘောရှိ၏၊

မနသိကာရသည် စိတ်၌ အာရုံကိုပြုပေးသော သဘောရှိ၏။ (၁၃၅၃-ခု အငယ်တန်း)

## ❒ နိုင်ငံတော် တာဝန်ထမ်းဆောင်ရာ၌ ဖျာပါရကြီးလှသော စေတသိက်၏ လက္ခဏာနှင့် ဥပမာန

(က) စေတနာ

(ခ) အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်ခြင်းသဘော လက္ခဏာ၊

(ဂ) တပည့်ကြီး၊ လက်သမားကြီး၊ စစ်ဗိုလ်များနှင့်တူသည်။ (၁၃၄၆-ခု အငယ်တန်း)

## ❒ မနသိကာရ စသည်တို့၏ လက္ခဏာ

(က) မနသိကာရသည် အာရုံ၌ နှလုံးသွင်းခြင်းသဘောလက္ခဏာ

(ခ) မောဟသည် အာရုံ၏သဘောကို ဖုံးလွှမ်းခြင်းသဘော လက္ခဏာ။

54

http://www.dhammadownload.com



(ဂ) မာနသည် မိမိကိုယ်ကို ငါသာလျှင်မြတ်၏ဟူ၍ မှန်ကင်းကဲ့သို့ ထောင်လွှားခြင်းသဘော လက္ခဏာ။

(ဃ) မစ္ဆရိယသည် မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်းသဘော လက္ခဏာ။

(င) မိဒ္ဓသည် စေတသိက်တို့၏ မခံ့ခြင်းသဘောလက္ခဏာ။

(၁၃၅၀–ခု အခြေပြုတန်း)

## ❒ ကြံစည်မှုနှင့် သုံးသပ်မှုတို့အထူး

ဝိတက်–ကြံစည်မှုသည် ဝိစာရထက် ရန့်ရင်းကြမ်းတမ်းသောကြောင့်လည်းကောင်း၊ ဝိစာရ၏ ရှေ့သွားဖြစ်သောကြောင့် လည်းကောင်း ထိုးခတ်သော ခေါင်းလောင်း၏ ရှေးဦးစွာမည်သော အသံကဲ့သို့ စိတ်၏ ရှေးဦးစွာ အာရုံ၌ ကျရောက်ခြင်းသဘော ရှိပါသည်။

ဝိစာရ – သုံးသပ်မှုသည် သိမ်မွေ့သောကြောင့်လည်းကောင်း၊ အဖန်တလဲလဲ သုံးသပ်တတ်သောကြောင့်လည်းကောင်း ခေါင်းလောင်း၏ နောက်ထပ်မြည်သော အသံကဲ့သို့ အဖန်ဖန် သုံးသပ်ခြင်း သဘောရှိပါသည်။

**(တစ်နည်း)** ဝိတက် – (ကြံစည်မှု)သည် စိတ်၏ တုန်လှုပ် ခြင်းသဘောရှိ၍ ပျံ့လွင့်သည်၊ ကောင်းကင်သို့ ပျံတက်လိုသော ငှက်၏ အတောင်ခတ်ခြင်းနှင့်တူပါသည်။

http://www.dhammadownload.com



အနံ့သို့အစဉ်လိုက်သော ပိတုန်း၏ ပဒုမ္မာကြာတော်သို့ ရှေ့ရှုကျ ရောက်ခြင်းနှင့်လည်း တူပါသည်။

ဝိစာရ- (သုံးသပ်မှု)သည် စိတ်၏ အလွန်မတုန့် လှုပ်သောသဘောရှိ၍ ငြိမ်သက်စွာ ဖြစ်ပါသည်။ ကောင်းကင်ပျံတက်ပြီးသော ငှက်၏အတောင် ဆန့်တန်းခြင်းနှင့် တူပါသည်။ ပဒုမ္မာကြာတော်ဆီသို့ ရှေးရှုကျရောက်ပြီး ပိတုန်း၏ ကြာတော်ပေါ် ရစ်ဝဲခြင်းနှင့်လည်း တူပါသည်။ (၁၃၄၇-ခု အငယ်တန်း၊ ၆၃-ခု အလတ်တန်း)

## ❒ ဝီရိယ စသည်တို့၏ လက္ခဏာ

(က) ဝီရိယသည် သမ္ပယုတ်တရားတို့ကို ထောက်ပံ့နိုင်စေခြင်း လက္ခဏာ။

(ခ) ပီတိသည် အာရုံကို နှစ်သက်ခြင်းလက္ခဏာ။

(ဂ) ဣဿာသည် သူတစ်ပါးစည်းစိမ်ကို ငြူစူခြင်းလက္ခဏာ။

(ဃ) သမ္မာအာဇီဝသည် အာဇီဝဟေတုတို့ကို ငဲ့သည်ဖြစ်၍ (ဝါ) အသက်မွေးခြင်းလျှင် အကြောင်းရှိသော ဝစီဒုစရိုက် လေးပါး, ကာယဒုစရိုက် သုံးပါးမှ ကြဉ်ခြင်း လက္ခဏာ။

(င) မုဒိတာသည် အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းလက္ခဏာ။ (၁၃၄၆-ခု အခြေပြုတန်း)

http://www.dhammadownload.com



## ❐ ပီတိနှင့်သုခတို့အထူး

ပီတိသည် နှစ်လိုခြင်းလက္ခဏာရှိ၍ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါသည်။

သုခသည် ဣဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိ၍ ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်ပါသည်။

(တစ်နည်း) ပီတိသည် ခရီးပန်းသူအတွက် အရိပ်, ရေကို တွေ့ခြင်းကဲ့သို့ ရရှိသောအာရုံကို ရှေးဦးစွာ နှစ်သက်ပါသည်။

သုခသည် ရောက်ရှိပြီးသော တောအရိပ်နှင့် ရေကို သုံးဆောင်ခြင်းကဲ့သို့ ရရှိပြီးသောအာရုံကို ခံစားခြင်း၌ ချမ်းသာခြင်း ဖြစ်ပါသည်။

(၁၃၅၀–ခု၊ ၆၁–ခု အငယ်တန်း၊ ၆၃–ခု အကြီးတန်း)

## ❐ လှူဒါန်းလို၍ လိုချင်မှုသည် လော[illegible]ဘမဟုတ်

ပစ်အပ်သော မြှားတို့ကို ကိုင်ခြင်း၌ အလိုရှိသော လေးသွားကဲ့သို့ ဆန္ဒသည် စွန့်လှူထိုက်သော ပစ္စည်းကို လိုလားသည်။ ထိုအရာမျိုးကို လောဘဟုမခေါ်ပါ၊ ဆန္ဒသာဖြစ်ပါသည်။ (၁၃၃၃–ခု အလတ်တန်း)

http://www.dhammadownload.com



## ❐ ဆန္ဒအဓိပ္ပါယ်

အာရုံဖြင့်အလိုရှိကာမျှသည် ဆန္ဒ၊ ၎င်းသည် ဝတ္ထုကာမတော လက္ခဏာရှိသည်။ ဥပမာ– အာရုံကိုယူရာ၌ စိတ်၏ လက်ကို ဆန့်တန်းခြင်းနှင့် တူပါသည်။ ထို့ပြင် ဆန္ဒတရားသည် ပစ်လွှင့်အပ်သော မြားတို့ကိုယူရာ၌ အလိုရှိသော လေးသမားကဲ့သို့ အလှူဒါနပြုရာ၌ လှူဒါန်းမည့် ဝတ္ထုဖြင့် အလိုရှိသည်သာ ဖြစ်ပါသည်။

(၁၃၆၄–ခု အလတ်တန်း)

## ❐ အညသမာန်း အဓိပ္ပါယ်

အသောဘနနှင့်ယှဉ်ခိုက် သောဘနစိတ်မှတစ်ပါး အသောဘနစိတ်နှင့်တူသည်၏အဖြစ်, သောဘနစိတ်နှင့် ယှဉ်ခိုက် အသောဘနစိတ်မှတစ်ပါး သောဘနစိတ်နှင့် တူသည်အဖြစ်ကြောင့် အညသမာန်းမည်၏။

(၁၃၃၈–ခု အလတ်တန်း)

http://www.dhammadownload.com

# အကုသိုလ်စေတသိက်

## ❑ သံယောဇဉ်တွင် မပါဝင်သော အကုသိုလ် စေတသိက်များ

အဟိရိက၊ အနောတ္တပ္ပ၊ ထိန၊ မိဒ္ဓတို့ ဖြစ်ပါသည်။

(၁၃၆၀-ခု အခြေပြုတန်း)

## ❑ မသမာနည်းဖြင့် စာမေးပွဲ ဖြေဆိုရန် ရှက်ကြောက်မှု မရှိသူသန္တာန်၌ ဖြစ်သော ပရမတ္ထတရားများ

အဟိရိက + အနောတ္တပ္ပတို့ ဖြစ်ကြပါသည်။

(၁၃၆၁-ခု အငယ်တန်း)

## ❑ အဟိရိကနှင့် အနောတ္တပ္ပအထူး

ရွာဝက်သည် မစင်မှ မရှက်သကဲ့သို့ ဒုစရိုက်မှ မရှက်ခြင်း သဘောသည် အဟိရိက၊ပိုးဖလံသည် မီးမှ မကြောက်သကဲ့သို့ ဒုစရိုက်မှ မကြောက်လန့်ခြင်းသဘောသည် အနောတ္တပ္ပ၊ ဤသို့ထူးပါသည်။

(၁၃၆၃-ခု အကြီးတန်း)

## ❑ ရွာဝက်နှင့်တူသော ပရမတ္ထ

အဟိရိက (၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ ပညာနှင့် + မစ္ဆရိယတို့ အထူး

ပညာသည် သူတစ်ပါး၏ စည်းစိမ်ကို ပြုစုခြင်း လက္ခဏာရှိ၍ မစ္ဆရိယသည် မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း လက္ခဏာရှိပါသည်။ ဤသို့ ထူးပါသည်။

(၁၃၃၇-ခု အငယ်တန်း)

## ❑ ဆန္ဒနှင့် လောဘထူးခြားချက်

စိတ်၏ အာရုံပြုလိုကာမျှ အာရုံတစ်ခုကိုရလိုကာမျှ သဘောသည် ဆန္ဒဖြစ်၍ အာရုံ၌ အလွန်ငြိကပ် တွယ်တာခြင်း သဘောသည် လောဘဖြစ်ပါသည်။ ဤသို့ထူးခြားပါသည်။

(၁၃၅၁-ခု၊ ၆၁-ခု၊ ၆၃-ခု၊ အငယ်တန်း)

**(ဆောင်)** (က) ငြိကပ်တွယ်တာ, အစေးပါ၍, ဆိုင်ရာ အာရုံ, စုံစုံမက်မက်, နှစ်သက်တောင့်တ, လိုချင်က, လောဘသဘော တည်း။

(ခ) ငြိကပ်တွယ်တာ, စေးမပါဘဲ, ဆိုင်ရာအာရုံ, ပြုလို ရုံမျှ, လိုချင်က, ဆန္ဒသဘောတည်း။

## ❑ ထိနနှင့် မိဒ္ဓအထူး

စိတ်၏ မခံ့ခြင်းလက္ခဏာသည် ထိနမည်၍ ဝေဒနာ စသော ခန္ဓာ ၃-ပါး၏ မခံ့ခြင်းသည် မိဒ္ဓမည်ပါသည်။ ဤသို့ ထူးပါသည်။ (၁၃၆၃-ခု အလတ်တန်း)

http://www.dhammadownload.com


## ❒ အကြွတူ ရန်သူဖြစ်ဟူသောစကားကဲ့သို့ အကြွတူ၍ ရန်သူဖြစ်ကြသော အကုသိုလ်စေတသိက်နှစ်ပါးတို့၏ လက္ခဏာများ

ဒိဋ္ဌိ- မှားသောအားဖြင့် နှလုံးသွင်းခြင်း၊ ရှုမြင်ခြင်း၊ မာန- မိမိကိုယ်ကို ငါသာလျှင် မြတ်၏ဟု မှန်ကင်းကဲ့သို့ မာနထောင်လွှားခြင်း။ (၁၃၆၄-ခု အကြီးတန်း)

## ❒ ဒိဋ္ဌိ၏အဓိပ္ပါယ်

မှားယွင်းစွာမြင်တတ်သော သဘောသည် "ဒိဋ္ဌိ" မည်၏။ ("ဤငါ့အယူသာ မှန်၏၊ အခြားသူ၏ အယူ မမှန်"ဟု ဖြစ်သော ငါ-ငါဥစ္စာစသည်ဖြင့် သက်ဝင်ယုံကြည်မှု။) (၁၃၅၃-ခု အငယ်တန်း)

# သောဘနစေတသိက်

## ❒ နတ်ဆေဒင်ယုံကြည်မှုသည် သဒ္ဓါ မဟုတ်

ဘုရားစသည်တို့၌ ယုံကြည်မှုသည်သာလျှင် သဒ္ဓါ မည်သည်၊ နတ်တင်၍ ကိုးကွယ်သော် ကောင်းကျိုးရလိမ့်မည်ဟု ယုံကြည်မှုသည် စစ်မှန်သော သဒ္ဓါမဟုတ်ပါ။

(၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com


## မိမိချစ်သူကို အမှတ်ရခြင်းသည် သတိစေတသိက် မဟုတ်

ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္ပယုတ်တရားတို့ကို အောက်မေ့စေခြင်းသည်သာ သတိမည်သောကြောင့် ချစ်သူကို အမှတ်ရနေခြင်းသည် သတိစေတသိက် မဟုတ်ပါ။ အာရုံ၏သဘောကို မှတ်သားခြင်းမျှ ဖြစ်သော သညာစေတသိတ် ဖြစ်ပါသည်။ (၁၃၆၀–ခု အခြေပြုတန်း)

## သောဘနအမည်ပိုင်ရှင်

စိတ်သည် အာရုံကို သိခြင်းသဘောအားဖြင့် တစ်မျိုးတည်းသာ ဖြစ်သည်။ "စိတ်၌မှီတွယ်၊ စိတ်ကိုခြယ်၊ ငါးဆယ်နှင့်ဒွိက်၊ စေတသိက်"ဟူ၍ ဆိုသည့်အတိုင်း စိတ်၌ မှီတွယ်၍ဖြစ်သော စေတသိက်တို့၏ ခြယ်လှယ်မှုကြောင့်သာ နာမည်အမျိုးမျိုး ရသည်။ အလောဘအစရှိသော အပြစ်ကင်းသောစိတ်တို့နှင့် ယှဉ်သည်အတွက် တင့်တယ်ကောင်းမြတ်သော ဂုဏ်ကိုဆောင်နိုင်ခြင်းကြောင့် သောဘနအမည်ကိုရသည်။ ထို့ကြောင့် သောဘနဟူသော အမည်သည် ယှဉ်ဘက် အလောဘ အစရှိသော အပြစ်ကင်းသော စေတသိက်တို့၏ အမည်သာဖြစ်သည်။

(၁၃၃၈–ခု အလတ်တန်း)

http://www.dhammadownload.com


## ❒ ချစ်ခြင်းမေတ္တာ ဟူသောစကား၌ ဖြစ်သင့်သောသဘာဝ တရား

သတ္တဝါတို့၌ စီးပွားချမ်းသာကို ဆောင်သော သဘောအားဖြင့်ဖြစ်သော အဒေါသတရား ဖြစ်ပါသည်။

(၁၃၄၈-ခု အငယ်တန်း)

## ❒ မေတ္တာ၏သဘော

ချစ်တတ်သောကြောင့်လည်းကောင်း၊ ချစ်အပ်သော ပုဂ္ဂိုလ်တို့၌ အာရုံပြုသောအားဖြင့် ဖြစ်တတ်သောကြောင့် လည်းကောင်း မေတ္တာမည်သည်။ ထိုမေတ္တာသည် သတ္တဝါ တို့၏ စီးပွားချမ်းသာကိုသာ ဆောင်လိုခြင်းသဘော ရှိ သည်။ (၁၃၆၄-ခု အကြီးတန်း)

## ❒ ဟိရီနှင့် ဩတ္တပ္ပအထူး

အမျိုးကောင်းသမီးကဲ့သို့ မိမိကိုယ်ကို လေးစားသော အားဖြင့် မကောင်းမှု ရှက်ခြင်းစက်ဆုတ်ခြင်းသည် ဟိရီ၊ ပြည့်တန်ဆာမကဲ့သို့ သူတစ်ပါးကို လေးစားသောအားဖြင့် မကောင်း ကြောက်လန့်ခြင်းသည် ဩတ္တပ္ပ၊ ဤသို့ ထူးပါသည်။ (၁၃၆၃-ခု အကြီးတန်း)

## ❒ စေတနာနှင့် သဒ္ဓါမတူ

အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်ခြင်း သဘောလက္ခဏာသည် စေတနာ။

http://www.dhammadownload.com


ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္ပယုတ်တရားတို့ကို ကြည်စေခြင်းသဘောလက္ခဏာသည် သဒ္ဓါ၊ ထို့ကြောင့် မတူပါ။ (၁၃၆၄-ခု အလတ်တန်း)

## ❐ အလောဘ၏ သဘောလက္ခဏာ

အာရုံ၌ စိတ်၏ မငြိကပ်ခြင်း လက္ခဏာရှိပါသည်။ ဥပမာ- ကိလေသာမှ လွတ်သောရဟန်းနှင့်တူသည်။

(၁၃၆၃-ခု အကြီးတန်း)

## ❐ တတြမဇ္ဈတ္တတာနှင့် ဥပေက္ခာတို့အထူး

တတြမဇ္ဈတ္တတာသည် စိတ်, စေတသိက်တို့ကို လျစ်လျူရှုခြင်းလက္ခဏာရှိပါသည်။ အညီအမျှပြေးသွားကြသော အာဇာနည်မြင်းတို့ကို လျစ်လျူရှု၍ လိုက်သွားသော ရထားထိန်းနှင့်တူပါသည်။

ဥပေက္ခာသည် ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌ မဇ္ဈတ္တာကာရအားဖြင့် ရှုခြင်း လက္ခဏာရှိပါသည်။

(၁၃၃၄-ခု, အကြီးတန်း)

## ❐ အဒေါသနှင့် မေတ္တာတို့အထူး

အဒေါသသည် အစဏ္ဍိက္ကလက္ခဏာ (မကြမ်းတမ်းခြင်းသဘော) ရှိပါသည်၊ သောဘနစိတ်အားလုံးနှင့် ယှဉ်ပါသည်။

http://www.dhammadownload.com


မေတ္တာသည် သတ္တာနံ ဟိတာကာရပ္ပဝတ္တိလက္ခဏာ (သတ္တဝါတို့၏ စီးပွားချမ်းသာကို ဆောင်ခြင်းသဘော) ရှိပါသည်။ ပဉ္စမရျာန်ကြဉ်သော မဟဂ္ဂုတ် ၁၂-ပါး၊ မဟာကုသိုလ် ၈-ပါး၊ မဟာကြိယာ ၈-ပါး၊ ပေါင်း ၂၈-ပါးသောစေတသိက်တို့နှင့်သာ ယှဉ်သည်။ ဤသို့ထူးသည်။ (၁၃၃၂-ခု အကြီးတန်း)

- **ကာယပဿဒ္ဓိ-စသည်၌ ကာယ-အရ**

ဝေဒနာစသော ခန္ဓာ ၃-ပါး အပေါင်းကိုရပါသည်။

(၁၃၃၇-ခု၊ ၄၈-ခု၊ ၆၃-ခု အငယ်တန်း)

- **ကာယပဿဒ္ဓိစသည်ကို နှစ်ပါးတွဲ၍ ဟောခြင်း အကြောင်း**

ကာယပဿဒ္ဓိစသည်တို့သည် စုံတွဲစုံတွဲသာလျှင် မိမိတို့၏ ဆန့်ကျင်ဘက်တရားကို ပယ်သတ်ကြသော ကြောင့် နှစ်ပါးတွဲ၍ ဟောပါသည်။

(၁၃၆၁-ခု, ၆၃-ခု အငယ်တန်း)

- **စုံတွဲစေတသိက်များ (ယုဂဠစေတသိက်များ)**

ကာယပဿဒ္ဓိ ၊ စိတ္တပဿဒ္ဓိ
ကာယလဟုတာ ၊ စိတ္တလဟုတာ၊

http://www.dhammadownload.com


| | |
|---|---|
| ကာယမုဒုတာ | စိတ္တမုဒုတာ |
| ကာယကမ္မညတာ | စိတ္တကမ္မညတာ၊ |
| ကာယပါဂုညတာ | စိတ္တပါဂုညတာ၊ |
| ကာယုဇုကတာ | စိတ္တုဇုကတာ။ |

(၁၃၅၃-ခု အခြေပြုတန်း)

**❑ ကိုယ်ရောဂါ၊ စိတ်ရောဂါတို့ကို ကာကွယ်ကုသနိုင်သော စေတသိက်များနှင့် သမ္ပယောဂနယ်**

ကာယပါဂုညတာ, စိတ္တပါဂုညတာ။

သမ္ပယုတ္တနယ်- သောဘနစိတ်အကျဉ်း ၅၉-ပါး၊ အကျယ် ၉၁-ပါး။ (၁၃၆၄-ခု အကြီးတန်း)

**❑ စုံတွဲစေတသိက်တို့နှင့် ယှဉ်သောစိတ်များ**

အကျဉ်း ၅၉-ပါး

အကျယ် ၉၁-ပါး (၁၃၅၃-ခု အခြေပြုတန်း)

**❑ သမ္မာဝါစာအပြား**

မုသာဝါဒါ ဝေရမဏီ, ပိသုဏာဝါစာ ဝေရမဏီ, ဖရုသဝါစာ ဝေရမဏီ၊ သမ္ဖပ္ပလာပ ဝေရမဏီအားဖြင့် လေးပါး။ (၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



## ❏ သမ္မာအာဇီဝ (၇) မျိုး

အသက်မွေးမှု အကြောင်းရင်းရှိသော ကာယဒုစရိုက် (၃)ပါး မှရှောင်ကြဉ်ခြင်း သမ္မာအာဇီဝ (၃)မျိုး၊ ဝစီဒုစရိုက် (၄)ပါးမှ ရှောင်ကြဉ်ခြင်း သမ္မာအာဇီဝ (၄)မျိုး၊ ပေါင်း (၇)မျိုး (၁၃၅၂-ခု အငယ်တန်း)

## ❏ ကြက်တစ်ကောင်ကို သတ်မည်ပြုပြီးမှ မသတ်ဘဲ ရှောင်ကြဉ်လျှင် ဖြစ်နိုင်သောဝိရတီ

အာဇီဝဟေတုကိုမငဲ့လျှင် သမ္မာကမ္မန္တဝိရတီ၊ အာဇီဝဟေတုကိုငဲ့လျှင် သမ္မာအာဇီဝဝိရတီ၊ ကြံတင်ဆောက်တည်ပြီး ရှောင်ကြဉ်လျှင် သမာဒါနဝိရတီ၊ ကြံတင်မဆောက်တည်ဘဲ ရှောင်ကြဉ်လျှင် သမ္ပတ္တဝိရတီ။ (၁၃၆၄-ခု အကြီးတန်း)

## ❏ လေယာဉ်ပျံတီထွင်သူတို့၏ ပညာသည် ပညာစစ် မဟုတ်

အနိစ္စစသောအပြားအားဖြင့် လက္ခဏာကို ထိုးထွင်း၍ သိသောပညာသာ ပညာအစစ်ဖြစ်နိုင်သည်၊ ထို့ကြောင့် လေယာဉ်ပျံများတီထွင်သော ပုဂ္ဂိုလ်တို့၏ ပညာသည် ပညာအစစ် မဖြစ်၊ သညာသာဖြစ်သည်။

(၁၃၆၃-ခု အလတ်တန်း)

http://www.dhammadownload.com



## ❒ သဗ္ဗညုတဉာဏ်တော်-အရ

မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု၌ရှိသော ပညာ စေတသိက်။ (၁၃၃၂-ခု အလတ်တန်း)

## ❒ ဉာဏ်နှင့် ဒိဋ္ဌိအထူး

ဉာဏ်သည် အာရုံကို ဟုတ်တိုင်းမှန်စွာ သိသည်၊ ဒိဋ္ဌိသည် ဟုတ်မှန်သောသဘောကိုစွန့်၍ မဟုတ်မမှန် သောအားဖြင့် ယူတတ်သည်၊ ဤသို့ထူးပါသည်။

(၁၃၃၄-ခု, ၆၁-ခု၊ ၆၃-ခု, ၆၄-ခု အငယ်တန်း၊ ၆၁-ခု အလတ်တန်း)

## ❒ သညာ, ဝိညာဏ်, ပညာတို့အထူး

ကလေး၏ ရွှေကိုသိခြင်းသညာသည် အညို စသည်တို့၏ အစွမ်းအားဖြင့် သိခြင်းမျှကိုသာ ပြုနိုင်သည်၊ လက္ခဏာထိုးထွင်း၍ သိခြင်းကို မပြုနိုင်။

ရွာသား၏ ရွှေကိုသိခြင်းကဲ့သို့ ဝိညာဉ်သည် အညို စသည်တို့၏အစွမ်းအားဖြင့် သိခြင်းမျှကိုလည်းပြုနိုင်သည်၊ လက္ခဏာထိုးထွင်း၍ သိခြင်းကိုလည်းပြီးစေနိုင်သည်၊ အားထုတ်၍ မဂ်သို့ရောက်စေခြင်း၌ မစွမ်းနိုင်။

ရွှေပန်းတိမ်သည်၏ ရွှေကိုသိခြင်းကဲ့သို့ ပညာသည် အညိုစသည်တို့၏ အစွမ်းမျှဖြင့် သိခြင်းမျှကိုလည်း

http://www.dhammadownload.com



သိနိုင်သည်။ လက္ခဏာထိုးထွင်းသိခြင်းကိုလည်း ပြီးစေနိုင်သည်၊ အားထုတ်၍ မဂ်သို့လည်း ရောက်စေနိုင်သည်၊ ဤသို့ထူးပါသည်။

(၁၃၆၁-ခု အလတ်တန်း၊ ၅၁-ခု၊ ၆၁-ခု အငယ်တန်း)

## ❒ ပုထုဇဉ်၏ ကရုဏာနှင့် ဘုရားရှင်တို့၏ ကရုဏာအထူး

ပုထုဇဉ်၏ သန္တာန်၌ဖြစ်သော ကရုဏာသည် မဟာကုသိုလ်စိတ်, ပဉ္စမစျာန်ကြဉ် မဟဂ္ဂုတ် ကုသိုလ်စိတ်တို့နှင့် ယှဉ်သော သမာန်ကရုဏာမျိုးသာ ဖြစ်ပါသည်။

သဗ္ဗညုဘုရားရှင်၏ သန္တာန်၌ဖြစ်သော မဟာကရုဏာကား မဟာကြိယာစိတ်, ပဉ္စမစျာန်ကြဉ် မဟဂ္ဂုတ် ကြိယာစိတ်တို့နှင့်ယှဉ်သော သတ္တဝါအားလုံးအပေါ် ပျံ့နှံ့နိုင်သည်။ မနှိုင်းယှဉ်အပ် ကြီးမြတ်သည့် ကရုဏာဖြစ်သည်။ (၁၃၅၁-ခု၊ ၅၇-ခု အကြီးတန်း)

## ❒ အပ္ပမညာမည်နိုင်ပုံ

အတိုင်းအရှည်မရှိသော သတ္တဝါပညတ်လျှင် အာရုံရှိသောကြောင့် အပ္ပမညာ။ (၁၃၆၃-ခု အငယ်တန်း)

## ❒ မုဒိတာအဓိပ္ပါယ်

သူတစ်ပါးပြည့်စုံခြင်းကို ဝမ်းမြောက်ကြောင်းဖြစ်သောကြောင့် မုဒိတာမည်သည်။ (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



### ❐ အပ္ပမညာ ၄-ပါးရှိပါလျက် စေတသိက်ပိုင်း၌ ၂-ပါးသာပြခြင်းအကြောင်း

အဒေါသဖြင့် မေတ္တာကို၊ တတြမဇ္ဈတ္တတာဖြင့် ဥပေက္ခာကိုယူပြီးဖြစ်သောကြောင့် မေတ္တာနှင့် ဥပေက္ခာကို မပြဆိုဘဲ ကရုဏာ, မုဒိတာ နှစ်ပါးကို ပြဆိုရပါသည်။

(၁၃၆၁-ခု အလတ်တန်း၊ ၃၃-ခု, ၄၇-ခု, ၆၁-ခု, ၆၃-ခု အငယ်တန်း)

### ❐ အပ္ပမညာနှစ်ပါးကို ဒွေ အပ္ပမညာယောဟု သင်္ချာမတပ်ခြင်းအကြောင်း

အပ္ပမညာသည် နှစ်ပါးသာရှိသည် မဟုတ်၊ ကမ္မဋ္ဌာန်းပိုင်း၌ လေးပါးဆိုလတံ့ဖြစ်သောကြောင့် ဒွေ အပ္ပမညာယောဟု သင်္ချာတပ်၍ မဆိုပါ။

(၁၃၃၇-ခု အကြီးတန်း)

### ❐ ပညိန္ဒြိယေန သဒ္ဓိံ၌ ပညာမည်ခြင်းအကြောင်း

အနိစ္စ စသောအပြားအားဖြင့် ထိုးထွင်း၍ သိတတ်သောကြောင့် ပညာမည်ပါသည်။ (၁၃၆၄-ခု အငယ်တန်း)

### ❐ သမ္ပယောဂနည်း အဓိပ္ပါယ်

စေတသိက်တို့၏ စိတ်၌ယှဉ်ဟန်ကို ပြသော နည်းသည် သမ္ပယောဂနည်း။

http://www.dhammadownload.com



**(ဆောင်)** ၁။ယှဉ်ရာစိတ်ဓာတ်, ပိုင်းဖြတ်လိုရိပ်, စေတသိက်၏, စိတ်၌ ယှဉ်ဟန်, မိန့်သည်မှန်, နည်းသမ္ပယောဂ-သော်ဌသ။
၂။ယှဉ်သည့်စေတသိက်,ပိုင်းဖြတ်ရိပ်ကြောင့်, စိတ်၌ ပေါင်းရုံး, ရေတွက်ကျုံး, နည်းထုံးသင်္ဂဟ-တော်တွင့်သ။

## ☐ သမ္ပယောဂနည်းအရေအတွက်

| | |
|---|---|
| အညသမာန်းသမ္ပယောနည်း | ၇-နည်း |
| အကုသိုလ်သမ္ပယောဂနည်း | ၅-နည်း |
| သောဘနသမ္ပယောဂနည်း | ၄-နည်း |
| ပေါင်း | ၁၆-နည်း |

(၁၃၃၇-ခု၊ ၆၃-ခု အငယ်တန်း၊ ၆၀-ခု အခြေပြုတန်း)

## ☐ အာရုံတစ်ခုတည်းဖြင့် တည်ကြည်ခြင်းသဘောနှင့် ယှဉ်သောစိတ်

တည်ကြည်ခြင်းသဘောဟူသည် ဧကဂ္ဂတာ ဖြစ်ပါသည်။

ယင်းဧကဂ္ဂတာသည် စိတ်အားလုံးနှင့် ယှဉ်သည်။

(၁၃၅၄-ခု အခြေပြုတန်း)

http://www.dhammadownload.com



## ❐ စိတ်အားလုံးနှင့် ယှဉ်နိုင်သော စေတသိက်များ

ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရအားဖြင့် ၇–ပါး ဖြစ်ပါသည်။

(၁၃၅၂–ခု၊၁၃၆၀–ခု အခြေပြုတန်း)

## ❐ စေတနာကောင်း

ကုသိုလ်စေတနာ

တစ်နည်း – သောဘဏစေတနာ

## ❐ စေတနာယုတ်

အကုသိုလ်စေတနာ

တစ်နည်း – အသောဘဏစေတနာ

(၁၃၄၈–ခု အခြေပြုတန်း)

## ❐ စိတ်အများဆုံးယှဉ်သော စေတသိက်

သဗ္ဗစိတ္တသာဓာရဏ စေတသိက်။

(၁၃၆၄–ခု အလတ်တန်း)

## ❐ စိတ်အနည်းဆုံးယှဉ်သောစေတသိက်

ဝိစိကိစ္ဆာစေတသိက် (၁၃၆၄–ခု အလတ်တန်း)

http://www.dhammadownload.com



## ❑ စေတသိက်အနည်းဆုံးယှဉ်သောစိတ်

ဒွေးပဥ္စဝိညာဏ် ၁၀။ (၁၃၆၄-ခု အလတ်တန်း)

## ❑ ဝိတက်နှင့် ယှဉ်သောစိတ်များ

ဒွေပဥ္စဝိညာဉ် ၁၀-ကြဉ်သော ကာမစိတ် ၄၄-ပါး၊ ပဌမဈာန်စိတ် ၁၁-ပါး၊ ပေါင်း �55-ပါး။

(၁၃၆၃-ခု အလတ်တန်း)

## ❑ ဝိတက်နှင့် မယှဉ်နိုင်သော လောကီစိတ်

ဒွေပဥ္စဝိညာဏ် ၁၀၊ မဟဂ္ဂုတ် ဒုတိယဈာန် ၃၊ စတုတ္ထဈာန် ၃၊ ပဥ္စမဈာန် ၁၅-ခု၊ ပေါင်း ၃၄-ခု။

(၁၃၆၃-ခု အငယ်တန်း)

## ❑ ဝိတက်မယှဉ်သောစိတ် ၆၆-ပါးတို့ အာရုံသို့ တက်ရောက်နိုင်ပုံ

တောရွာသားသည် မင်းကျွမ်းဝင်သော ဆွေမျိုးမိတ်ဆွေကိုမှီ၍ မင်းနန်းတော်သို့ ဝင်ရောက်ဖူးသော အလေ့အကျက်ကြောင့် မင်းကျွမ်းဝင်သောသူနှင့် ကင်း၍လည်း ရွံ့ ရှားခြင်းမရှိဘဲ မင်းနန်းတော်သို့ ဝင်နိုင်သကဲ့သို့ ထို့အတူ သဝိတက္ကစိတ်သန္တာန်၌ မပြတ်ဖြစ်ခဲ့ခြင်း၏

http://www.dhammadownload.com



အထုံအစွမ်းကြောင့် ဝိတက်မပါဘဲလည်း အာရုံသို့ တက်ရောက်နိုင်သည်။

တစ်နည်း- ဒွေးပဉ္စဝိညာဏ် ၁၀- သည် ဝတ္ထု၊ အာရုံသို့ ထိခိုက်ခြင်း၏အစွမ်းကြောင့် အာရုံသို့ တက်ရောက်နိုင်သည်။ ဒုတိယဈာန် စသည်တို့သည်လည်း အောက်၌ဖြစ်သော ဘာဝနာ၏ အစွမ်းကြောင့် အာရုံသို့ တက်ရောက်နိုင်သည်။

(၁၃၆၄-ခု အလတ်တန်း၊ ၆၁-ခု အကြီးတန်း)

## ❐ သဘာဝအဝိတက္ကစိတ်

ဒွေး ပဉ္စဝိညာဏ် ၁၀-ခု။

## ❐ ဘာဝနာဗလအဝိတက္ကစိတ်

ဒုတိယဈာန် ၁၁-ခု၊ တတိယဈာန် ၁၁-ခု၊ စတုတ္ထဈာန် ၁၁-ခု၊ ပဉ္စမဈာန် ၂၃-ခု၊ ပေါင်း ၅၆-ခု။

(၁၃၆၁-ခု အကြီးတန်း၊ ၁၃၆၁-ခု အလတ်တန်း)

## ❐ ဝိတက်ယှဉ်ရာ၌ ဒွိပဉ္စဝိညာဏဝဇ္ဇိတဖြစ်ရခြင်း အကြောင်း

သဘောအားဖြင့် ဝိတက်ကင်းသောကြောင့် ဒွိပဉ္စဝိညာဏဝဇ္ဇိတ ဖြစ်ရပါသည်။ (၁၃၆၄-ခု အငယ်တန်း)

http://www.dhammadownload.com



❒ **လုံ့လမမှု နတ်မကျဘူး ဟူသော စကား၌ လုံ့လဟူသော စကား၏ ပရမတ္ထသဘာဝနှင့် ယှဉ်တွဲစိတ်များ**

လုံ့လအရ- ဝီရိယစေတသိက်

❒ **ငင်း၏ယှဉ်တွဲစိတ်များ**

အကုသိုလ်စိတ် ၁၂-ခု၊ မနောဒွါရာဝဇ္ဇန်း ၁-ခု၊ ဟသိတုပ္ပါဒ် ၁-ခု၊ သောဘနစိတ် ၅၉-ခု၊ ပေါင်း ၇၃-ခု။ (၁၃၆၄-ခု အငယ်တန်း)

❒ **အဓိမောက္ခနှင့်သာယှဉ်၍ ဝီရိယနှင့် မယှဉ်သောစိတ်**

(က) သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏ ၃-ခု၊ ပဉ္စဒွါရာဝဇ္ဇန်း။

(၁၃၆၄-ခု အငယ်တန်း)

❒ **ဝီရိယနှင့်သာယှဉ်၍ အဓိမောက္ခနှင့် မယှဉ်သောစိတ်**

(ခ) ဝိစိကိစ္ဆာသဟဂုတ် (၁၃၆၄-ခု အငယ်တန်း)

❒ **နှစ်ပါးစုံမယှဉ်သောစိတ်**

(ဂ) ဒွေ ပဉ္စဝိညာဏ် ၁၀။ (၁၃၆၄-ခု အငယ်တန်း)

❒ **နှစ်ပါးစုံယှဉ်သောစိတ်**

(ဃ) ဝိစိကိစ္ဆာကြဉ်သော အကုသိုလ်စိတ် (၁၁) ခု၊

http://www.dhammadownload.com



မနော်ဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်၊ သောဘနစိတ် ၅၉-ခု။ (၁၃၆၄-ခု အငယ်တန်း)

## □ အာရုံကို ဆုံးဖြတ်သော စေတသိက်နှင့် ယှဉ်ရာစိတ်

အဓိမောက္ခ။

ယင်းအဓိမောက္ခသည် ဒွေပဉ္စဝိညာဏ် (၁၀), ဝိစိကိစ္ဆာ ကြဉ်သော (၇၈) ပါးသော စိတ်တို့၌ယှဉ်သည်။

## □ ပီတိနှင့် မယှဉ်သောစိတ်

ဒေါသမူဒွေ၊ ဥပေက္ခာ သဟဂုတ်စိတ် ၅၅-ပါး၊ ကာယဝိညာဏ်ဒွေ၊ စတုတ္ထစျာန်စိတ် ၁၁-ပါးအားဖြင့် ၇၀ ဖြစ်ပါသည်။ (၁၃၆၀-ခု အခြေပြုတန်း)

## □ ပီတိနှင့် ယှဉ်သောစိတ်

ကာမသောမနဿစိတ် ၁၈-ပါး၊ ပထမစျာန်စိတ် ၁၁-ပါး၊ ဒုတိယစျာန်စိတ် ၁၁-ပါး၊ တတိယစျာန်စိတ် ၁၁-ပါးအားဖြင့် ၅၁-ပါး ဖြစ်ပါသည်။

(၁၃၆၀-ခု အခြေပြုတန်း၊ အလတ်တန်း)

## □ ပီတိနှင့် ယှဉ်သော အဟိတ်စိတ်များ

သောမနဿသန္တီရဏ၊ ဟသိတုပ္ပါဒ်အားဖြင့် ၂-ပါး။ (၁၃၆၄-ခု အငယ်တန်း)

http://www.dhammadownload.com


**❑ ဆန္ဒကြဉ်ပကိဏ်းစေတသိက် ၅-ပါးလုံးနှင့် ယှဉ်သော ကာမစိတ်**

လောဘမူသောမနဿ ၄-ပါး၊ ဟသိတုပ္ပါဒ်၊ ကာမာဝစရသောဘန သောမနဿ ၁၂-ပါး၊ ပေါင်း ၁၇-ပါး။ (၁၃၆၁-ခု အကြီးတန်း)

**❑ ပကိဏ်းစေတသိက် အားလုံးနှင့် ယှဉ်သော ကာမစိတ်**

လောဘမူသောမနဿ ၄-ပါး၊ ကာမာဝစရ သောဘနသောမနဿ ၁၂-ပါး၊ ပေါင်း ၁၇-ပါး။ (၁၃၆၁-ခု အကြီးတန်း)

**❑ ပကိဏ်းစေတသိက်အားနှင့် မယှဉ်သောစိတ်**

ဒွေပဉ္စဝိညာဏ် ၁၀။ (၁၃၆၃-ခု အလတ်တန်း)

**❑ ဝိတက်, ပီတိတို့ မရနိုင်သော လောကုတ္တရာစိတ်**

ဝိတက်ကို ဒုတိယဈာန်စသည်၌ မရ၊ ပီတိကို စတုတ္ထဈာန်, ပဉ္စမဈာန်၌ မရ။ (၁၃၆၂-ခု အကြီးတန်း)

**❑ ဝိစိကိစ္ဆာစိတ်၌ အဓိမောက္ခမယှဉ်ခြင်းအကြောင်း**

အဓိမောက္ခသည် အာရုံကို ဆုံးဖြတ်ခြင်းလက္ခဏာ ရှိသောကြောင့် အာရုံကို မဆုံးဖြတ်နိုင်ခြင်းလက္ခဏာရှိသော

http://www.dhammadownload.com


ဝိစိကိစ္ဆာ စိတ်၌ မယှဉ်ပါ။

(၁၃၄၁-ခု အငယ်တန်း၊ ၃၇-ခု အလတ်တန်း)

❒ ကြံစည်မှုသာ ရှိ၍ နှစ်သက်မှု မရှိသောစိတ်

| | |
|---|---|
| အကုသိုလ်ဥပေက္ခာ | ၆-ပါး |
| ဒေါသမူ | ၂-ပါး |
| သမ္ပဋိစ္ဆိုင်း | ၂-ပါး |
| ဥပေက္ခာသန္တီရဏ | ၂-ပါး |
| အာဝဇ္ဇန်း ဒွေး | ၂-ပါး |
| ကာမာဝစရသောဘနဥပေက္ခာ | ၁၂-ပါး |
| ပေါင်း | ၂၆-ပါး |

❒ နှစ်သက်မှုသာ ရှိ၍ ကြံစည်မှု မရှိသောစိတ်

| | |
|---|---|
| ဒုတိယဈာန်စိတ် | ၁၁-ပါး |
| တတိယဈာန်စိတ် | ၁၁-ပါး |
| ပေါင်း | ၂၂-ပါး |

❒ ကြံစည်မှု၊ နှစ်သက်မှုနှစ်ပါးစုံ ရှိသောစိတ်

| | |
|---|---|
| ကာမသောမနဿစိတ် | ၁၈-ပါး |
| ပထမဈာန် | ၁၁-ပါး |
| | ၂၉-ပါး |

http://www.dhammadownload.com



### ❒ နှစ်ပါးစုံ မရှိသောစိတ်

| | |
|---|---|
| ဒွေပဉ္စဝိညာဏ် | ၁၀-ပါး |
| စတုတ္ထဈာန် | ၁၁-ပါး |
| ပဉ္စမဈာန် | ၂၃-ပါး |
| ပေါင်း | ၄၄ -ပါး |

(၁၃၅၂-ခု အကြီးတန်း)

### ❒ ဝီရိယသာယှဉ်၍ ပီတိမယှဉ်သော အဟိတ်စိတ်

မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပါသည်။

(၁၃၆၁-ခု အကြီးတန်း)

### ❒ ၎င်းနှင့်ယှဉ်သော စေတသိက်

ဆန္ဒ, ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၁-ပါး။ (၁၃၆၁-ခု အကြီးတန်း)

### ❒ ဝီရိယသာ ယှဉ်၍ ပီတိ မယှဉ်သောစိတ်

| | |
|---|---|
| အကုသိုလ်ဥပေက္ခာ | ၆-ပါး |
| ဒေါသမူဒွေ | ၂-ပါး |
| မနောဒွါရာဝဇ္ဇန်း | ၁-ပါး |
| ကာမာဝစရသောဘနဥပေက္ခာ | ၁၂-ပါး |

http://www.dhammadownload.com



| | |
|---|---|
| စတုတ္ထဈာန် | ၁၁-ပါး |
| ပဉ္စမဈာန် | ၂၃-ပါး |
| ပေါင်း | ၅၅-ပါး |

❑ ပီတိသာ ယှဉ်၍ ဝီရိယ မယှဉ်သောစိတ်

သောမနဿ သန္တီရဏ။

❑ နှစ်ပါးစုံ ယှဉ်သောစိတ်

အကုသိုလ်သောမနဿ ၄၊ ဟသိတုပ္ပါဒ်၊ ကာမာဝစရ သောမနဿ ၁၂၊ ပဌမဈာန် ၁၁၊ ဒုတိယဈာန် ၁၁၊ တတိယဈာန် ၁၁၊ ပေါင်း ၅၀။

❑ နှစ်ပါးစုံ မယှဉ်သောစိတ်

ဒွေပဉ္စဝိညာဏ် ၁၀၊ ဥပေက္ခာ သန္တီရဏ ၂၊ သမ္ပဋိစ္ဆိုင်း ၂၊ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ပေါင်း ၁၅-ပါး။

(၁၃၃၇-ခု အလတ်တန်း)

❑ ဆသဋ္ဌိမဒ္ဓပညာသ-၌ ပဉ္စပညာသ-အရ

| | |
|---|---|
| ဒွေးပဉ္စဝိညာဏ် | ၁၀-ခု |
| တတိယဈာန် | ၁၁-ခု |
| စတုတ္ထဈာန် | ၁၁-ခု |

http://www.dhammadownload.com


| | |
|---|---|
| ပဉ္စမစျာန် | ၂၃-ခု |
| ပေါင်း | ၅၅-ခု |

(၁၃၆၁-ခု အငယ်တန်း)

☐ ပဉ္စပညာသ ဆသင်္ဂဟ-၌ ဆသင်္ဂဟ-အရ

| | |
|---|---|
| ဒွေးပဉ္စဝိညာဉ် ၁၀-ကြဉ် ကာမစိတ် | ၄၄-ခု |
| ပထမစျာန် | ၁၁-ခု |
| ဒုတိယစျာန် | ၁၁-ခု |
| ပေါင်း | ၆၆-ခု |

(၁၃၆၁-ခု အငယ်တန်း)

☐ ပကိဏ်းစေတသိက်များ၌ စိတ်အကျဉ်းယှဉ်စေတသိက်

အဓိမောက္ခ, ဝီရိယ, ဆန္ဒ

☐ စိတ်အကျယ်ယှဉ်စေတသိက်

ဝိတက်, ဝိစာရ, ပီတိ (၁၃၆၁-ခု အကြီးတန်း)

☐ ပကိဏ်းစေတသိက်အားလုံးနှင့်ယှဉ်သော အကုသိုလ်စိတ်

လောဘမူသောမနဿ (၄)ပါး (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ သဗ္ဗာကုသလသာဓာရဏ စေတသိက် ၄-ပါးတို့ အကုသိုလ်စိတ်အားလုံး၌ ယှဉ်ခြင်းအကြောင်း

သူ့အသက်သတ်ခြင်းစသည်ကို ပြုသောသူသည် မောဟဖြင့် အပြစ်ကို မမြင်သောကြောင့်လည်းကောင်း၊ အဟိရိကဖြင့် မစက်ဆုတ်သောကြောင့် လည်းကောင်း၊ အနောတ္တပ္ပဖြင့် မကြောက်လန့်သောကြောင့်လည်းကောင်း၊ ဥဒ္ဓစ္စဖြင့် မငြိမ်သက် ပျံ့လွင့်သောကြောင့်လည်းကောင်း ထိုသူ့အသက်သတ်ခြင်းစသည်ကိုပြု၏။ ထို့ကြောင့် လေးပါးကုန်သော စေတသိက်တို့ကို အလုံးစုံသော အကုသိုလ်စိတ်၌ ရအပ်ပါသည်။

(၁၃၆၃-ခု အကြီးတန်း၊ ၃၀-ခု အလတ်တန်း)

## ❐ သဗ္ဗာကုသလသာဓာရဏဟုဆိုပြီးပါလျက် သဗ္ဗေသုပိ-ဟုထပ်ဆိုရကျိုး

သဗ္ဗာကုသလသာဓာရဏအဖြစ်ကိုပင် ပိုမိုပြီးပြည့်စုံစေခြင်းငှါ သဗ္ဗေသုပိစသည်ကို ထပ်၍ဆိုရသည်။

(၁၃၄၁-ခု အလတ်တန်း)

http://www.dhammadownload.com



**❒ မကောင်းမှုပြုလုပ်တိုင်း ပါဝင်သော အကုသိုလ်**

မောဟ,အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စပေါင်း ၄-ပါး။ (၁၃၆၁-ခု အလတ်တန်း)

**❒ စိတ်ပျံ့လွင့်သောသဘောနှင့်, ယှဉ်ဖက်စေတသိက်**

ဥဒ္ဓစ္စစေတသိက် ဖြစ်ပါသည်။

ယင်းဥဒ္ဓစ္စသည် အကုသိုလ်စိတ် ၁၂-ပါးလုံး၌ ယှဉ်သည်။ (၁၃၅၄-ခု အခြေပြုတန်း)

**❒ အကုသိုလ်စေတသိက်၁၄-ပါး တို့နှင့် ယှဉ်ရာစိတ်များ**

မောဟ,အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စတို့သည် အကုသိုလ် စိတ် ၁၂-ပါးလုံး၌ ယှဉ်သည်။

လောဘသည် လောဘမူစိတ် ၈-ပါး၌သာ ယှဉ်သည်။

ဒိဋ္ဌိသည် ဒိဋ္ဌိဂုတသမ္ပယုတ်စိတ် ၄-ပါးသာ ယှဉ်သည်။

မာနသည် ဒိဋ္ဌိဂုတ ဝိပ္ပယုတ်စိတ် ၄-ပါး၌သာ ယှဉ်သည်။

ဒေါသ, ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စတို့သည် ဒေါသမူစိတ် (၂)ပါး၌သာ ယှဉ်သည်။

http://www.dhammadownload.com



ထိနမိဒ္ဓသည် သင်္ခါရိကစိတ် ၅-ပါး၌သာ ယှဉ်သည်။

ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌သာ ယှဉ်သည်။

(၁၃၆၃-ခု အငယ်တန်း)

## ❑ လောဘ မယှဉ်သော အကုသိုလ်စိတ်

ဒေါသမူစိတ် ၂-ပါး၊ မောဟမူစိတ် ၂-ပါး အားဖြင့် ၄-ပါး ဖြစ်ပါသည်။ (၁၃၆၀-ခု အခြေပြုတန်း)

## ❑ လောဘ မယှဉ်သော သောဘနစိတ်

ကာမဝစရ သောဘနဉာဏဝိပ္ပယုတ်စိတ် ၁၂-ပါး ဖြစ်ပါသည်။ (၁၃၆၀-ခု အခြေပြုတန်း)

## ❑ ဒိဋ္ဌိစေတသိက် လောဘမူစိတ်၌သာ ယှဉ်ခြင်းအကြောင်း

ဒိဋ္ဌိသည် သက္ကာယတရားတို့၌ အတ္တဟု မှားယွင်းစွာ နှလုံးသွင်းသူအား ထိုတရားတို့၌ ငါ ငါ့ဥစ္စာဟု တွယ်တာမြတ်နိုးခြင်း ဖြစ်သင့်သောကြောင့်တည်း။

(၁၃၆၄-ခု အငယ်တန်း)

http://www.dhammadownload.com



❒ **လောဘမူစိတ်၌ ယှဉ်တာခြင်းတူသော်လည်း ဒိဋ္ဌိနှင့်တွဲမဖြစ်သော စေတသိက်နှင့် ယှဉ်ရာစိတ် စသည်**

မာနစေတသိက်ဖြစ်သည်။

ယှဉ်သောစိတ် - လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု

ဝေဒနာ - သောမနဿ, ဥပေက္ခာ။

ဟိတ် - ဒွိဟိတ်။

ကိစ္စ - ဇောကိစ္စ။ (၁၃၅၃-အကြီးတန်း)

❒ **စိတ် ၄-ပါး၌သာ ယှဉ်သော စေတသိက်**

ဒိဋ္ဌိ၊ မာန စေတသိက် (၁၃၆၀-ခု အခြေပြုတန်း)

❒ **မာနနှင့် အတူဖြစ်သောစိတ်**

ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု။ (၁၃၅၀-ခု အခြေပြုတန်း)

❒ **ဒိဋ္ဌိနှင့် မာန အတူတကွ မဖြစ်ခြင်းအကြောင်း**

မာန-သည် ငါ-ဟူသော အဟံမာန၏ အစွမ်းဖြင့် ဖြစ်ရကား ဒိဋ္ဌိနှင့် သဘောတူ ဖြစ်သောကြောင့် ဒိဋ္ဌိနှင့် တကွ တစ်ခုတည်းသော စိတ်၌ မဖြစ်နိုင်ပါ။

ဥပမာ- ကေသရာဇာခြင်္သေ့မင်းတစ်ကောင်သည် အခြား ခြင်္သေ့မင်းတစ်ကောင်နှင့်အတူ တစ်ဂူတည်းမှာ မအောင်း သကဲ့သို့ ဖြစ်ပါသည်။ (၁၃၆၄-ခု အငယ်တန်း)

http://www.dhammadownload.com



❐ **ဒေါသနှင့် အတူဖြစ်သောစိတ်**

ဒေါသမူဒွေး ။ (၁၃၅၀-ခု အခြေပြုတန်း)

❐ **ဒေါသမူဒွေ၌ မာနမယှဉ်နိုင်ခြင်းအကြောင်း**

မာနသည် မိမိ၌ချစ်ခြင်းလျှင် မိုရာရှိသည့်အတွက် စင်စစ် လောဘလျှင် နီးစွာသောအကြောင်း ရှိသောကြောင့် ဒေါသမူစိတ်၌ မယှဉ်ပါ။ (၁၃၆၄-ခု အငယ်တန်း)

❐ **ဘဝင့်မြင့်သူဖြစ်ကြောင်း စေတသိက်**

မာနစေတသိက်ဖြစ်သည်။

❐ **ယှဉ်ရာစိတ်**

ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု (၁၃၅၂-ခု အခြေပြုတန်း)

❐ **သောမနဿသဟဂုတ်စိတ်တို့နှင့် မယှဉ်သော စေတသိက်များ**

ဝေဒနာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ။ (၁၃၃၀-ခု အငယ်တန်း)

http://www.dhammadownload.com



### ☐ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့ ဒေါသမူဒွေး၌သာ ယှဉ်ရခြင်း အကြောင်း

သူတစ်ပါးစည်းစိမ်ကို ငြူစူခြင်း၊ မိမိစည်းစိမ်ကို လျှို့ဝှက် ခြင်း၊ ပြုအပ်ပြီးသောဒုစရိုက် မပြုအပ်သေးသော သုစရိုက်တို့၌ အဖန်တလဲလဲ စိုးရိမ်ခြင်းရှိသော သူအား ထိပါးညှဉ်းဆဲသကဲ့ သို့ ဖြစ်သောကြောင့် ထိုစေတသိက် ၃-ခု တို့သည် ဒေါသမူဒွေ၌သာ ယှဉ်ရသည်။

(၁၃၆၃-ခု အငယ်တန်း)

### ☐ ဒုစရိုက်ပြုလုပ်ပြီး နောင်တတဖန် ပူပန်နေသူ၏ သန္တာန်၌ ဖြစ်သော စိတ်

ဒေါသမူဒွေး (၁၃၆၁-ခု အကြီးတန်း)

### ☐ ယှဉ်ဖက်စေတသိက်

ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂-ခု၊ မောစတုက် ၄-ခု၊ ဒေါသ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ၊ ပေါင်း ၂၀။ (၁၃၆၁-ခု အကြီးတန်း)

### ☐ မာနသာ ယှဉ်၍ ထိန၊ မိဒ္ဓမယှဉ်သော အကုသိုလ်စိတ်

ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက ၂-ပါး။

http://www.dhammadownload.com



☐ **ထိန,မိဒ္ဓသာ ယှဉ်၍ မာန မယှဉ်သောစိတ်**

ဒေါသမူသသင်္ခါရိက၊ ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိ ၂-ပါး၊ ပေါင်း သသင်္ခါရိက ၃-ပါး။

☐ **နှစ်ပါးစုံ ယှဉ်သောအကုသိုလ်စိတ်**

ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက ၂-ပါး

☐ **နှစ်ပါးစုံ မယှဉ်သော အကုသိုလ်စိတ်**

ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက ၂-ပါး၊ ဒေါသမူ အသင်္ခါရိက ၁-ပါး၊ မောဟမူ ၂-ပေါင်း ၅-ပါး

(၁၃၃၆-ခု အလတ်တန်း)

☐ **လောဘသာ ယှဉ်၍ ထိနမိဒ္ဓ မယှဉ်သောစိတ်**

ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက ၂-ပါး၊ ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိက ၂-ပါး ။

☐ **ထိန,မိဒ္ဓသာ ယှဉ်၍ လောဘ မယှဉ်သောစိတ်**

ဒေါသမူသသင်္ခါရိက ၁-ပါး၊

☐ **နှစ်ပါးစုံ ယှဉ်သောစိတ်**

ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက ၂-ပါး၊ ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိက ၂-ပါး။

http://www.dhammadownload.com



❐ **နှစ်ပါးစုံ မယှဉ်သောစိတ်**

ဒေါသမူ အသင်္ခါရိက ၁-ပါး၊ မောဟမူ ၂-ပါး။

(၁၃၆၁-ခု အငယ်တန်း)

❐ **စိတ်အရေအတွက် အနည်းဆုံးနှင့် ယှဉ်သောစေတသိက်**

ဝိစိကိစ္ဆာစေတသိက် (၁၃၆၄-ခု အငယ်တန်း)

❐ **အာရုံကို မဆုံးဖြတ်နိုင်သော စေတသိက်နှင့် ယှဉ်ရာစိတ်**

ဝိစိကိစ္ဆာ။

ယင်းဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌သာ ယှဉ်သည်။ (၁၃၅၁-ခု အခြေပြုတန်း)

## သောဓာနစေတသိက်သမ္ပယောဂနည်း

❐ **ဝိရတီတို့နှင့် အမြဲတပြိုင်နက်/ ရံခါ အသီးသီး ယှဉ်သော စိတ်များ**

လောကုတ္တရာစိတ်၌အမြဲ၊ တပြိုင်နက်ယှဉ်ကြသည်။ မကောင်းမှုအကုသိုလ်စိတ်၌ ရံခါ, အသီးသီး ယှဉ်ကြသည်။

(၁၃၆၁-ခု အငယ်တန်း)

http://www.dhammadownload.com



## ❐ ဝိရတီ အမြဲယှဉ်ရပုံ

မဂ်သည် ကာယဒုစရိုက် စသည်တို့ကို အကြွင်းမဲ့ဖြတ်သည်၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့် လည်းကောင်း, ဖိုလ်သည်လည်း ထိုမဂ်အားလျော်စွာပင် ဖြစ်သောကြောင့် လည်းကောင်း ဝိရတီတို့သည် လောကုတ္တရာစိတ်၌ အမြဲယှဉ်ရပါသည်။ (၁၃၆၃-ခု အလတ်တန်း)

## ❐ ဝိရတီစေတသိက်တို့၏ ဆိုင်ရာစိတ်တို့၌ ယှဉ်ပုံခြားနားချက်

ဝိရတီတို့သည် လောကီမဟာကုသိုလ်စိတ်၌ ရံခါ အသီးသီး ယှဉ်သည်၊ လောကုတ္တရာစိတ်၌ ခပ်သိမ်းသောအခြင်းအရာအားဖြင့် အမြဲတပြိုင်နက် ယှဉ်သည်။

(၁၃၃၂-ခု, ၆၁-ခု အလတ်တန်း)

## ❐ ဝိရတီစေတသိက်တို့ လောကီကာမကုသိုလ်စိတ်တို့၌ ဖြစ်ခွင့် ရှိသောအခါ

မှသာဝါဒအစရှိသော တစ်ပါးတစ်ပါးသော ဒုစရိုက်တို့မှ ရှောင်ကြဉ်ရာအခါ ဖြစ်သည်။

## ❐ အသီးသီးဖြစ်ရခြင်းအကြောင်း

ဝိတိက္ကမိတဗ္ဗဝတ္ထု-ဟုဆိုအပ်ကုန်သော မိမိအာရုံတို့၏ ဖြစ်သင့်ခြင်းကို ငဲ့သောကြောင့် အသီးသီးဖြစ်ရပါသည်။

http://www.dhammadownload.com



### ❒ မဟာကုသိုလ်တို့၌ ဝိရတီစေတသိက်တို့ ဖြစ်ရာအခါ

၁။ အာဇီဝဟေတုကို မငဲ့မူ၍ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်သောအခါ သမ္မာဝါစာ လောကီဝိရတီ၊

၂။ အာဇီဝဟေတုကို မငဲ့မူ၍ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်သောအခါ သမ္မာကမ္မန္တ လောကီဝိရတီ။

၃။ အာဇီဝဟေတုကိုငဲ့သည်ဖြစ်၍ ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်သောအခါ သမ္မာအာဇီဝ လောကီ ဝိရတီဖြစ်သည်။ ဤဝိရတီများ အသီးသီး မဟာကုသိုလ်၌ ယှဉ်ကြသည်။ (၁၃၆၁-ခု အလတ်တန်း)

### ❒ ဝိရတီစေတသိက် လောကုတ္တရာစိတ်၌ အမြဲယှဉ်ခြင်း အကြောင်း

မဂ်သည် ကာယဒုစရိုက် စသည်တို့ကို အကြွင်းမဲ့ ဖြတ်သည်၏ အစွမ်းဖြင့် ဖြစ်သောကြောင့်လည်းကောင်း၊ ဖိုလ်သည်လည်း ထိုမဂ်အားလျော်စွာ ဖြစ်သောကြောင့် လည်းကောင်း ဝိရတီတို့သည် လောကုတ္တရာစိတ်၌ အမြဲယှဉ်ပါသည်။ (၁၃၃၆-ခု အငယ်တန်း)

### ❒ ဝိရတီစေတသိက်တို့ မဟာကုသိုလ်စိတ်၌ ရံခါ ယှဉ်ခြင်း အကြောင်း

မဟာကုသိုလ်သည် ကာယဒုစရိုက်စသည်တို့ကို အကြွင်းမဲ့ မဖြတ်နိုင်၊ တဒင်္ဂပဟာန်၏ အစွမ်းအားဖြင့်သာ

http://www.dhammadownload.com



ပယ်နိုင်သောကြောင့် မဟာကုသိုလ်စိတ်တို့၌ ရံခါ ယှဉ်ပါသည်။ (၁၃၃၆-အင်္ဂယ်တန်း)

## ❒ သမ္မာဝါစာနှင့် ယှဉ်တွဲနေသော ကုသိုလ်တရားများ

မဟာကု ၈၊ အညသမာန်းစေ ၁၃၊ သောဘနသာ ဓာရဏစေ ၁၉၊ ပညာ၊ ပေါင်း ၃၃။ (၁၃၃၄-ခု အလတ်တန်း))

## ❒ သမ္မာဝါစာနှင့် ယှဉ်နိုင်သော လောကီစိတ်

| | |
|---|---|
| မဟာကုသိုလ်စိတ် | ၈-ခု |
| အညသမာန်းစေ | ၁၃-ခု |

ဝိရတိ, အပ္ပမညာကြဉ်သော သောဘနစေ ၂၀။

(၁၃၆၄-ခု အကြီးတန်း)

## ❒ သမ္မာဝါစာနှင့်ယှဉ်သော လောကီစိတ်, စေတသိက်

| | |
|---|---|
| မဟာကုသိုလ်စိတ် | ၈-ခု |
| အညသမာန်း | ၁၃-ခု |
| သောဘနသာဓာရဏ | ၁၉-ခု |
| ပညာ | ၁-ခု |
| သမ္မာဝါစာ | ၁-ခု |

http://www.dhammadownload.com


## ❑ သမ္မာဝါစာနှင့် ယှဉ်သော လောကုတ္တရာစိတ် စေတသိက်

| | |
|---|---|
| လောကုတ္တရာစိတ် | ၈-ခု |
| အညသမာန်း | ၁၃-ခု |
| အပ္ပမညာကြဉ် သောဘနစေတသိက် | ၂၃-ခု |

(၁၃၅၄-ခု, ၆၄-ခု အကြီးတန်း)

## ❑ သမ္မာအာဇီဝစေတသိက်၏ ဆိုင်ရာစိတ်များ၌ ယှဉ်ပုံ အခြင်းအရာ

သမ္မာအာဇီဝစေတသိက်သည် လောကုတ္တရာစိတ်တို့၌ အသက်မွေးခြင်းလျှင် အကြောင်းရှိသော ကာယ, ဝစီဒုစရိုက်တို့ကို တစ်ခုမကျန် အကုန်အစင်ပယ်သော အားဖြင့် (သဗ္ဗထာပိ) အမြဲတမ်း(နိယတာ)၊ သမ္မာဝါစာ သမ္မာကမ္မန္တ တို့နှင့် အတူတကွ (ဧကတော) ယှဉ်သည်။ မဟာကုသိုလ်စိတ်၌ကား အသက်မွေးခြင်းလျှင်အကြောင်း ရှိသော ကာယဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ရာအခါ၌သာ (ကဒါစိ) သမ္မာဝါစာ, သမ္မာကမ္မန္တတို့နှင့် မတွဲဘဲ မိမိ တစ်ပါးတည်းသာ (ဝိသုံ ဝိသုံ) ယှဉ်သည်။

(၁၃၃၂-ခု အလတ်တန်း)

http://www.dhammadownload.com


❒ **အပ္ပမညာသာ ယှဉ်၍ ဝိရတီ မယှဉ်သောစိတ်**

မဟာကြိယာစိတ်၊ ပဌမရျာန်ကြဉ် မဟဂ္ဂုတ်စိတ်၊

❒ **ဝိရတီသာ ယှဉ်၍ အပ္ပမညာ မယှဉ်သောစိတ်**

လောကုတ္တရာစိတ်

❒ **နှစ်ပါးစုံ ယှဉ်သောစိတ်**

မဟာကုသိုလ်စိတ်

❒ **နှစ်ပါးစုံ မယှဉ်သောစိတ်**

မဟာဝိပါက်စိတ် (မဟဂ္ဂုတ် ပဌမရျာန်စိတ်)

(၁၃၆၁-ခု အငယ်တန်း)

❒ **အပ္ပမညာဒွေးယှဉ်သောစိတ်**

| | |
|---|---|
| ပဌမရျာန်ကြဉ် မဟဂ္ဂုတ်စိတ် | ၁၂-ပါး |
| မဟာကုသိုလ်စိတ် | ၈-ပါး |
| မဟာကြိယာစိတ် | ၈-ပါး |
| ပေါင်း | ၂၈-ပါး |

(၁၃၂၈-ခု အလတ်တန်း)

http://www.dhammadownload.com



## ❐ အပ္ပမညာဒွေ၌ ယှဉ်သောစိတ်များ

သမာနဝါဒအားဖြင့်- မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ ပဉ္စမဈာန်ကြဉ် မဟဂ္ဂုတ် ၁၂-ခု၊ ပေါင်း ၂၈-ခု။

ကေစိဝါဒအားဖြင့်- မဟာကုသိုလ်သောမနဿ ၄-ခု၊ မဟာကြိယာသောမနဿ ၄-ခု၊ ပဉ္စမဈာန်ကြဉ် မဟဂ္ဂုတ် ၁၂-ခု၊ ပေါင်း ၂၀-ခု။ (၁၃၆၄-ခု အကြီးတန်း)

## ❐ သတ္တဝါများအပေါ်တွင် ချစ်ခင်သော မေတ္တာရှင်သန္တာန်၌ ကိန်းအောင်းနေသော သမ္ပယုတ္တဓမ္မများ

မဟာကုသိုလ်စိတ် ၈၊ မဟာကြိယာစိတ် ၈၊ ပဉ္စမဈာန်ကြဉ် မဟဂ္ဂုတ်စိတ် ၁၂၊ ပေါင်း ၂၈-ခု။

(၁၃၆၃-ခု အလတ်တန်း)

## ❐ အပ္ပမညာစေတသိက်တို့၏ သမ္ပယောဂနည်း၌ ပဉ္စမဈာန် ကြဉ်ရခြင်းအကြောင်း

အပ္ပနာသို့ရောက်သော အပ္ပမညာတို့သည် တစ်ခါ တစ်ရံမျှ သောမနဿနှင့် ကင်း၍ ဖြစ်ခြင်းမရှိသောကြောင့် ပဉ္စမဈာန်ကို ကြဉ်ရသည်။ (၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ အပ္ပမညာ မယှဉ်သော သောဘနစိတ်များ

မဟာဝိပါက်စိတ် ၈-ပါး၊ မဟဂ္ဂုတ် ပဉ္စမစျာန်စိတ် ၁၅-ပါး၊ လောကုတ္တရာစိတ် ၈-ပါး အားဖြင့် ၃၁-ပါး ဖြစ်ပါသည်။ (၁၃၆၀-ခု အခြေပြုတန်း)

## ❒ မဟာကုသိုလ်, မဟာကြိယာဥပေက္ခာ၌ အပ္ပမညာ မယှဉ်သော ဝါဒကို ကေစိထိုးရခြင်းအကြောင်း

လေ့ကျက်အပ်ပြီးသော ကျမ်းဂန်ကို တစ်ခြား တစ်ပါး နှလုံးသွင်းလျက်လည်း သရဇ္ဈာယ်နိုင်သကဲ့သို့ ကရုဏာ, မုဒိတာတိုးပွားများသောအခါ အပ္ပနာဝီထိမှ ရှေ့အဘို့၌ ပရိစယ၏အစွမ်းအားဖြင့် ဥပေက္ခာ သဟဂုတ်စိတ်တို့ဖြင့်လည်း ပရိကံပြုနိုင်သောကြောင့် မဟာကုသိုလ်၊ မဟာကြိယာဥပေက္ခာတို့၌ အပ္ပမညာ မယှဉ် ဟူသော ဝါဒကို ကေစိထိုးရသည်။

(၁၃၃၆-ခု၊ ၆၁-ခု အကြီးတန်း)

**(ဆောင်)** လေ့လာပြီးသား၊ ကျမ်းဂန်များကို၊ မထားသတိ၊ ရွတ်နိုင်ဘိသို့၊ မုဒိကရုဏာ၊ ဘာဝနာ၏၊ အပ္ပနာရှေ့တန်း၊ ကမ္မဋ္ဌာန်း၌၊ စီးဖြန်းပါးဝ၊ အသားကျက၊ သောမနဥပေက်၊ လှည့်စိဖြစ် ကြောင်း၊ ရှိစကောင်းမို့၊ ၎င်းဝါဒ၊ ကေစိပြဟု၊ အောက်ချ ထွေထုရ်ရှင် မိန့်သတည်း။

http://www.dhammadownload.com



### ❑ ပဌမဈာန်၌ အပ္ပမညာမယှဉ်ခြင်းအကြောင်း

အပ္ပနာသို့ရောက်သော အပ္ပမညာတို့သည် တရံတခါမျှ သောမနဿနှင့်ကင်း၍ မဖြစ်သောကြောင့် ပဌမဈာန်၌ အပ္ပမညာ မယှဉ်။ (၁၃၆၃-ခု အကြီးတန်း)

### ❑ ဉာဏ်နှင့်ယှဉ်သောစိတ်

ဉာဏသမ္ပယုတ်ကာမာဝစရ

| | |
|---|---|
| သောဘနစိတ် | ၁၂-ပါး၊ |
| မဟဂ္ဂုတ်, လောကုတ္တရာစိတ် | ၃၅-ပါး |
| ပေါင်း | ၄၇-ပါး |

(၁၃၂၈-ခု အလတ်တန်း)

### ❑ ပညာစေတသိက်နှင့်ယှဉ်သော စိတ်များ

ကာမာဝစရသောဘနဉာဏသမ္ပယုတ်စိတ် ၁၂-ခု၊ မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅-ခု၊ ပေါင်း ၄၇-ခု။

(၁၃၆၄-ခု၊ အငယ်တန်း)

### ❑ ယုံကြည်မှု အပြည့်အရှိပါလျက် အသိဉာဏ် လုံးဝမပါသော စိတ်များ

ကာမာဝစရသောဘန ဉာဏဝိပ္ပယုတ်စိတ် ၁၂-ပါး။ (၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com



❒ **စာမေးပွဲဖြေဆိုရာ၌ လိုရင်းသိလွယ်သော စေတသိက်**

ပညာစေတသိက်ဖြစ်ပါသည်။ ယင်းပညာနှင့် ယှဉ်သောစိတ်တို့မှာ ကာမာဝစရသောဘနဉာဏသမ္ပယုတ်စိတ် ၁၂-ပါး၊ မဟဂ္ဂုတ်၊ လောကုတ္တရာစိတ် ၃၅-ပါးအားဖြင့် ၄၇-ပါး ဖြစ်သည်။ (၁၃၆၀-ခု အခြေပြုတန်း)

❒ **အပ္ပမညာဒွေးနှင့်သာ ယှဉ်၍ ပညိန္ဒြေနှင့် မယှဉ်သောစိတ်**

မဟာကုသိုလ်၊ မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၈-ခု။ (၁၃၆၁-ခု အကြီးတန်း)

❒ **ငှင်းစိတ်၏ ဝေဒနာဒိသင်္ဂဟ**

ငှင်းစိတ်တို့သည် သောမနဿ, ဥပေက္ခာဝေဒနာ၊ ဒွိဟိတ်၊ ဇောကိစ္စ၊ ခြောက်ဒွါရ၊ လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊ ဟဒယဝတ္ထုကို ရံခါ မှီ/ ရံခါ မမှီ။

(၁၃၆၁-ခု အကြီးတန်း)

❒ **ကျေနဝိသတိမ္ပော-ဂါထာ၌ ကျေနဝိသတိ-အရ**

သောဘနသာဓာရဏစေတသိက် ၁၉-ခု

http://www.dhammadownload.com



**❏ အဌဝိသတိဒွယ်၌ အဌဝိသတိ-အရ**

မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ ပဥ္စမရျာန်ကြဉ်မဟဂ္ဂုတ်စိတ် ၁၂-ပါး။

(၁၃၆၄-ခု အငယ်တန်း၊ အလတ်တန်း)

**❏ ဒွယ်-အရ**

ကရုဏာ၊ မုဒိတာ ဟူသော အပ္ပမညာ ၂-ပါး။

(၁၃၆၄-ခု၊ အငယ်တန်း)

**❏ ဒွယ် ၂-ခု အထူး**

သ သခ်ါရေ ဒွယ်-၌ ထိန, မိဒ္ဓ ၂-ပါး၊ အဌဝိသတိယံ ဒွယ်-၌ ကရုဏာ, မုဒိတာ ၂-ပါး။

(၁၃၆၃-ခု အလတ်တန်း)

**❏ အနိယတယောဂီ စေတသိက်တို့တွင် နိယတယောဂီ ဖြစ်ခွင့်ရှိသော စေတသိက်**

ဝိရတိစေတသိက်

အထောက်- ဝိရတိယော ပန တိဿောပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ နိယတာ ဧကတောဝ လဗ္ဘန္တိ။

(၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



## ❒ သဗ္ဗစိတ္တသာဓာရဏ-အရ

ကာမာဝစရသောဘနဉာဏသမ္ပယုတ်စိတ် ၁၂-ခု၊ မဟဂ္ဂုတ်၊ လောကုတ္တရာ ၃၅-ခု၊

(၁၃၆၂-ခု အကြီးတန်း)

## ❒ အနိယတယောဂီ အဓိပ္ပါယ်

တစ်ခါတရံသာယှဉ်၍ အမြဲယှဉ်လေ့မရှိသောကြောင့် အနိယတယောဂီမည်၏။

(၁၃၂၉-ခု၊ ၆၁-ခု အငယ်တန်း)

## ❒ အနိယတယောဂီစေတသိက်

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ, အပ္ပမညာ, မာန, ထိန, မိဒ္ဓ ပေါင်း ၁၁-ပါး ။(၁၃၆၃-ခု အငယ်တန်း)

## ❒ နာနာကဒါစိ စေတသိက်

ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိရတီ၊ အပ္ပမညာ

## ❒ ကဒါစိ စေတသိက်

မာန

http://www.dhammadownload.com



❑ **သဟာကဒါစိ စေတသိက်**

ထိန၊ မိဒ္ဓ (၁၃၂၉-ခု, ၆၃-ခု အငယ်တန်း)

❑ **နိယတ, အနိယတနှစ်မည်ရသော စေတသိက်နှင့် ယှဉ်ပုံ**

ဝိရတီတို့သည် မဟာကုသိုလ်စိတ်၌ အနိယတယောဂီ၊ လောကုတ္တရာစိတ်၌ နိယတယောဂီအားဖြင့် ယှဉ်သည်။ (၁၃၆၄-ခု အလတ်တန်း၊ ၆၂-ခု အကြီးတန်း)

❑ **အနိယတယောဂီသာဖြစ်၍ ဝိသေသကမဖြစ်သောတရား**

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, မာန, ထိန, မိဒ္ဓ။

❑ **ဝိသေသကသာဖြစ်၍ အနိယတယောဂီ မဖြစ်သော တရား**

ဝိတက်, ဝိစာရ, ပီတိ,သုခ, ဉာဏ်၊

❑ **နှစ်ပါးစုံဖြစ်သော တရား**

ဝိရတီ၊ အပ္ပမညာ၊

❑ **နှစ်ပါးစုံ မဖြစ်သော တရား**

ကြွင်း ၃၆-ခု (၁၃၆၁-ခု အငယ်တန်း)

http://www.dhammadownload.com



❒ **အနိယတယောဂီသာ မည်သော စေတသိက်**

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ကရုဏာ, မုဒိတာ, မာန, ထိန,မိဒ္ဓအားဖြင့် ၈-ပါး။

❒ **နိယတယောဂီသာမည်သော စေတသိက်**

ကြွင်းသောစေတသိက် ၄၁-ခု၊

❒ **နှစ်ပါးစုံမည်သော စေတသိက်**

ဝိရတီစေတသိက်၊

❒ **အနိယတယောဂီတွင်ပါဝင်သော ဝိရတီစေတသိက်၌ ယှဉ်ရာစိတ်**

မဟာကုသိုလ်စိတ် ၈-ခု။

အကိုးပါဠိ- လောကိယေသု ပန ကာမာဝစရကုသလေ သွေဝ ကဒါစိ သန္ဒိဿန္တိ ဝိသုံ ဝိသုံ၊

(၁၃၆၁-ခု အငယ်တန်း)

❒ **အပ္ပမညာစေတသိက် နာနာဖြစ်ပုံ**

ကရုဏာယှဉ်ခိုက် မုဒိတာမယှဉ်၊ မုဒိတာယှဉ်ခိုက် ကရုဏာ မယှဉ်၊ ဤသို့ ယှဉ်သည်ကို နာနာယှဉ်သည်ဟု ခေါ်သည်။ (၁၃၃၇-ခု အလတ်တန်း)

http://www.dhammadownload.com



## ❑ အပ္ပမညာစေတသိက် ကဒါစိဖြစ်ပုံ

အတိုင်းမသိသော ဒုက္ခိတသတ္တဝါပုဂ္ဂိုလ်ကို အာရုံပြု၍ သနားသောအခါ ကရုဏာဖြစ်၏၊ မသနားသောအခါ မဖြစ်။

အတိုင်းမသိသော သုခိတသတ္တဝါပုဂ္ဂိုလ်ကို အာရုံပြု၍ ဝမ်းမြောက်သောအခါ မုဒိတာဖြစ်၍ ဝမ်းမမြောက်သောအခါ မုဒိတာမဖြစ်။ ဤသို့ဖြစ်သည်ကို ကဒါစိဖြစ်သည်ဟုခေါ်သည်။

## ❑ ဣဿာ၏ အမြဲမယှဉ်ပုံ

သူတစ်ပါးစည်းစိမ်ကို ငြူစူသောအခါ ဣဿာယှဉ်၏၊ မငြူစူသောအခါ ဣဿာ မယှဉ်။

(၁၃၂၆-ခု အလတ်တန်း)

## ❑ ထိန,မိဒ္ဓတို့ မာနနှင့် သဟဖြစ်ပုံ

ထိန, မိဒ္ဓတို့သည် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၌ မာနနှင့် သဟဖြစ်သည်။

## ❑ နာနာဖြစ်ပုံ

ဒိဋ္ဌိဂတသမ္ပယုတ်, ပဋိဃသမ္ပယုတ်စိတ်တို့၌ မာနနှင့် မယှဉ်သောကြောင့် မာနနှင့် နာနာဖြစ်သည်။

(၁၁၁၆-ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ ထိန,မိဒ္ဓတို့၏ ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ, မာနတို့နှင့် နာနာ သဟာကဒါစိ ဖြစ်ပုံ

ထိန,မိဒ္ဓသည် ဒေါသမူသသင်္ခါရိကစိတ်၌ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့နှင့် သဟ ကဒါစိ ဖြစ်၍ မာနနှင့် နာနာဖြစ်သည်။

ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၌ မာနနှင့် သဟ ကဒါစိယှဉ်၍ ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စတို့နှင့် နာနာ ဖြစ်သည်။

ဒိဋ္ဌိဂတသမ္ပယုတ်သသင်္ခါရိစိတ်တို့၌ကား ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, မာနတို့နှင့် နာနာဖြစ်သည်။

(၁၃၃၄-ခု အကြီးတန်း)

## ❒ ထိန, မိဒ္ဓတို့ ရံခါ တကွဖြစ်ပုံ

၁။ ထိန, မိဒ္ဓသည် ဒေါသမူသသင်္ခါရိကစိတ်၌ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့နှင့် ရံခါ တကွ ဖြစ်သည်။

၂။ ထိန, မိဒ္ဓသည် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်တို့၌ မာနနှင့် ရံခါ တကွ ဖြစ်သည်။ (၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



## ☐ သဟကဒါစိသာဖြစ်သော စေတသိက်တို့၏ သဟဖြစ်ပုံ ကဒါစိဖြစ်ပုံ

စိတ်၏မခန့်သောအခါ ထိနဖြစ်သည်။ ခန့်သောအခါ ထိန မဖြစ်၊ စေတသိက်၏ မခန့်သောအခါ မိဒ္ဓဖြစ်သည်။ ခန့်သောအခါ မိဒ္ဓ မဖြစ်၊ ဤသို့ဖြစ်သည်ကို ကဒါစိဖြစ်သည်ဟု ဆိုသည်။

ထိန, မိဒ္ဓဖြစ်သောအခါ တစ်ပါးစီခွဲ၍မဖြစ်၊ အတူတကွတွဲ၍ဖြစ်သည်ကို သဟဖြစ်သည်ဟု ဆိုပါသည်။

(၁၃၆၄–ခု အကြီးတန်း)

## ☐ ဝိရတီကရဏာဒယော–၌ လောကီဝိရတီကိုသာယူ

လောကုတ္တရာဝိရတီသည် နိယတဖြစ်သောကြောင့်လည်းကောင်း၊ ဝိရတီကရဏာဒယောသည် အနိယတ ယောဂီကိုပြသော အရာဖြစ်သောကြောင့်လည်းကောင်း လောကုတ္တရာ ဝိရတီကိုသာယူရပါသည်။

သာဓက– ဝိရတိယော ပန တိဿောပိ လောကုတ္တရ စိတ္တေသု သဗ္ဗတ္ထာပိ နိယတာ ဧကတောဝ လဗ္ဘန္တိ (ယ) ဝိသုံ ဝိသုံ။ (၁၃၃၄–ခု, ၆၄–ခု အကြီးတန်း)

http://www.dhammadownload.com

# သင်္ဂဟနည်းမေးဖြေ

## ❑ ရှိသင့်သော သင်္ဂဟနည်း

"သင်္ဂဟနည်း" ဟူသည် စိတ်တစ်ပါး၌ရနိုင် (ယှဉ်နိုင်) သမျှသော စေတသိက်တို့ကို စုပေါင်း၍ ရေတွက်ပြသောနည်းဖြစ် သောကြောင့် စိတ်ရှိသလောက် သင်္ဂဟနည်းရှိသင့်ပါသည်။ ထို့ကြောင့် သင်္ဂဟနည်း (၈၉) ပါး သို့မဟုတ် (၁၂၁) ပါး ရှိသင့်ပါသည်။

(၁၃၆၁-ခု အကြီးတန်း)

## ❑ သင်္ဂဟနည်း (၃၃)ပါးသာ ဖြစ်နေခြင်းအကြောင်း

(၁) ယှဉ်သောစေတသိက်ချင်းတူသည့် စိတ်အများကို ပေါင်း၍ သင်္ဂဟနည်း တစ်နည်းဟုသာ သတ်မှတ်လေ့ရှိသောကြောင့် လည်းကောင်း၊

(၂) ယှဉ်သောစေတသိက်မတူသော်လည်း သချာအရေအတွက် တူလျှင် သင်္ဂဟနည်းတစ်နည်းဟု သတ်မှတ်လေ့ရှိသော ကြောင့် လည်းကောင်း (၃၃)ပါး ဖြစ်နေရပါသည်။

(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com


## ❒ သင်္ဂဟနည်းအဓိပ္ပါယ်

စိတ်တစ်မျိုးတစ်မျိုး၌ ယှဉ်ထိုက်သမျှ စေတသိက်တို့ကို ပေါင်းစုရေတွက်ပြသောနည်းသည် သင်္ဂဟနည်းမည်၏။

**(ဆောင်)** ယှဉ်သည့်စေတသိက်၊ ပိုင်းဖြတ်ရိပ်ကြောင့်၊ စိတ်၌ပေါင်းရုံး၊ ရေတွက်ကုံး၊ နည်းဆုံးသင်္ဂဟ-တေတ္တိံသ။

## ❒ သင်္ဂဟနည်းအရေအတွက်

| | |
|---|---|
| လောကုတ္တရာသင်္ဂဟနည်း | ၅-နည်း၊ |
| မဟဂ္ဂုတ်သင်္ဂဟနည်း | ၅-နည်း၊ |
| ကာမာဝစရသောဘနသင်္ဂဟနည်း | ၁၂-နည်း၊ |
| အကုသိုလ်သင်္ဂဟနည်း | ၇-နည်း၊ |
| အဟိတ်သင်္ဂဟနည်း | ၄-နည်း၊ |
| ပေါင်း | ၃၃-နည်း။ |

(၁၃၃၇-ခု အငယ်တန်း)

## ❒ သတ္တဝိသတိ ပုညမှိ၌ သတ္တဝိသတိ-အရ

အညသမာန်းစေတသိက် ၁၃-ပါး၊ အကုသိုလ်စေတသိက် ၁၄-ပါး၊ ပေါင်း ၂၇-ပါး။

(၁၃၆၄-ခု၊ အငယ်တန်း)

http://www.dhammadownload.com

# လောကုတ္တရာစိတ် သင်္ဂဟနည်း

## ❒ လောကုတ္တရာစိတ်၌ အပ္ပမညာ မယှဉ်ခြင်းအကြောင်း

အပ္ပမညာတို့သည် သတ္တဝါပညတ်ကို အာရုံပြုသည်၊ လောကုတ္တရာစိတ်သည် နိဗ္ဗာန်ကို အာရုံပြုသည်။ ဤသို့ အာရုံ ကွဲပြားသောကြောင့် လောကုတ္တရာစိတ်၌ အပ္ပမညာ မယှဉ်ပါ။ (၁၃၆၁-ခု, ၆၃-ခု အငယ်တန်း)

**(ဆောင်)** အပ္ပမညာ, အာရုံမှာကား, သတ္တဝါပညတ်, လောကုတ်ဖြစ်မှု, နိဗ္ဗာန်ဟူ၏၊ ခေ့ချကွဲပြား, အာရုံပြားသဖြင့်, မှတ်သားဖွယ်ရိပ်, လောကုတ်စိတ်တွင်, အပ္ပမညာ, ကြဉ်ရယ်ရသည်, မှတ်ကြလွယ်ဖို့ ကဗျာတည်း၊

## ❒ သနားခြင်း, ဝမ်းမြောက်ခြင်း သဘောတရားများသည် လောကုတ္တရာနယ်ပယ်၌ ဖြစ်ခွင့် မရှိ

အပ္ပမညာတို့သည် သတ္တဝါပညတ်ကို အာရုံပြုသောကြောင့် လည်းကောင်း၊ လောကုတ္တရာစိတ်သည် နိဗ္ဗာန်ကို ဧကန်အာရုံ ပြုသောကြောင့်လည်းကောင်း အာရုံကွဲပြားသဖြင့် ဖြစ်ခွင့်မရှိပါ။

(၁၃၄၈-ခု အငယ်တန်း၊ ၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



### ☐ စေတသိက် ၃၃-ပါးစီ ယှဉ်သောစိတ်

လောကုတ္တရာစတုတ္ထဈာန်စိတ် ၈-ခုနှင့်၊ လောကုတ္တရာ ပဉ္စမ ဈာန်စိတ် ၈-ခုတို့ ဖြစ်သည်။

(၁၃၆၃-ခု အကြီးတန်း)

### ☐ လောကုတ္တရာစိတ်နှင့် ယှဉ်သောစေတသိက်

အညသမာန်းစေတသိက် ၁၃-ပါး

အပ္ပမညာကြဉ် သောဘနစေတသိက် ၂၃-ပါး

ပေါင်း ၃၆-ပါး

(၁၃၃၇-ခု အငယ်တန်း)

### ☐ ပဉ္စကနည်း လောကုတ္တရာ ဒုတိယဈာန်နှင့်ယှဉ်သောတရား

ဝိတက်ကြဉ် အညသမာန်းစေ ၁၂၊ အပ္ပမညာကြဉ်သောဘနစေ -၂၃၊ ပေါင်း ၃၅။

### ☐ စတုက္ကနည်း

ဝိတက်, ဝိစာရကြဉ် အညသမာန်းစေ ၁၁-ပါး၊ အပ္ပမညာကြဉ် သောဘနစေ ၂၃-ပါး၊ ပေါင်း ၃၄-ပါး၊ ဖြစ်ပါသည်။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



❒ **လောကုတ္တရာဒုတိယဈာန်စိတ် ၈-ပါး၌ ယှဉ်သော စေတသိက်များ**

ဝိတက်ကြဉ်သော အညသမာန်းစေတသိက် ၁၂-ပါး၊ အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၃-ပါး၊ ပေါင်း ၃၅-ပါး။ (၁၃၆၄-ခု၊ အငယ်တန်း)

❒ **ဆတ္တိံသ ပဉ္စတ္တိံသ စ-၌ ပဉ္စတ္တိံသ - အရ**

ဝိတက်ကြဉ် အညသမာန်းစေတသိက် ၁၂-ခု၊ အပ္ပမညာကြဉ် သောဘနစေတသိက် ၂၃-ခု၊ ပေါင်း ၃၅-ခု။ (၁၃၆၂-ခု အကြီးတန်း)

❒ **တေတ္တိံသဒွယံ-၌ ဒွယံ-အရ**

၁။ လောကုတ္တရာစတုတ္ထဈာန်စိတ်၌ တေတ္တိံသ။

၂။ လောကုတ္တရာ ပဉ္စမဈာန်စိတ်၌ တေတ္တိံသ။

(ဝိတက်, ဝိစာရ, ပီတိကြဉ် အညသမာန်းစေတသိက် ၁၀-ပါး နှင့် အပ္ပမညာကြဉ် သောဘနစေတသိက် ၂၃-ပါး၊ ပေါင်း ၃၃-ပါး။

❒ **လောကုတ္တရာစိတ် သင်္ဂဟနည်း ၆-ဂါထာ၌ ဆတ္တိံသ အရသာဖြစ်၍ ပဉ္စတ္တိံသအရ မဖြစ်သောစေတသိက်**

ဝိတက် (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



❑ ပဋ္ဌာ်သ အရသာဖြစ်၍ ဆတ္တိ်သအရ မဖြစ်သော စေတသိက်

မရှိ (၁၃၆၄-ခု အလတ်တန်း)

❑ နှစ်ပါးစုံဖြစ်သော စေတသိက်

| | |
|---|---|
| ဝိတက်ကြဉ် အညသမာန်းစေတသိက် | ၁၂-ပါး |
| အပ္ပမညာကြဉ် သောဘနစေတသိက် | ၂၃-ပါး |
| ပေါင်း | ၃၅-ပါး |

(၁၃၆၄-ခု အလတ်တန်း)

❑ နှစ်ပါးစုံမဖြစ်သော စေတသိက်

| | |
|---|---|
| အကုသိုလ်စေတသိက် | ၁၄-ပါး |
| အပ္ပမညာ | ၂-ပါး |
| ပေါင်း | ၁၆-ပါး |

(၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com

# မဟာဂုတ်စိတ် သင်္ဂဟနည်း

☐ မဟာဂုတ်စိတ်သင်္ဂဟနည်း ၅-နည်းကွဲအောင် လုပ်သော တရား

ဝိတက်, ဝိစာရ, ပီတိ, သုခဟူသော ဈာန်တရား နှင့် အပ္ပမညာတို့က ငါးမျိုးကွဲအောင် ပြုလုပ်ပါသည်။

(၁၃၃၆-ခု အလတ်တန်း)

☐ မဟာဝိပါက် မယှဉ်သော သောဘဏစေတသိက်

ဝိရတီ၊ အပ္ပမညာ။

☐ မဟဂ္ဂုတ် မယှဉ်သော သောဘဏစေတသိက်

ဝိရတီ

☐ လောကုတ္တရာ မယှဉ်သော သောဘဏစေတသိက်

အပ္ပမညာ၊

☐ ဈာန်စိတ်အားလုံးနှင့် ယှဉ်သော စေတသိက်များ

သဗ္ဗစိတ္တသာဓာရဏစေတသိက်ရ-၇ဝ-ပါး၊ ဆန္ဒ, အဓိမောက္ခ, ဝီရိယအားဖြင့် ၃-ခု၊ သောဘနသာဓာရဏ စေ ၁၉-ခု၊ပညာ ပေါင်း ၃ဝ-ခု။ (၁၃၆ဝ-ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ လောကီဈာန် ဝင်စားနေသူယောဂီသူတော်စင်တို့ သန္တာန်၌ ဝိရတီများ မဖြစ်

သီလဝိသုဒ္ဓိ၏ စွမ်းအားဖြင့်ကောင်းစွာ သုတ်သင် အပ်ပြီးသော ကာယ, ဝစီပယောဂရှိသောသူအား စိတ် တည်ကြည်ရုံ သက်သက်မျှဖြင့် မဟဂ္ဂုတ်ဈာန်များ ဖြစ် နိုင်သည်။

## ❑ ကာယကံ, ဝစီကံများကို သုတ်သင်ဖွယ် မလို

ဒုစရိုက် ဒုရာဇီဝတို့ကို အကြွင်းမဲ့ဖြတ်ဖွယ် တဖန် ငြိမ်းစေဖွယ်လည်း မလို၊ ထို့ကြောင့် ဝိရတီစေတသိက်များ ဖြစ်နိုင် ခွင့်မရှိပါ။ (၁၃၅၀-ခု အငယ်တန်း)

## ❑ မဟဂ္ဂုတ်စိတ်၌ ဝိရတီမယှဉ်ခြင်းအကြောင်း

သီလစင်ကြယ်သည်၏ အစွမ်းအားဖြင့် ကောင်းစွာ သုတ်သင်အပ်ပြီးသော ကာယ, ဝစီပယောဂရှိသော ပုဂ္ဂိုလ် အား သက်သက် စိတ်တည်ကြည်ကာမျှဖြင့် မဟဂ္ဂုတ်ဈာန် များ ဖြစ်နိုင်ခြင်းကြောင့် မဟဂ္ဂုတ်စိတ်၌ ဝိရတီမယှဉ်ပါ။
(၁၃၆၄-ခု အလတ်တန်း)

**(ဆောင်)** ဒုစ္စရိတ, ဒုဇ္ဇီဝကို, သီလဓေါ်ဘိ, ဝိသုဒ္ဓိအား, စွမ်းပကားဖြင့်, ပယ်ရှားပြီးလျှတ်, ယောဂီမြတ်တို့, ရအပ်ဈာန်ဝယ်, ပယ်ဖွယ် ဒုစရိ, လျှင်းမရှိ၍, ဝိရတီတွက်, မဟဂ္ဂုတ်မှာ, မယှဉ်သာ သည်, ငိုကာမိန့်ခွန်း ကဗျာဒွတည်း။

http://www.dhammadownload.com


မနောဒွါရာဝဇ္ဇန်းသည် ဝေါဋ္ဌဗ္ဗနကိစ္စ,အာဝဇ္ဇနကိစ္စ။

(၁၃၆၀-ခု အခြေပြုတန်း၊ ၆၁-ခု အလတ်တန်း)

### ❒ မြင်မှု, ကြားမှု ကိစ္စနှစ်ခု တစ်ပြိုင်တည်း မဖြစ်နိုင်

သေသာနိ ပန စတ္တာရိပိ (ပ) ပဉ္စဝိညာဏာနိ ယထာသမ္ဘဝမေကကိစ္စာနိတိ-ကိုထောက်ပါ။

(၁၃၆၃-ခု အကြီးတန်း)

### ❒ တစ်ကိစ္စတပ်သောစိတ်များကို ဆိုင်ရာကိစ္စများနှင့် တွဲစပ်ပုံ

ဇော ၅၅-ခုသည် ဇောကိစ္စ၊ သမ္ပဋိစ္ဆိုင်း၂-ခုသည် သမ္ပဋိစ္ဆိုင်းကိစ္စ၊ ပဉ္စဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စ၊ စက္ခုဝိညာဉ်၂-ခုသည် ဒဿနကိစ္စ၊ သောတဝိညာဉ်၂-ခု

http://www.dhammadownload.com


သည် သဝနကိစ္စ၊ ဃနဝိညာဉ်ခွေးသည် ဃာယနကိစ္စ၊ ဇိဝှာဝိညာဉ်ခွေးသည် သာယနကိစ္စ၊ ကာယဝိညာဉ်ခွေးသည် ဖုသနကိစ္စ။

(၁၃၄၆-ခု, ၅၃-ခု, ၆၀-ခု, အခြေပြုတန်း၊ ၂၉-ခု, ၃၂-ခု, ၃၇-ခု အလတ်တန်း၊ ၆၁-ခု အကြီးတန်း)

မှတ်ချက်။ ။ ယထာသမ္ဘဝမေကာကိစ္စာနိ ဖြစ်ပုံဟုမေးလည်း အတူတူပင်။

## ❐ ကိစ္စငါးပါးနှင့် ယှဉ်သော စေတသိက်

သောဘနသာဓာရဏ, ဆန္ဒ, ပညာအားဖြင့် ၂၁-ပါးတို့သည် ပဋိသန္ဓိ, ဘဝင်, စုတိ, တဒါရမ္မဏ, ဇဝန အားဖြင့် ၅-ကိစ္စစီ တပ်ကြသည်။ (၁၃၆၄-ခု အလတ်တန်း)

## ❐ ၆-ကိစ္စတပ်သော စေတသိက်

ပီတိစေတသိက်။ (၁၃၆၄-ခု အကြီးတန်း)

## ❐ အဋ္ဌသဠိ တထာ ဒွေ စ-၌ ဒွေ-အရ တရားများ၏ ဒွါရနှင့်အာရုံ

သောမနဿသန္တီရဏသည် ၆-ဒွါရ၌ ဖြစ်၍ ကာမကို ကေန်အာရုံ ပြုပါသည်။

ဝုဋ္ဌောစိတ်သည် ၆-ဒွါရ၌ဖြစ်၍ အလုံးစုံကို အာရုံပြုပါသည်။ (၁၃၃၃-ခု အငယ်တန်း)

http://www.dhammadownload.com



### ❑ အဥ္စသင္ဂ် တထာ ဒွေ စသော ဂါထာ၌ ဒွေနှင့် ဆတို့အရ

တထာ ဒွေ စ ၌ ဒွေ အရ - သောမနဿ သန္တီရဏနှင့် ဝုဋ္ဌော၊

နဝါ စ ဒွေ၌ ဒွေ-အရ - ဥပေက္ခာသန္တီရဏ ၂ ပါး။

ဆစိတ္တာနိ မဟဂ္ဂတေ၌ ဆ-အရ ဝိညာဏဉ္စာယတန ဇိတ် ၃-ခု၊ နေဝသညာနာသညာယတနစိတ် ၃-ခု။

### ❑ ဆစ္စေတိ-၌ ဆ-အရ

မဟာကြိယာဉာဏသမ္ပယုတ် ၄ ခု၊ ကြိယာ အဘိညာဉ်၊ ဝုဋ္ဌော။ (၁၃၄၀-ခု အလတ်တန်း)

### ❑ ကေဒွိတိစတုပဉ္စ-၌ ဒွိ-အရ

သောမနဿသန္တီရဏနှင့် ဝုဋ္ဌော၊

အထောက် - သောမနဿသန္တီရဏံ သန္တီရဏတဒါရမ္မဏ ဝသေန ဒုကိစ္စံ၊ တထာ ဝေါဋ္ဌဗ္ဗနံ ဝေါဋ္ဌဗ္ဗနာဝဇ္ဇနဝသေန။

### ❑ ယင်းစိတ်တို့၏ ကိစ္စအလိုက် ရဆင့်သောဌာန

သန္တီရဏ ကိစ္စတပ်ခိုက် သမ္ပဋိစ္ဆိုင်းနှင့် ဝုဋ္ဌောတို့၏ အကြား၊ တဒါရုံကိစ္စတပ်ခိုက် ဇောနှင့်, ဘဝင်ဇောနှင့် စုတိတို့၏ အကြား။

http://www.dhammadownload.com


ဝုဋ္ဌောကိစ္စတပ်ခိုက် သန္တီရဏ, ဇောတို့၏ အကြားနှင့် သန္တီရဏနှင့် ဘဝင်တို့၏အကြား၊ အာဝဇ္ဇန်းကိစ္စတပ်ခိုက် ဘဝင်, ပဋ္ဌဝိညာဉ်တို့၏ အကြားနှင့် ဘဝင်, ဇောတို့၏ အကြား။ (၁၃၆၃-ခု အကြီးတန်း)

## ဒွါရသင်္ဂဟ

### ▢ အဘယ့်ကြောင့် အဘယ်ကို မနောဒွါရ

အာဝဇ္ဇန်းအစရှိသော ဝိထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် အာဝဇ္ဇန်း၏ အခြားမဲ့၌ဖြစ်သော ဘဝင်္ဂ ပစ္ဆေဒစိတ် ၁၉-ခုကို မနောဒွါရ ဟုခေါ်သည်။

(၁၃၃၇-ခု အလတ်တန်း)

### ▢ မနောဒွါရဝဇ္ဇန-၌ မနောဒွါရ စသည်အရ

မနောဒွါရ-အရ အာဝဇ္ဇန်း၏ အနန္တရပစ္စည်း ဖြစ်သော ဘဝင်စိတ်သည် မနောဒွါရမည်၏။

(၁၃၃၂-ခု အငယ်တန်း)

### ▢ မနောဒွါရာဝဇ္ဇန-အရ

အဟိတ်ကြိယာမနောဝိညာဏဓာတ် ဥပေက္ခာသဟ ဂုတ်စိတ်သည် မနောဒွါရာဝဇ္ဇနမည်၏။

(၁၃၃၂-ခု, ၆၃-ခု အငယ်တန်း)

http://www.dhammadownload.com


## ❐ မနောဒွါရာဝဇ္ဇန်းဟု ခေါ်ရခြင်းအကြောင်း

ထိုမနောဒွါရ၌ ဒိဋ္ဌ,သုတ,မုတ အစရှိသည်၏ အစွမ်းဖြင့် ထင်ခြင်းသို့ရောက်လာသော အာရုံကို ဆင်ခြင်တတ်သောကြောင့် လည်းကောင်း၊ စိတ်အစဉ်ကို ညွတ်စေတတ်သောကြောင့်လည်း ကောင်း မနောဒွါရာဝဇ္ဇန်း မည်ပါသည်။ (၁၃၃၂-ခု အငယ်တန်း)

## ❐ အိပ်ပျော်စဉ် စိတ်နှင့် ဒွါရ, အာရုံ

ဘဝင်စိတ်သည် ဒွါရမှအလွတ်(ဝိ)မည်သည့်ဒွါရမှာမှမဖြစ်ဘဲ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တစ်ပါးပါးကို အာရုံပြု၍ ဖြစ်ပါသည်။ (၁၃၆၂-ခု အကြီးတန်း)

## ❐ ဘဝင်-အရ

မနောဒွါရ ရပါသည်။

သာဓက-မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ။

## ❐ မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ၌ ဘဝင်-အရ

အာဝဇ္ဇန်း၏ အခြားမဲ့၌ဖြစ်သော ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ခု။ (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



❒ ဘဝင်စိတ် သရုပ်

ဥပေက္ခာသန္တီရဏ ၂-ပါး၊ မဟာဝိပါက် ၈-ပါး၊ မဟဂ္ဂုတ်ဝိပါတ် ၉-ပါး၊ ပေါင်း ၁၉-ပါး။

(၁၃၄၆-ခု အငယ်တန်း)

❒ ပဉ္စဒွါရ-အရ

ပသာဒရုပ် ၅-ခု။

❒ မနောဒွါရ-အရ

ဘဝင်္ဂပစ္စေဒ ၁၉-ခု။

❒ သောတဒွါရ၌သာ ဖြစ်၍ မနောဒွါရ၌ မဖြစ်သောစိတ်

ပဉ္စဒွါရာဝဇ္ဇန်း၊ သောတဝိညာဉ်ဒွေ၊ သမ္ပဋိစ္ဆိုင်ဒွေး

❒ မနောဒွါရ၌သာဖြစ်၍ သောတဒွါရ၌ မဖြစ်သောစိတ်

အပ္ပနာဇော ၂၆-ပါး၊

❒ နှစ်ပါးစုံဖြစ်သောစိတ်

ဝုဋ္ဌော, ကာမဇော ၂၉-ခု, တဒါရုံ ၁၁-ခု။

❒ နှစ်ပါးစုံ မဖြစ်သောစိတ်

သောတဂိညာဉ်ကြဉ်သော ပဉ္စဝိညာဉ် ၈-ခု၊ မဟဂ္ဂုတ်ဝိပါက် ၉-ခု။ (၁၃၅၃-ခု အကြီးတန်း)

http://www.dhammadownload.com



□ **ပဉ္စဒွါရ၌သာဖြစ်၍ မနောဒွါရ၌ မဖြစ်သော စိတ်**

ဒွေးပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-ခု။

(၁၃၆၄-ခု အလတ်တန်း)

□ **မနောဒွါရ၌သာဖြစ်၍ ပဉ္စဒွါရ၌မဖြစ်သောစိတ်**

အပ္ပနာဇော ၂၆-ခု။ (၁၃၆၄-ခု အလတ်တန်း)

□ **နှစ်ပါးစုံဖြစ်သော စိတ်**

မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉-ခု၊ တဒါရုံ ၁၁-ခု။ (၁၃၆၄-ခု အလတ်တန်း)

□ **စက္ခုဒွါရိကစိတ်များနှင့် အာရုံ**

ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်ဒွေ၊ သမ္ပဋိစ္ဆိုင်းဒွေ၊ သန္တီရဏ ၃-ခု၊ ဝုဋ္ဌော၊ ကာမဇော ၂၉-ခု၊ တဒါရုံ မဟာဝိပါက်စိတ် ၈-ခု၊ ပေါင်း ၄၆-ခု၊

ထိုစက္ခုဒွါရိကစိတ်တို့သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုကြပါသည်။ (၁၃၆၁-ခု အလတ်တန်း)

□ **စက္ခုဒွါရေ ယထာရဟံ ဥပ္ပဇ္ဇန္တိ၌ ယထာရဟ အဓိပ္ပာယ်**

ဣဋ္ဌအစရှိသော အာရုံ, ယောနိသော မနသိကာရ, အယောနိသော မနသိကာရ, နိရာနုသယသန္တာန် စသည်တို့

http://www.dhammadownload.com


အလိုက် အထိုက်အားလျော်စွာ ဖြစ်သည်ကို ယထာရဟံဟု ဆိုသည်။ (၁၃၃၇-ခု အလတ်တန်း)

**❒ သောတဒွါရ၌ဖြစ်သောစိတ်**

ပဉ္စဒွါရာဝဇ္ဇန်း၊ သောတဝိညာဉ်ဒွေ၊ သမ္ပဋိစ္ဆန်းဒွေ၊ သန္တီရဏ ၃-ခု၊ ဝုဋ္ဌော၊ ကာမဇော ၂၉-ခု၊ တဒါရုံ မဟာဝိပါက်စိတ် ၈-ခု၊ ပေါင်း ၄၆-ခုဖြစ်ပါသည်။

(၁၃၆၂-ခု အကြီးတန်း)

**❒ မနောဒွါရ၌ဖြစ်သောစိတ်**

မနောဒွါရာဝဇ္ဇန်း၊ ဇော ၅၅-ခု၊ တဒါရုံ ၁၁-ခု၊ ပေါင်း ၆၇-ခု။

**❒ ကေန်ဒွါရဝိမုတ်စိတ်**

မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ခု

**❒ အနေကာန်ဒွါရဝိမုတ်စိတ်**

ဥပေက္ခာသန္တီရဏ ၂-ခု၊ မဟာဝိပါက်စိတ် ၈-ခု

(၁၃၆၂-ခု အကြီးတန်း)

**❒ မနောဒွါရ၌ မဖြစ်သောစိတ်**

ဒွေပဉ္စဝိညာဏ် ၁၀-ပါး, မနောဓာတ် ၃-ပါး၊ ပေါင်း ၁၃-ပါး။

http://www.dhammadownload.com



**မှတ်ချက်။** ။ မဟာဂ္ဂုတ်ဝိပါက်၉-ပါးလည်း မနောဒွါရ၌ မဖြစ်ပါ။ (၁၃၃၁-ခု အကြီးတန်း)

## ❒ ဝိရတီယှဉ်ရာစိတ်တို့ကို ဒွါရ,အာရုံတို့ဖြင့် ဝေဖန်ပုံ

မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်သည် ၆-ဒွါရ၌ ဖြစ်၍ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုသည်။

မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်သည် ၆-ဒွါရ၌ ဖြစ်၍ လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုသည်။

လောကုတ္တရာစိတ်သည် မနောဒွါရ၌သာဖြစ်၍ နိဗ္ဗာန်ကို ဧကန်အာရုံပြုသည်။ (၁၃၄၁-ခု အလတ်တန်း)

## ❒ ဇောတို့ ဖြစ်ရာဒွါရ

ကာမဇောတို့သည် ၆-ဒွါရ၊ အပ္ပနာဇောတို့သည် မနောဒွါရ။ (၁၃၆၃-ခု အကြီးတန်း)

## ❒ ပဉ္စဒွါရ၌သာဖြစ်၍ မနောဒွါရ၌မဖြစ်သောစိတ်

ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-ခု၊ (၁၃၆၂-ခု အကြီးတန်း)

## ❒ မနောဒွါရ၌သာဖြစ်၍ ပဉ္စဒွါရ၌ မဖြစ်သောစိတ်

အပ္ပနာဇော ၂၆-ခု၊

http://www.dhammadownload.com



❑ **မနောဒွါရ၌သာဖြစ်၍ ပဉ္စဒွါရ၌ မဖြစ်သော စေတသိက်**

အပ္ပမညာနှင့် ဝိရတီ ၃-ပါး၊

❑ **ပဉ္စဒွါရာဝဇ္ဇန်းကာစိတ်**

ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃ ခုအားဖြင့် ၁၃-ခု။ (၁၃၆၁-ခု၊ ၆၃-ခု အကြီးတန်း)

❑ **နိယတာနိယတာ အမည်ရသော ဝိရတီစေတသိက်နှင့် ယှဉ်ရာစိတ်**

မဟာကုသိုလ်နှင့် လောကုတ္တရာဖြစ်ပါသည်။

(၁၃၃၉-ခု အလတ်တန်း)

❑ **ဇောစိတ်များ၏ ဒွါရအာရုံ**

ထိုတွင် မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ပါးသည် ၆-ဒွါရ၌ဖြစ်၍ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုသည်၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄-ပါးသည် ၆-ဒွါရ၌ဖြစ်၍ လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုသည်။

လောကုတ္တရာစိတ်သည် မနောဒွါရ၌သာဖြစ်၍ နိဗ္ဗာန်ကို အာရုံပြုသည်။ (၁၃၃၉-ခု အလတ်တန်း)

http://www.dhammadownload.com



**❒ စာပြေသူ၏သန္တာန်ဝယ် ကုသိုလ်ဇောအစဉ်ဖြစ်ရန် အခြေခံကျသော ဝီထိစိတ်**

မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပါသည်။

**❒ ၎င်းနှင့် ယှဉ်သောစေတသိက်**

ယင်းစိတ်၌ ဆန္ဒ, ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၁-ခု ယှဉ်သည်။

**❒ ၎င်းစိတ်၏ ဒွါရ, အာရုံ, ဝတ္ထု**

ဒွါရအားဖြင့် ၆-ဒွါရ၊ အာရုံအားဖြင့် အလုံးစုံအာရုံ၊ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို ရံခါမှီ, ရံခါမမှီ။

(၁၃၅၆-ခု အကြီးတန်း)

**❒ မနောဒွါရာဝဇ္ဇနကိစ်စိတ်**

အပ္ပနာဇော ၂၆-ခု (၁၃၆၃-ခု အကြီးတန်း)

**❒ အလုံးစုံအာရုံပြုနိုင်သော ဒွါရ၊ ကိစ္စ**

မနောဒွါရ, အာဝဇ္ဇန်းကိစ္စတို့၌ အလုံးစုံကို အာရုံပြုနိုင်ပါသည်။ (၁၃၆၁-ခု အငယ်တန်း)

**❒ ယထာရဟ မေကဒွါရိက စိတ္တာနိ နာမ-၌ ယထာရဟပြစ်ပုံ**

စက္ခုဝိညာဏ်ဒွေးသည် စက္ခုဒွါရ၊ သောတဝိညာဏ်ဒွေးသည် သောတဒွါရ၊ ဃာနဝိညာဏ်ဒွေးသည် ဃာနဒွါရ၊

http://www.dhammadownload.com



ဇိဝှါဝိညာဏ်ဒွေသည် ဇိဝှါဒွါရ၊ ကာယဝိညာဏ်ဒွေးသည် ကာယဒွါရ၊ မဟဂ္ဂုတ်, လောကုတ္တရာဇောတို့သည် မနော ဒွါရအားဖြင့် ထိုက်သင့်သလို တစ်ဒွါရစီသာ ဖြစ်သည်။

(၁၃၆၁-ခု, ၆၄-ခု အငယ်တန်း)

## ❒ တစ်ဒွါရ၌ဖြစ်သောစိတ်များနှင့် ဆိုင်ရာ ဒွါရများ

စက္ခုဝိညာဏ်ဒွေ စက္ခုဒွါရ၊ သောတဝိညာဏ်ဒွေ သောတဒွါရ၊ ဃာနဝိညာဏ်ဒွေ ဃာနဒွါရ၊ ဇိဝှါဝိညာဏ်ဒွေ ဇိဝှာဒွါရ၊ ကာယဝိညာဏ်ဒွေ ကာယဒွါရ၊ အပ္ပနာဇော ဆဗ္ဗိသ မနောဒွါရ။

(၁၃၆၀-ခု အခြေပြုတန်း၊ ၃၀-ခု, ၂၄-ခု အလတ်တန်း)

## ❒ မနောဓာတ်အမည်ရသော စိတ်၏ ဒွါရ, အာရုံ

စက္ခု စသော ပဉ္စဒွါရ၊ ရူပ စသော ပဉ္စာရုံ။

(၁၃၆၄-ခု အငယ်တန်း)

## ❒ မနောဓာတ်၏ ဒွါရ စသည်

မနောဓာတ်သည် စက္ခုစသော ၅-ဒွါရမှာ ဖြစ်သည်။ ရူပ စသော ပဉ္စာရုံကို အာရုံပြုသည်။ ဟဒယပဋ္ဌုကို အမှီပြုသည်။ (၁၃၆၄-ခု အငယ်တန်း)

http://www.dhammadownload.com



## ❐ ၅–ဒွါရ၌ ဖြစ်ခွင့်ရှိသောစိတ်

ပဥ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေအားဖြင့် မနောဓာတ် ၃–ခု။ (၁၃၆၀–ခု အခြေပြုတန်း၊ ၃၆၁–ခု အကြိုးတန်း)

## ❐ ၆–ဒွါရ၌ အမြဲဖြစ်သောစိတ်များ

သောမနဿ သန္တီရဏ ၁–ပါး၊ ဝုဋ္ဌော ၁–ပါး၊ ကာမဇော၂၉–ပါး၊ ပေါင်း ၃၁–ပါး။

(၁၃၅၀–ခု အခြေပြုတန်း၊ ၆၃–ခု အငယ်တန်း)

## ❐ ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၂ ပါးတို့ ဒွါရဝိမုတ်ဖြစ်ရာအခါ

ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ရာအခါ ဖြစ်ပါသည်။

## ❐ ရုံခါ ဝီထိ၌ အကျုံးဝင်၍ ရုံခါ ဝီထိမှ လွတ်သောစိတ်

ဥပေက္ခာသန္တီရဏ ၂–ပါး၊ မဟာဝိပါက်စိတ် ၈–ပါး။

သာဓကေ – ဥပေက္ခာသဟဂတသန္တီရဏ မဟာဝိပါကာနိ
ဆဒွါရိကာနိ စေဝ ဒွါရဝိမုတ္တာနိ စ။

(၁၃၄၁–ခု အလတ်တန်း)

http://www.dhammadownload.com



**☐ ရုံခါ ဒွါရ၌ဖြစ်၍ ရုံခါ ဒွါရမှ လွတ်သောစိတ်**

ဥပေက္ခာ သန္တီရဏ ၂-ပါး၊
မဟာဝိပါက်စိတ် ၈-ပါး၊
ပေါင်း ၁၀-ပါး
(၁၃၆၄-ခု အငယ်တန်း)

**☐ ရုံခါ ၆-ဒွါရ၌ဖြစ်၍ ရုံခါ ၆-ဒွါရမှလွတ်သော စိတ်**

ဥပေက္ခာသန္တီရဏ ၂-ခု၊ မဟာဝိပါက် ၈-ခု၊ ပေါင်း ၁၀-ခု။ (၁၃၆၄-ခု အလတ်တန်း)

**☐ ဥပေက္ခာသန္တီရဏ ၂-ပါး၊ မဟာဝိပါက် ၈-ပါးတို့၏ ဒွါရ စသည်**

ဥပေက္ခာသန္တီရဏ ၂-ခု၊ မဟာဝိပါက် ၈-ခုတို့သည် ရုံခါ ၆-ဒွါရ၌ဖြစ်၍ ရုံခါ ၆-ဒွါရမှလွတ်သည်။ အလုံးစုံသော ကာမဂုဏ်တရားကို အာရုံပြုသည်။ ဟဒယဝတ္ထုကို အမှီပြုသည်။ (၁၃၆၄-ခု အလတ်တန်း)

**☐ ပဋိသန္ဓေစိတ် စသည်တို့-ဒွါရဝိမုတ်မည်ခြင်းအကြောင်း**

စက္ခုစသောဒွါရတို့၌ မဖြစ်သောကြောင့် ပဋိသန္ဓေစိတ်သည် ဒွါရဝိမုတ်အမည်ရသည်။

မိမိကိုယ်တိုင်က မနောဒွါရဟု ဆိုအပ်သော ဘဝင်

http://www.dhammadownload.com



ဖြစ်သောကြောင့်လည်းကောင်း၊ ကံ, ကမ္မနိမိတ်, ဂတိနိ မိတ်အာရုံမှ အခြားသောအာရုံကို ယူတတ်သည်၏ အစွမ်း အားဖြင့် မဖြစ်သောကြောင့်လည်းကောင်း ဘဝင်စိတ်သည် ဒွါရဝိမုတ် အမည်ရသည်။

စက္ခုစသော ဒွါရတို့၌ မဖြစ်သောကြောင့် လည်းကောင်း၊ ကံ, ကမ္မ, နိမိတ်, ဂတိနိမိတ်အာရုံမှ အခြားသောအာရုံကို ယူသည်၏အစွမ်းအားဖြင့် မဖြစ်သော ကြောင့်လည်းကောင်း စုတိစိတ်သည် ဒွါရဝိမုတ် အမည် ရသည်။ (၁၃၆၃-မှ အငယ်တန်း၊ ၃၈-ခု အလတ်တန်း)

## ❒ မဟာဝိပါက်စိတ်တို့ ဒွါရဝိမုတ်ဖြစ်ကြောင်း

မဟာဝိပါက်စိတ်တို့သည် ပဋိသန္ဓေ, ဘဝင်, စုတိ တို့၏ အစွမ်းအားဖြင့်ဖြစ်သောအခါ စက္ခုအစရှိသော ဒွါရတို့၌ မဖြစ်သောကြောင့်လည်းကောင်း၊ မိမိတို့သည်ပင် မနောဒွါရဟုဆိုအပ်သော ဘဝင်ဖြစ်သောကြောင့် လည်း ကောင်း၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံမှ တစ်ပါး သောအာရုံကို ယူသည်၏အစွမ်းအားဖြင့် မဖြစ်သော ကြောင့်လည်းကောင်း ဒွါရဝိမုတ်ဖြစ်ပါသည်။

(၁၃၃၁-ခု အလတ်တန်း)

http://www.dhammadownload.com



❑ **မဟာဝိပါက်စိတ် ဆဒ္ဒါရိက, ဒွါရဝိမုတ္တဖြစ်ရာအခါ**

မဟာဝိပါတ်စိတ် ၈–ခုသည် တဒါရမ္မဏကိစ္စ တပ်ခိုက် ဆဒ္ဒါရိကဖြစ်သည်။ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စ တပ်ခိုက် ဒွါရဝိမုတ်ဖြစ်သည်။ (၁၃၆၂–ခု အကြီးတန်း)

❑ **အနေကန်ဒွါရဝိမုတ်စိတ်များ ဝီထိစိတ်ဖြစ်ရာအခါ ဝီထိမုတ်ဖြစ်ရာအခါ**

ဥပေက္ခာသန္တီရဏ ၂–ခုသည် သန္တီရဏကိစ္စ, တဒါရုံကိစ္စတပ်ခိုက် ဝီထိစိတ်ဖြစ်၍ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ခိုက် ဝီထိမုတ်စိတ် ဖြစ်ပါသည်။ မဟာဝိပါက်စိတ် ၈–ခုသည် တဒါရုံကိစ္စတပ်ခိုက် ဝီထိစိတ်ဖြစ်၍ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ခိုက် ဝီထိမုတ်စိတ် ဖြစ်သည်။ (၁၃၆၃–ခု အလတ်တန်း)

❑ **စုတိအမည်ရသော စိတ်များနှင့် တပ်သောကိစ္စများ**

ဥပေက္ခာသန္တီရဏ ၂–ပါး= ပဋိသန္ဓိ, ဘဝင်, စုတိ, သန္တီ[ရဏ], တဒါရမ္မဏ။

မဟာဝိပါက်စိတ် ၈–ပါး= ပဋိသန္ဓိ, ဘဝင်, စုတိ, တဒါရမ္မဏ။

မဟဂ္ဂုတ်ဝိပါက်စိတ် ၉–ပါး= ပဋိသန္ဓိ, ဘဝင်, စုတိ။ (၁၃၆၄–ခု အငယ်တန်း)

http://www.dhammadownload.com


❒ **၎င်းစိတ်တို့တွင် ကေန္ဒဒွါရဝိမုတ်စိတ်များ**

မဟာဂ္ဂုတ် ဝိပါက်စိတ် ၉–ပါး။

အာဂမယုတ္တိ– မဟဂ္ဂတဝိပါကာနိ 'ဒွါရဝိမုတ္တာနေဝါတိ။ (၁၃၆၄–ခု အငယ်တန်း)

❒ **မဟာဝိပါက်စိတ်၏ ၆–ဒွါရ၌ ဖြစ်ရာအခါ ၆–ဒွါရမှ လွတ်ရာအခါ**

မဟာဝိပါက်စိတ်သည် တဒါရုံကိစ္စတပ်ခိုက် ၆–ဒွါရ၌ဖြစ်၍ ပဋိသန္ဓိ, ဘဝင်, စုတိကိစ္စတပ်ခိုက် ၆–ဒွါရမှ လွတ်ပါသည်။ (၁၃၆၁–ခု အငယ်တန်း)

❒ **ဆဒွါရိကစိတ်တို့ ဆဒွါရိကဖြစ်ပုံ**

ပဥ္စဒွါရ၌ ဥပေက္ခာသန္တီရဏနှစ်ခုသည် သန္တီရဏကိစ္စ, တဒါရုံကိစ္စ၏အစွမ်းအားဖြင့်လည်းကောင်း၊ မဟာဝိပါက်စိတ် ၈–ခုသည် တဒါရုံကိစ္စ၏ အစွမ်းအားဖြင့်လည်းကောင်း ဖြစ်ကြ၍ မနောဒွါရ၌ကား ၎င်း ၁၀–ပါးလုံးပင် ဘဒါရုံကိစ္စ၏အစွမ်းအားဖြင့် ဖြစ်သောကြောင့် ဆဒွါရိက ဖြစ်ကြပါသည်။ (၁၃၃၂–ခု အကြီးတန်း)

http://www.dhammadownload.com


### ❑ ကေတွ်ိသ ယထာက္ကမံ-၌ ကေတွ်ိသ-အရ

သောမနဿသန္တီရဏ၊ ဝုဋ္ဌော၊ ကာမဓော ၂၉၊

သာဓက-သုခသန္တီရဏ ဝေါ်ဋ္ဌဗ္ဗန ကာမာဝစရဇဝနာနိ ဆဒွါရိကစိတ္တာနိ။ (၁၃၆၃-ခု အလတ်တန်း)

### ❑ ဒွါရဝိမုတ်စိတ်တို့ ဒွါရဝိမုတ်ဖြစ်ပုံ

ထိုစိတ်တို့သည် ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စတို့၏ အစွမ်းအားဖြင့်ဖြစ်သောအခါ ဒွါရဝိမုတ်ဖြစ်ကြသည်။

(၁၃၃၂-ခု အကြီးတန်း)

### ❑ အနေကာန်ဒွါရဝိမုတ်စိတ်

ဥပေက္ခာသန္တီရဏ ၂-ခု၊ မဟာဝိပါက် ၈-ခု ပေါင်း ၁၀-ခု၊

သာဓက - ဥပေက္ခာသဟဂတသန္တီရဏ မဟာဝိပါကာနိ ဆဒွါရိကာနိ စေဝ ဒွါရဝိမုတ္တာနိ စ။

(၁၃၆၁-ခု အလတ်တန်း)

### ❑ ဆဒွါရိကဝိမုတ္တာနိ - အရ

ဥပေက္ခာ သန္တီရဏ ၂-ခု၊ မဟာဝိ ၈-ခု၊ ပေါင်း ၁၀-ခု။

http://www.dhammadownload.com



- **ဝိမုတ္တာနိ စ သဗ္ဗထာ - အရ**

  မဟာဋ္ဌကထာ၀ိပါက် ၉ ပါး။

  (၁၃၆၃-ခု အငယ်တန်း)

- **ဆတွိ္တသတိ တထာ တိဏိ စသော ဂါထာ၌ ဆတွိ္တသ စသည်တို့အရ**

  ဆတွိ္တသ - အရ ဒွေပဉ္စ၀ိညာဏ် ၁၀-ပါး၊ အပုညာဓော ၂၆-ပါး၊ ပေါင်း ၃၆-ပါး။

- **တိဏိ-အရ**

  မနောဓာတ် ၃-ခု၊

- **ကေတွ္တိသ-အရ**

  သောမနဿ သန္တီရဏ ၁-ခု၊
  ဝုဋ္ဌော ၁-ခု၊
  ကာမဇော ၂၉-ခု၊
  ပေါင်း ၃[illegible]-ခု

- **ဒသဓာ-အရ**

  ဥပေက္ခာသန္တီရဏ ၂-ခု၊
  မဟာ၀ိပါက် ၈-ခု၊
  ပေါင်း ၁၀-ခု၊

http://www.dhammadownload.com



❑ **နဝတာ-အရ**

မဟာဂ္ဂုတ်ဝိပါက် ၉-ခု၊

(၁၃၃၉-ခု, ၆၃-ခု အလင်္ကာတန်း)

## အာရမ္မဏသင်္ဂဟ

❑ **အာရမ္မဏမည်ခြင်း အကြောင်း**

အင်အားမရှိသော ယောက်ျားသည် တုတ် စသည်ကို ဆွဲမှီအပ်သကဲ့သို့ စိတ်, စေတသိက်တို့ ဆွဲမှီအပ်သော အကြောင့် (ဝါ) စိတ်စေတသိက်တို့၏ လာရောက်၍ မွေ့မှီရာ ဖြစ်သောကြောင့် အာရမ္မဏမည်ပါသည်။

(၁၃၅၁-ခု အငယ်တန်း)

❑ **အာရုံသရုပ်**

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံအားဖြင့် ၆-ပါး။

(၁၃၄၈-ခု အခြေပြုတန်း)

❑ **ဖောဋ္ဌဗ္ဗာရုံ-အရ**

အာပေါ်ဓာတ်ကြဉ်သော ဘူတရုပ် ၃-ခုသည် ဖောဋ္ဌဗ္ဗာရုံမည်၏။

(၁၃၃၃-ခု အငယ်တန်း)

http://www.dhammadownload.com



❐ **ဓမ္မာရုံသရုပ်**

ပသာဒရုပ်၊ သုခုမရုပ်၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်၊ ပညတ် အားဖြင့် ၆ ပါး။

(ဆောင်) ပသာ, သုခု၊ စိတ်, စေစုနှင့်၊ မှတ်ရှုနိဗ္ဗာန်၊ ပညတ္တ်၊ ခြောက်တန် ဓမ္မာရုံ။

(၁၃၄၈-ခု အခြေပြုတန်း၊ ၂၃-ခု အလတ်တန်း)

❐ **ဓမ္မာရုံသာမည်၍ ဓမ္မဓာတ် မမည်သောတရား**

စိတ်၊ ပသာဒရုပ်၊ ပညတ်၊

❐ **နှစ်ပါးစုံ မမည်သော တရား**

စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်။ (၁၃၃၂-ခု အကြီးတန်း)

❐ **ရွှေတိဂုံစေတီတော်ကို ဖူးမြော်နေသူ၏ ဖြစ်သော မြင်သိစိတ်၏အာရုံ**

ပစ္စုပ္ပန်ရူပါရုံ။ (၁၃၅၀-ခု အခြေပြုတန်း)

❐ **ကေဒွါရိကစိတ်တို့၏ အာရုံ**

စက္ခုဝိညာဉ်ဒွေ-ပစ္စုပ္ပန်ရူပါရုံ၊ သောတဝိညာဏ်ဒွေး-သဒ္ဒါရုံ၊ ဃာနဝိညာဏ်ဒွေး-, ဂန္ဓာရုံ၊ ဇိဝှာဝိညာဏ်ဒွေး-ရသာရုံ၊ ကာယဝိညာဏ်ဒွေး-ဖောဋ္ဌဗ္ဗာရုံ၊ ဝိညာ,

http://www.dhammadownload.com



နေဝါတို့သည် မဟဂ္ဂုတ် မမှာရုံ၊ အာကာ,အာကိဉ် နှင့် ရူပဇောတို့သည် ပညတ်မမှာရုံ၊ လောကုတ္တရာဇော သည် နိဗ္ဗာန် မမှာရုံ၊ (၁၃၃၀-ခု အလတ်တန်း)

## ပဉ္စဒွါရိကစိတ်တို့ ပစ္စုပ္ပန်အာရုံသာ အာရုံပြုနိုင်ခြင်း အကြောင်း

ပဉ္စဒွါရိကစိတ်တို့၌ စိတ်ဓာတ်သတ္တိသည် များစွာမရှိကြသောကြောင့် ပဉ္စဒွါရိကစိတ်တို့သည် ပစ္စုပ္ပန်အာရုံကိုသာ အာရုံပြုကြသည်။ (ဘာသာဋီကာ)

(၁၃၃၇-ခု အကြီးတန်း)

## မနောဒွါရိက စိတ်တို့၏အာရုံ

မနောဒွါရိကစိတ်တို့သည် အတိတ်, အနာဂါတ်တို့ကိုလည်း အာရုံပြုသောကြောင့် အတိမဟန္တ စသည်တို့၏ အစွမ်းဖြင့် အာရုံကို ပိုင်းခြားသတ်မှတ်ခြင်းငှာ မစွမ်းနိုင်ပါ။ (၁၃၆၁-ခု အလတ်တန်း)

## နိဗ္ဗာန်နှင့် ပညတ်တို့ ကာလဝိမုတ်မရခြင်းအကြောင်း

ပျက်စီးခြင်းမရှိသည့်အတွက် အတိတ်စသော ကာလအစွမ်းဖြင့် မဆိုထိုက်သောကြောင့် နိဗ္ဗာန်နှင့် ပညတ်ကို ကာလဝိမုတ်တရားဟုဆိုသည်။

(၁၃၅၁-ခု, ၆၁-ခု အငယ်တန်း၊ ၂၇-ခု အလတ်တန်း၊ ၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



### ❑ မနောဒွါရိကစိတ်အပေါင်းတို့တွင် ပါဝင်သော မနောဒွါရာဝဇ္ဇန်းစိတ်၏ အာရုံ

အလုံးစုံကို အာရုံပြုပါသည်။

(၁၃၆၄-ခု အကြီးတန်း)

### ❑ ဒွါရဝိမုတ်စိတ်တို့၏အာရုံ

ပဋိသန္ဓေ, ဘဝင်, စုတိဟုဆိုအပ်သော ဒွါရဝိမုတ်စိတ်တို့သည် များသောအားဖြင့် အတိတ်ဘဝ၌ ဆဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်, အတိတ်, ပညတ်ဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆-ပါးကို ထိုက်သင့်သလို အာရုံပြုသည်။ (၁၃၆၁-ခု အငယ်တန်း၊ ၆၃-ခု အလတ်တန်း)

### ❑ ယေဘုယျေန ဘဝန္တရေ၌ ယေဘုယေန သဒ္ဒါဆိုကျိုး

အသညသတ်ဘုံမှ စုတေသောသတ္တဝါတို့၏ ပဋိသန္ဓေ၏အာရုံကို အခြားမဲ့လွန်လေပြီးသောဘဝ၌ တစ်စုံတစ်ခုသော ဒွါရဖြင့် ယူခြင်းမရှိသောကြောင့် အသညသတ်ကို စင်စေခြင်းငှာ ယေဘုယျသဒ္ဒါကို ဆိုပါသည်။

(၁၃၆၂-ခု အကြီးတန်း)

### ❑ ဒွါရဝိမုတ်မည်ပုံ

စက္ခုစသောဒွါရတို့၌ မဖြစ်သောကြောင့်လည်း

http://www.dhammadownload.com



ကောင်း၊ မနောဒွါရဟုဆိုအပ်သော ဘဝင်ဖြစ်သောကြောင့်လည်းကောင်း၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံမှ အခြားသောအာရုံကို ယူသည်၏အစွမ်းအားဖြင့် မဖြစ်သောကြောင့်လည်းကောင်း ၁၉–ပါးသော စိတ်တို့သည် ဒွါရဝိမုတ်ဖြစ်ကြရသည်။ (၁၃၆၁–ခု အလတ်တန်း)

❒ **ဒွါရဝိမုတ်ဖြစ်နိုက် မဟာဝိပါက်စိတ်တို့၏ ကိစ္စနှင့်အာရုံ**

ပဋိသန္ဓိ၊ ဘဝင်၊ စုတိ။

ကံ, ကမ္မနိမိတ်၊ ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံ ၆–ပါး။ (၁၃၆၃–ခု အကြီးတန်း)

❒ **ဘုရားရဟန္တာတို့၏ စုတိစိတ်တော်သည် နိဗ္ဗာန်ကို အာရုံပြု၍ ပရိနိဗ္ဗာန်ပြုကြသည်ဟူသော အယူအဆသည် မသင့်**

ဘုရားရဟန္တာတို့၏ စုတိစိတ်သည် ကာမကိုသာ အာရုံပြုသည်။

သာဓက။ ။ သေသာနိ ကာမာဝစရဝိပါကာနိ ဟသန

စိတ္တဉ္စေတိ သဗ္ဗထာပိ ကာမာဝစရာ

ရမ္မဏာနိ။

ဒွါရဝိမုတ္တာနဥ္စ ပဋိသန္ဓိဘဝင်္ဂစုတိသင်္ခါတာနံ(လ) ဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ။

http://www.dhammadownload.com



တာနိ ပန သဗ္ဗာနိပိ ပရိတ္တခမ္မဘူတာနေဝ ရမ္မဏာနိ။ (၁၃၃၇-ခု အကြီးတန်း)

## ☐ ဘဝင္ဂ-အရ

အခြားမဲ့လွန်လေပြီးသော အတီတာနန္တရဘဝသည် ဘဝင္ဂ မည်၏။ (၁၃၃၈-ခု အလတ်တန်း)

## ☐ ဆဒွါရဂ္ဂဟိတ-အရ

၆-ဒွါရ၌ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သော အာရုံသည် ဆဒွါရဂ္ဂဟိတမည်၏။ (၁၃၃၈-ခု အလတ်တန်း)

## ☐ ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိဘဝင်္ဂစုတိသင်္ခါတာနံ-အရ ပဋိသန္ဓေ, ဘဝင်, စုတိ တိစ္စတပ်သော ဝိညာဏဉ္စာယတန ဝိပါက်စိတ် ယူခဲ့သော် ဆဒွိုဓမ္မိအရ ဖြစ်သင့်သောအာရုံ-

ပထမာ ရုပ္ပဝိညာဏ၏ မဟဂ္ဂုတ်ကမ္မနိမိတ် ဓမ္မာရုံကို ယူရပါမည်။ (၁၃၆၂-ခု အကြီးတန်း)

## ☐ ကာမဇောနောင်အာရုံပြုသောစိတ်နှင့် အာရုံ

စက္ခုဝိညာဉ်ဒွေ ပစ္စုပ္ပန်ရူပါရုံ၊ သောတဝိညာဉ်ဒွေ ပစ္စုပ္ပန်သဒ္ဒါရုံ၊ ဃာနဝိညာဉ်ဒွေ ပစ္စုပ္ပန်ဂန္ဓာရုံ၊ ဇိဝှာဝိညာဉ်ဒွေ ပစ္စုပ္ပန်ရသာရုံ၊ ကာယဝိညာဉ်ဒွေ ပစ္စုပ္ပန်

http://www.dhammadownload.com


ဖောဋ္ဌဗ္ဗာရုံ၊ မနောဓာတ် ၃-ခု ဝစ္ဆုပ္ပန် ပဉ္စာရုံ။ တဒါရုံ ၁၁, ဟသိတုပ္ပါဒ် အလုံးစုံသောကာမအာရုံ။
(၁၃၆၄-ခု အငယ်တန်း၊ ၂၉-ခု အကြီးတန်း)

## ☐ ကာမအနေကန်အာရုံပြုသောစိတ်နှင့် အာရုံ

အကုသိုလ် ၁၂၊ မဟာကုသိုလ် မဟာကြိယာ ဉာဏဝိပ္ပယုတ် ၈-ခု၊ ပေါင်း ၂၀-သည် (ကာမနှင့်တကွ) လောကုတ္တရာကြဉ် အလုံးစုံအာရုံ။

မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄၊ ကြိယာအဘိညာဉ် ပေါင်း ၅-ပါးသည် (ကာမနှင့်တကွ)အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ်သော အလုံးစုံအာရုံ။

မဟာကြိယာဉာဏသမ္ပယုတ် ၄၊ ကြိယာအဘိဉာဉ်၊ ဝုဋ္ဌော၊ ပေါင်း ၆-ပါးသည် (ကာမနှင့်တကွ)အလုံးစုံသော အာရုံ။
(၁၃၂၉-ခု အကြီးတန်း)

## ☐ ကာမကို ဧကန်အာရုံပြုသောစိတ်

ဒွေ ပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-ခု၊ တဒါရုံ ၁၁-ခု၊ ဟသိတုပ္ပါဒ် ၁-ခု အားဖြင့် ၂၅-ပါး။
(၁၃၆၄-ခု အကြီးတန်း)

## ☐ ကာမကို အနေကန်အာရုံပြုသော စိတ်

အကုသိုလ်စိတ် ၁၂၊ မဟာကုသိုလ်စိတ် ၈-ခု၊

http://www.dhammadownload.com



မဟာကြိယာစိတ် ၈-ခု၊ မနောဒွါရာဝဇ္ဇန်း၊ အဘိညာဉ်ဒွေ အားဖြင့် ၃၁-ပါး။ (၁၃၆၄-ခု အကြီးတန်း)

**(ဆောင်)** ဋ်ပါက်ကာမ, ပဉ္စဒွါရာ, ဝဇ္ဇနာတည့်, ဟသိတုပ္ပ, ပဉ္စဝိသံ, ကာမမှန်, ကေန်အာရုံပြု။ ။ဟသိကြဉ်သော, ကာမဇော, ဝုဋ္ဌော-အဘိညာဇ်။ ရုံတခါတုံ, ကာမစုံ, အာရုံသူတို့ပြု။

## မဟဂ္ဂုတ်ကို လုံးဝ အာရုံ မပြုနိုင်သော စိတ်များ

ဒွေ ပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-ခု၊ ပေါင်း ဒွိ၃-ပါး ဖြစ်ပါသည်။ (၁၃၆၃-ခု အလတ်တန်း)

## အာရုံငါးပါးကို အာရုံပြုသောစိတ်

မနောဓာတ် ၃-ပါးဖြစ်ပါသည်။

(၁၃၆၀-ခု အခြေပြုတန်း)

## အာရုံငါးပါးကို ကေန်အာရုံပြုသောစိတ်

မနောဓာတ် ၃-ခု၊

## ၎င်းစိတ်ကို ဆေဒနာဒိဆက္က

ပဉ္စဒွါရာဝဇ္ဇန်းသည် ဥပေက္ခာဝေဒနာ၊ အဟိတ်၊ အာဝဇ္ဇာန်း ကိစ္စ၊ ငါးဒွါရ၊ ပစ္စုပ္ပန်ပဉ္စာရုံ၊ ဟဒယဝတ္ထုကို ကေန်မှီသည်။

သမ္ပဋိစ္ဆိုင်းဒွေသည် ဥပေက္ခာဝေဒနာ၊ အဟိတ်၊

http://www.dhammadownload.com



သမ္ပဋိစ္ဆန ကိစ္စ၊ ငါးဒွါရ၊ ပစ္စုပ္ပန်ပဉ္စာရုံ၊ ဟဒယဝတ္ထုကို မှီသည်။ (၁၃၆၁-ခု အငယ်တန်း)

## ❒ ကာမာဝစရာရုံမျှကာနေဝ-၌ ကာမာဝစရ-အရ

ကာမစိတ် ၅၄-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး ရ၏။ (၁၃၃၄-ခု အကြီးတန်း၊ ၃၉-ခု အငယ်တန်း)

## ❒ ဟသိတုပ္ပါဒ်စိတ်၏အာရုံနှင့် မှီရာဝတ္ထု

(ခ) အလုံးစုံသော ကာမတရားကို အာရုံပြု၍ ဟဒယဝတ္ထုကို မှီသည်။ (၁၃၄၅-ခု အခြေပြုတန်း)

## ❒ ဟသိတုပ္ပါဒ်စိတ် သဒ္ဒါရုံကို အာရုံပြုနိုင်ပုံ

ဘဏ္ဍာဓောန်ရာဌာန၌ ကျယ်စွာသောအသံကို ကြားရသည်ရှိသော် ဤသို့သဘောရှိသော လောလုပ္ပတဏှာကို ငါသည် ပယ်အပ်ပြီဟု နှစ်သက်သော ရဟန္တာပုဂ္ဂိုလ်အား ဖြစ်သော ဟသိတုပ္ပါဒ်စိတ်သည် သဒ္ဒါရုံကို အာရုံပြုနိုင်ပါသည်။ (၁၃၆၁-ခု အကြီးတန်း)

## ❒ မဟာဝိပါက်စိတ် ပညတ်ကို အာရုံမပြုခြင်းအကြောင်း

ကျွန်မက မွေးသောသားသည် ကျွန်မသားပင် ဖြစ်သော်လည်း မိခင်ကျွန်မအလိုသို့ လိုက်ခြင်းငှာ မစွမ်းနိုင် အရှင်သခင်၏ အလိုသို့သာ လိုက်ရသကဲ့သို့ ကာမတဏှာ

http://www.dhammadownload.com



နှင့် စပ်သော ကာမအကျိုးဖြစ်သောကြောင့် ကာမအာရုံကိုသာ အာရုံပြုသည်၊ ကာမတဏှာနှင့်မဆိုင်သော ပညတ်တရားကို အာရုံမပြု။ (၁၃၆၃-ခု အငယ်တန်း)

**❒ ကာမကုသိုလ်နှင့် ဝိပါက်တို့ အာရုံမတူခြင်းအကြောင်း**

ဥပမာ။ ။ ကျွန်မ၏သားသည် ကျွန်မ မပိုင်၊ သခင်သာ ပိုင်သကဲ့သို့ ထို့အတူ ကာမတဏှာနှင့်စပ်သော ကြောင့် ကျွန်မနှင့်တူသော ကာမကံ၏အကျိုးဖြစ်သော ဝိပါက်စိတ်သည် ထိုကာမကံယူသော အာရုံကိုမယူဘဲ ကာမတဏှာ ယူသော အာရုံကိုသာ ယူပါသည်။ ထို့ကြောင့် ကာမကုသိုလ်နှင့် ကာမဝိပါက်တို့ အာရုံ မတူကြခြင်း ဖြစ်ပါသည်။ (၁၃၆၁-ခု အကြီးတန်း)

**❒ ကြောင်၏ ဘဝင်စိတ်**

အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်။

**❒ ယင်း၏ ယှဉ်ရာစေတသိက်နှင့် ကိစ္စစသည်**

ဆန္ဒ, ပီတိ, ဝီရိယကြဉ် အညသမာန်းစေ ၁၀၊

ကိစ္စ- ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ, စုတိကိစ္စ, သန္တီရဏကိစ္စ, တဒါရုံကိစ္စ

အာရုံ-ကာမဇောနှင့်အာရုံ။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



□ **အသိဉာဏ်မပါသော ...သိလ်သည် နိဗ္ဗာန်ကို အာရုံမပြုနိုင်**

ဉာဏ်ကင်းသဖြင့် မိမိ၏ မိုက်မည်းတွေဝေသည့်အတွက် လောကုတ္တရာကို အာရုံပြုခြင်းငှာ မစွမ်းနိုင်သောကြောင့် အာရုံမပြုနိုင်ပါ။

(၁၃၄၈–ခု၊ အငယ်တန်း၊ ၆၁–ခု အကြီးတန်း)

□ **ဥပစာရသမာဓိဇောတို့၏ အာရုံ**

ပရိကံ, ဥပစာ, အနုလုံ တို့သည် တေဘူမကသင်္ခါရ အနိစ္စအစရှိသော အာရုံကို အာရုံပြုသည်။ ဂေါတြဘုသည် နိဗ္ဗာန်ကို အာရုံပြုသည်။

(၁၃၆၁–ခု အကြီးတန်း)

□ **မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်တို့၏ အာရုံ**

အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံ အာရုံ။

(၁၃၅၄–ခု အခြေပြုတန်း)

□ **ပုထုဇဉ်များ သန္တာန်၌ဖြစ်သော ဉာဏသမ္ပယုတ် ကာမာဝစရ ကုသိုလ်ဇောများ၏ အာရုံ**

လောကုတ္တရာစိတ် ၈–ပါး ကြဉ်သော အလုံးစုံကို အာရုံပြုနိုင်သည်။ (လောကုတ္တရာစိတ်ကိုကား မရသေးသောကြောင့် အာရုံ မပြုနိုင်ပါ) (၁၃၃၂–ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ နိဗ္ဗာန်ကိုအာရုံပြုနိုင်သော လောကီကုသိုလ်စိတ်

မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ပါး၊ ကုသိုလ် အဘိညာဉ် အားဖြင့် ၅-ပါး၊

အထောက်-ဉာဏသမ္ပယုတ္တ ကာမာဝစရ ကုသလာနိ စေဝ ပဉ္စမဇ္ဈာနသင်္ခါတံ အဘိညာ ကုသလဉ္စ တိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

(၁၃၆၃-ခု အကြီးတန်း)

## ❑ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်၏ နိဗ္ဗာန်အာရုံပြုရာ အခါ

သောတာပတ္တိမဂ်၏ရှေ့ ဂေါတြဘုကိစ္စတပ်သော အခါ နိဗ္ဗာန်ကို အာရုံပြုသည်။

သာဓက။ ။ တတော ပရံ ဂေါတြဘုစိတ္တံ နိဗ္ဗာန မာလမ္ဗိတွာ။ (၁၃၄၈-ခု၊ ၅၄-ခု အကြီးတန်း)

## ❑ အဘိညာဉ်ကုသိုလ်စိတ် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို အာရုံ မပြုခြင်းအကြောင်း

အဘိညာဉ်ကုသိုလ်စိတ်သည် (ရဟန္တာပုဂ္ဂိုလ်၌ မဖြစ်ဘဲ) ပုထုဇဉ်, သေက္ခသန္တာန်မှာသာ ဖြစ်သောကြောင့် ၎င်း၏ အာရုံတွင် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ကြဉ်ရသည်။

(၁၃၃၃-ခု, ၃၇-ခု အကြီးတန်း၊ ၄၇-ခု အငယ်တန်း)

http://www.dhammadownload.com



**☐ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါးတို့ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော အာရုံကိုသာ အာရုံပြုခြင်းအကြောင်း**

သေက္ခ, ပုထုဇဉ်ပုဂ္ဂိုလ်တို့၏သန္တာန်၌သာ ဖြစ်သောကြောင့် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော အာရုံကိုသာ အာရုံပြုပါသည်။ (၁၃၆၄-ခု အငယ်တန်း)

**☐ ကုသိုလ် အဘိညာဉ်စိတ် အရဟတ္တမဂ်ကို အာရုံမပြုနိုင်**

ပဋ္ဌာန်မဇ္ဈိမနယ်သနဲ့ဟို အဘိညာကုသလ၌ အရဟတ္တမဂ္ဂ ဖလဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ-ကို ထောက်ပါ။

(၁၃၆၄-ခု အကြီးတန်း)

**☐ ပရိယတ္တိလုပ်ငန်းကို အသိတရား လက်ကိုင်ထားလျက် တက်ကြွစွာ ဆောင်ရွက်နေသော လူ၏သန္တာန်၌ဖြစ်သော စိတ်။**

ေ ''နသသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်။

**☐ ယင်းစိတ်၏ ကိစ္စ-အာရုံ**

ဇောကိစ္စ၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံ အာရုံ။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



❒ **အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို အာရုံပြုနိုင်သော အသောဘနစိတ်**

မနောဒွါရာဝဇ္ဇန်းစိတ်

❒ **၎င်းစိတ်၏ ဝေဒနာ စသည်**

ဥပေက္ခာဝေဒနာ၊ အာဝဇ္ဇန်းကိစ္စ၊ ဇောကိစ္စ၊ ၆ ဒွါရ၊ ဟဒယဝတ္ထုကို ရခါမှီ, ရခါမမှီ။

(၁၃၆၃-ခု အငယ်တန်း)

❒ **ပသာဒဓမ္မာရုံကို အာရုံပြုသောစိတ်**

တဒါရုံ ၁၁-ခု၊ ဟသိတုပ္ပါဒ်၊ အကုသိုလ်စိတ် ၁၂ ခု၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ အဘိညာဉ်ဒွေ။ (၁၃၆၁-ခု အလတ်တန်း)

❒ **သဗ္ဗတ္ထာပိ, သဗ္ဗာရမ္မဏာနိ၌ သဗ္ဗထာ-အရ**

ကာမအာရုံဟူသမျှ အားလုံးသော အပြား၊ မဟဂ္ဂုတ် အာရုံဟူသမျှ အားလုံးသော အပြား, လောကုတ္တရာအာရုံ ဟူသမျှ အားလုံးသောအပြား, ပညတ်အာရုံဟူသမျှ အားလုံးသောအပြား ရ၏။

(၁၃၃၇-ခု, ၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



❒ **သဗ္ဗာရမ္မဏအရ**

အားလုံးသော ကာမ, မဟဂ္ဂုပ်, လောကုတ္တရာ, ပညတ်အာရုံများရ၏။ (၁၃၃၇-ခု, ၆၁-ခု အကြီးတန်း)

❒ **အလုံးစုံအာရုံပြုသောစိတ်များ**

မဟာကြိယာဉာဏသမ္ပယုတ် ၄ -ပါး၊ ကြိယာ အဘိညာဏ် ၁-ပါး၊ ဝုဋ္ဌော ၁-ပါး၊ ပေါင်း ၆-ပါး၊ (၁၃၄၆-ခု အခြေပြုတန်း၊ ၅၁-ခု အငယ်တန်း၊ ၆၂-ခု အကြီးတန်း)

❒ **ဝုဋ္ဌော၏ ကိစ္စ, အာရုံ**

ဝုဋ္ဌောစိတ်သည် ပုဋ္ဌောကိစ္စတပ်ခိုက် ပဉ္စာရုံကို အာရုံပြုသည်။ အာဝဇ္ဇန်းကိစ္စတပ်ခိုက် အလုံးစုံကို အာရုံ ပြုသည်။ (၁၃၆၁-ခု အကြီးတန်း)

❒ **ဝုဋ္ဌောစိတ်၏ အလုံးစုံအာရုံပြုနိုင်ရာအခါ**

ဘုရားရှင် သန္တာန်မှာဖြစ်သော ဝုဋ္ဌောစိတ်သည်သာ ထိုထိုသဗ္ဗညုတ ဉာဏ် စသည်တို့၏ ရှေ့သွားဖြစ်သော အခါ၌ သဗ္ဗာရမ္မဏဖြစ်သည်။ ဘုရားမှတစ်ပါး အခြား သူတို့ သန္တာန်မှာဖြစ်သော ဝုဋ္ဌောစိတ်သည် အလုံးစုံကို အာရုံမပြုနိုင်။ (၁၃၃၄-ခု၊ ၆၂-ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ အဘိညာဉ်တရားကိုယ်

အလွန်အကြူး အထူးသိတတ်သော ရူပပဉ္စမဈာန်နှင့်ယှဉ်သော ပညာစေတသိက်သည် မုချအားဖြင့် အဘိညာဉ် မည်၏။ (၁၃၃၇-ခု အကြီးတန်း)

## ❐ အဘိညာဉ်စိတ်ဟူသည်

ပဉ္စမဈာနသခါတ အဘိညာကုသလဈေတိ (ပကိဏ်းပိုင်း)ကိုလည်းကောင်း၊ အဘိညာဝသေန ပဝတ္တမာနံ ရူပါဝစရပဉ္စမဈာနံ (ကမ္မဋ္ဌာန်းပိုင်း)ကို လည်းကောင်း ထောက်၍ ရူပါဝစရကုသိုလ်, ကြိယာ ပဉ္စမဈာန်စိတ်၌ ရှိသော ပညာစေတသိက်ကို အဘိညာဉ် စိတ်ဟုခေါ်သည်။

(၁၃၃၀-ခု အလတ်တန်း)

## ❐ အဘိညာဉ်ကိစ္စတပ် + မတပ်သော ရူပါဝစရကုသိုလ်ကြိယာ ပဉ္စမဈာန်စိတ်၏ အာရုံ

အဘိညာဉ်ကိစ္စတပ်သော ရူပကုသိုလ် ပဉ္စမဈာန်စိတ်သည် အရဟတ္တမဂ်/ဖိုလ်ကြဉ် အားလုံးစုံကို အာရုံပြုသည်။

အဘိညာဉ်ကိစ္စတပ်သော ရူပကြိယာ ပဉ္စမဈာန်စိတ်သည် အလုံးစုံကို အာရုံပြုသည်။

အဘိညာဉ်ကိစ္စမတပ်သော ရူပကြိယာ ပဉ္စမဈာန်စိတ်သည် ပညတ်ကို အာရုံပြုသည်။

http://www.dhammadownload.com



### ❒ မဟာကုသိုလ် ပထမစိတ်၏ အာရုံကို ပုဂ္ဂိုလ်အလိုက် ခွဲခြားချက်

ပုထုဇဉ်ပုဂ္ဂိုလ်ဖြစ်လျှင် လောကုတ္တရာကြဉ် အလုံးစုံ အာရုံ၊ သောတာပန်ဖြစ်လျှင် အထက်မဂ် ၃, အထက်ဖိုလ် ၃-ပါးကြဉ် အလုံးစုံအာရုံ၊ သကဒါဂါမိဖြစ်လျှင် အထက် မဂ် ၂၊ အထက် ဖိုလ် ၂-ပါးကြဉ် အလုံးစုံအာရုံ၊ အနာဂါမိ ဖြစ်လျှင် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံအာရုံ။

(၁၃၆၄-ခု အကြီးတန်း)

### ❒ ဆစိတ္တာနိ မဟဂ္ဂတေ-၌ ဆ-အရ

ဝိညာ ၃၊ နေဝ ၃၊ ပေါင်း ၆-ပါး

(၁၃၆၃-ခု အငယ်တန်း၊ ၆၁-ခု အကြီးတန်း)

### ❒ ပဉ္စ သဗ္ဗတ္ထ ဆစ္စေတ်-၌ ဆ-အရ

ဉာဏသမ္ပယုတ်ကာမာဝစရ ကြိယာစိတ် ၄-ခု၊ ကြိယာအဘိညာဉ်၊ ဝုဋ္ဌော။ (၁၃၆၃-ခု အငယ်တန်း)

### ❒ စိတ်ခမ္ဘာရုံကို အာရုံပြုသောစိတ်

ဝိညာဏဥ္စာယတနစိတ် ၃-ခု၊ နေဝသညာ နာသညာယတနစိတ် ၃-ခု၊ ပေါင်း ၆-ခု။

သင်္ဂဟာအဖြောက် - အာရုပ္ပေသု ဒုတိယ စတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ။ (၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



**❑ ဝိညာနဉ္စာယတနကုသိုလ်၏ လွန်အပ်သောအာရုံ**

ကောင်းကင်ပညတ်အာရုံ။ (၁၃၂၄-ခု အလတ်တန်း)

**❑ ဝိညာဏဉ္စာယတနကုသိုလ်၏ ပြုအပ်သောအာရုံ**

ပထမာရုပ္ပဝိညာဏ်အာရုံ။ (၁၃၂၄-ခု အလတ်တန်း)

**❑ မဟဂ္ဂုတ်တရားကို ကေန်အာရုံပြုသောစိတ်**

ဝိညာနဉ္စာယတနစိတ် ၃-ပါး၊ နေဝသညာနာသညာယတန စိတ် ၃-ပါးအားဖြင့် ၆-ပါးဖြစ်သည်။

(၁၃၆၀-ခု အခြေပြုတန်း၊ ၆၃-ခု အငယ်တန်း)

**(ဆောင်)** မဟဂ္ဂုတ်မှာ, မြဲပြုလာ, ဝိညာနေဝါခြောက်။ ။

အနေကန်တဲ့, ယခင်ကွဲ, ဆုံးဆယ့်တစ်ဟု ကောက်။

**❑ စိတ်အာရုံကြောင့်ဖြစ်ပေါ်လာသော စိတ်များ**

ဝိညာဏဉ္စာယတနစိတ် ၃-ပါး၊ နေဝသညာနာသညာယတနစိတ် ၃-ပါး

သာကေ တမေဝ ပဌမာရုပ္ပဝိညာဏံ အနန္တံ ဝသေန ပရိကမ္မံ ကရောန္တဿ ဒုတိယာရုပ္ပမပ္ပေတိ။ တတိယာရုပ္ပံ "သန္တမေတံ ပဏီတမေတန္တိ" ပရိကမ္မံ ကရောန္တဿ စတုတ္ထာရုပ္ပမပ္ပေတိ။

(၁၃၆၃-ခု အငယ်တန်း)

http://www.dhammadownload.com


❒ **နာမ်ကေန်အာရုံ**

ဝိညာဏ, နေဝါ ၆-ပါးနှင့် လောကုတ္တရာစိတ် ၈-ပါး။

❒ **နာမ်အနေကန်**

ကာမဇော ၂၉-ပါး၊ တဒါရုံ ၁၁-ပါး၊ ဝုဋ္ဌော အဘိညာဉ်ဒွေ၊ ပေါင်း ၄၃-ပါး။

* (၁၃၃၁-ခု အံကြီးတန်း၊ ၃၂၊ ၆၁-ခု အလတ်တန်း)

**(ဆောင်)** ဝိညာနေဝါ, လောကုတ္တာ၊ နာမ်မှာ တစ်ဆယ့်လေး။
ယင်းက ကေန်၊ အနေကန်တုံ၊ တဒါရုံနှော၊ ကာမဇော၊
ဝုဋ္ဌော ဘိညာဒွေ။

❒ **သေသာနိ မဟဂ္ဂတစိတ္တာနိ ပညတ္တာရမ္မဏာနိ-၌သေသ အပါဒါန်**

အဘိညာဉ်ဒွေ, ဝိညာဏဉ္စာယတနစိတ် ၃-ပါး၊ နေဝသညာ နာသညာယတနစိတ် ၃-ပါး၊ ပေါင်း ၈-ပါး။ (၁၃၆၃-ခု အငယ်တန်း)

❒ **သေသာနိ မဟဂ္ဂတစိတ္တာနိ ပညတ္တာရမ္မဏာနိ-၌ သေသ- အရ ရူပပထမဈာန်စိတ်ကိုယူလျှင် ပညတ္တာရမ္မဏာနိ- အရ ဖြစ်သင့်သော ပညတ်အာရုံ**

ကသိုဏ်းပညတ် ၁၀-ပါး၊ အသုဘပညတ် ၁၀-ပါး၊ ထွက်သက်ဝင်သက်ပညတ်၊ ကောဋ္ဌာသပညတ်၊

http://www.dhammadownload.com



မေတ္တာ, ကရုဏာ, မုဒိတာဟူသော ဗြဟ္မဝိဟာရတရား သုံးပါး၏ အာရုံဖြစ်သော သတ္တဝါပညတ် ၃-ပါး၊ ပေါင်း ၂၅-ပါး။ (၁၃၆၁-ခု အကြီးတန်း)

## ❒ ပညတ်ကေန်အာရုံ (ကေဝိသတိ ဝေါဟာရေ-၌ ဝေါဟာရသရုပ်)

အဘိညာဉ်ဒွေမှ ထစ်ပါး ရူပစိတ် ၁၅-ပါး၊ အာကာသာနဉ္စာ ယတနစိတ် ၃-ပါး၊ အာကိဉ္စညာယတန စိတ် ၃-ပါး၊ ပေါင်း ၂၁-ပါး။ (၁၃၆၃-ခု အငယ်တန်း)

**(ဆောင်)** ပညတ်ကိုမှု၊ ကေန္တကား၊ ရူပ-အာကာ၊ အာကိဉ်ပါ၊ ပေါင်းကာ ကေဝိသေး။ ။ဝိမုတ်-ပညတ်, ပရမတ်တို့, မှတ်ဖို့နေကန်, ကာမထံ, နည်းခံအပ်လေသေး။

## ❒ ပညတ်အာရုံများ

ကသိုဏ်း ပညတ် ၁၀-ပါး၊ အသုဘပညတ် ၁၀-ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ကောဋ္ဌာသ ပညတ်၊ အာနာပါနပညတ်၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ၏ အာရုံဖြစ်သော သတ္တဝါပညတ်၊ ကောင်းကင် ပညတ်၊ နတ္ထိဘာဝပညတ်၊

သာဓက- တတ္ထာပိ ဒသကသိဏာနိ အာနာပါနဉ္စ ပဉ္စကဇ္ဈာနိကာနိ။ ဒသ အသုဘာ ကာယဂတာသတိ စ ပဌမဇ္ဈာနိကာ။

http://www.dhammadownload.com



မေတ္တာဒယော တဝယော စတုက္ကမ္ဗျာနိကာ။
ဥပေက္ခာ ပဥ္စမ္ဗျာနိကာတိ ဆဗ္ဗီသတိ ရူပါဝစရဈာနိကာနိ ကမ္မဋ္ဌာနာနိ။
စတ္တာရော ပန အာရုပ္ပါ အာရုပ္ပဈာနိကာတိ။
(၁၃၃၀-ခု အကြီးတန်း)

## နိဗ္ဗာန်ကိုကေန်၊ အနေကန် အာရုံပြုသောစိတ်များ

ကေန် - လောကုတ္တရာစိတ် ၈-ပါး၊
မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ် ၈-ပါး၊ မနောဒွါရာ ဝဇ္ဇန်း ၁၊ အဘိညာဉ်ဒွေ ပေါင်း ၁၁-ပါး။
(၁၃၅၂-ခု၊ ၆၀-ခု အခြေပြုတန်း၊ ၅၃-ခု, ၆၁-ခု အငယ်တန်း၊ ၆၁-ခု အလတ်တန်း)

**(ဆောင်)** လောကုတ္တရ်, စိတ်ရှစ်တန်, နိဗ္ဗာန် ကေန်ရောက်။ ။
သမ္ပယုတ်ဆို, ကုသိုလ်မဟာ, ကြိယာနှင့်, ဘိညာ-ဝုဋ္ဌော,
ဆယ့်တစ်ဟော, မှတ်လော နေကန်လှောက်။

## ကာမအာရုံ ပရိတ္တမည်ခြင်းအကြောင်း

ကာမာဝစရအာရုံသည် မဟဂ္ဂုတ်စသည်ကို ထောက်ဆ၍ နည်းသောအနုဘော်ရှိသည့်အတွက် ထက်ဝန်းကျင်မှ ပိုင်းဖြတ်အပ်သကဲ့သို့ဖြစ်သောကြောင့် ပရိတ္တမည်သည်။ (၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com



❐ **ပဋ္ဌဝိသ ပရိတ္တမှီ–၌ ပဋ္ဌဝိသ–အရ**

ဒွေပဉ္စဝိညာဉ် ၁၀၊ မနောဓာတ် ၃–ပါး၊ တဒါရုံ–၁၁–ပါး၊ ဟသိတုပ္ပါဒ်၊ ပေါင်း ၂၅–ပါး။

(၁၃၆၁–ခု အငယ်တန်း၊ ၆၃–ခု၊ ၆၄–ခု အလတ်တန်း၊ ၆၁–ခု အကြီးတန်း)

❐ **ပဋ္ဌဝိသ ပရိတ္တမှီ–၌ ပရိတ္တ–အရ**

ကာမစိတ် ၅၄၊ စေတသိက် ၅၂၊ ရုပ် ၂၈။

(၁၃၆၄–ခု အငယ်တန်း)

❐ **မဟဂ္ဂတ–အရ**

အာကာသာနဉ္စာယတနစိတ်၊ အာကိဉ္စညာ ယတန စိတ်။ (၁၃၆၃–ခု အလတ်တန်း)

**အထောက်–** တမေဝ ပဌမာရုပ္ပဝိညာဏာဘာဝံ။ ပ။ ဒုတိယာရုပ္ပမပ္ပေတိ၊ တတိယာရုပ္ပံ။ ပ။ စတုတ္ထာရုပ္ပ မပ္ပေတိ။

❐ **ပဋ္ဌ သဗ္ဗတ္ထ ဆစ္စေတိ–၌ ဆ–အရ**

မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ် ၄–ခု၊ ကြိယာအဘိညာဉ်၊ ပေါင်း ၆–ခု။

(၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com


❒ ၎င်း၏ ယှဉ်ဘက်စေတသိက်များ

မနောဒွါရာဝဇ္ဇန်းအတွက် ဆန္ဒ, ပီတိကြဉ်သော အညသမာန်း စေ ၁၁၊

မဟာကြိယာ ဉာဏသမ္ပယုတ်အတွက် အညသမာန်းစေ ၁၃-ခု၊ ဝိရတီကြဉ်သော သောဘနစေ ၂၂-ခု၊ ပေါင်း ၃၅။

ကြိယာအဟိတ်အတွက် ဝိတက်, ဝိစာရ, ပီတိခြဉ် အညသမာန်းစေ ၁၀၊ သောဘနသာဓာရဏစေ ၁၉-ခု၊ ပညာ-၁၊ ပေါင်း ၃၀။

(၁၃၆၄-ခု အကြီးတန်း)

❒ ပဋ္ဌ သမ္ဗတ္တ ဆဋ္ဌေတိ-၌ ပဋ္ဌသရုပ်

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ် အဘိညာဉ်၊ ပေါင်း ၅-ခု။ (၁၃၆၄-ခု အလတ်တန်း)

❒ ဆဝိတ္တာနိ မဟဂ္ဂတေ-၌ ဆ-အရ

ဝိညာ ၃၊ နေဝ ၃၊ ပေါင်း ၆။

(၁၃၆၃-ခု အလတ်တန်း)

❒ ကေဝိသတိဝေါဟာရေ-၌ ကေဝိသတိ-အရ

(က) အဘိညာဉ်ဒွေမှတစ်ပါး ရူပစိတ် ၁၅-ပါး၊ အာကာသာနဉ္စာယတန ၃-ပါး၊ အာကိဉ္စညာယတနစိတ် ၃-ပါး။ (၁၃၅၁-ခု အကြီးတန်း)

http://www.dhammadownload.com



**❒ အဂ္ဂမဂ္ဂဖလုပ္ပါဒေ ပဉ္စ-၌ အဂ္ဂမဂ္ဂ-အရ**

အရဟတ္တမဂ်ကို ယူရမည်

**ပဉ္စ-အရ**

မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ပါး၊ ကုသိုလ် အဘိညာဉ်တို့ကို ယူရမည်။ (၁၃၆၁-ခု အငယ်တန်း)

**❒ ဆဗ္ဗေတိ-၌ ဆ-အရ စိတ်တို့၏ ကိစ္စ စသည်**

မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ပါးသည် ဇောကိစ္စ၊ ၆ ဒွါရ၊ အလုံးစုံသောအာရုံ။

ကြိယာအဘိညာဏ်သည် ဇောကိစ္စ၊ မနောဒွါရ၊ အလုံးစုံသော အာရုံ၊

ဝုဋ္ဌောသည် အာဝဇ္ဇနကိစ္စ, ဝုဋ္ဌောကိစ္စ, ၆-ဒွါရ၊ အလုံးစုံသော အာရုံ။ (၁၃၃၃-ခု အလတ်တန်း)

**❒ ဆစိတ္တာနိ မဟဂ္ဂတေ-၌ မဟဂ္ဂတ-အရ နေဝသညာ ကုသိုလ်ကို ယူခဲ့သော် ဆ-အရ ဖြစ်သင့်သောစိတ်**

နေဝသညာနာသညာယတန ကုသိုလ်စိတ်က ဆ-အရသာ ဖြစ်သင့်သည်၊ မဟဂ္ဂတအရ မဖြစ်သင့်ပါ၊ ဆစိတ္တာ နိ-အရ ဝိညာ, နေဝါတို့က မဟဂ္ဂတ-အရ အာကာ, အာကိဉ် မဟဂ္ဂုတ်ကို အာရုံပြုခြင်းဖြစ်သည်။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



❒ **အာရမ္မဏသင်္ဂဟလာ သတ္တဓာ တတ္ထ သင်္ဂဟော–၌ သတ္တဓာ–အရ**

(၁) ပဉ္စဝီသ ပရိတ္တမှိ –အရ ကာမကေန်အာရုံပြုသော စိတ် ၂၅–ပါး၊

(၂) ဆစိတ္တာနိ မဟဂ္ဂတေ –အရ မဟဂ္ဂုတ်ကေန် အာရုံပြုသောစိတ် ၆–ပါး၊

(၃) ဧကဝီသတိ ဝေါဟာရေ–အရ ပညတ်ကေန် အာရုံပြုသောစိတ် ၂၁–ပါး၊

(၄) အဋ္ဌ နိဗ္ဗာန ဂေါစရေ–အရ နိဗ္ဗာန်ကေန်အာရုံပြုသော စိတ် ၈–ပါး၊

(၅) ဝီသာ နုတ္တရမုတ္တမှိ –အရ လောကုတ္တရာကြဉ်သော အာရုံကို အနေကန် အာရုံပြုသောစိတ် ၂၀–ပါး၊

(၆) အဂ္ဂမဂ္ဂဖလုဇ္ဈိတေ ပဉ္စ –အရ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ်သောအာရုံကို အနေကန် အာရုံပြုသော စိတ် ၅–ပါး၊

(၇) သဗ္ဗတ္ထ ဆ –အရ အလုံးစုံကို အနေကန် အာရုံပြုသောစိတ် ၆–ပါး။ (၁၃၆၁–ခု အငယ်တန်း)

http://www.dhammadownload.com

# ဝတ္ထုသင်္ဂဟ

## ❒ မိရာတရားများ

စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထုအားဖြင့် ၆–ပါး။

(၁၃၅၁–ခု အခြေပြု)

## ❒ တာနိ ကာမလောကေ သဗ္ဗာနိပိ–၌ ပိ–သဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပာယ်

ပိ – သဒ္ဒါဖြင့် အန္ဓဗဓိရ စသည်တို့၏ အစွမ်းအားဖြင့် အချို့သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ အချို့သော ဝတ္ထုရုပ်တို့ မဖြစ်သင့်ခြင်းကို ပြပါသည်။

(၁၃၆၁–ခု၊ ၆၃–ခု အငယ်တန်း)

## ❒ ကာမဘုံ၌ ဝတ္ထုရုပ်အားလုံး ရခြင်းအကြောင်း

ပြည့်စုံသောဣန္ဒြေရှိသော ပုဂ္ဂိုလ်တို့ကို ကာမဘုံ၌သာ ရသင့်သောကြောင့် ကာမဘုံ၌ ဝတ္ထုရုပ်အားလုံး ရပါသည်။

(၁၃၆၄–ခု အလတ်တန်း)

## ❒ ရူပဗြဟ္မာတို့သန္တာန်၌ စက္ခုဝိညာဏ်စသည် ဖြစ်ခြင်းအကြောင်း

ဘုရားဖူးခြင်း, တရားနာခြင်း စသောအကျိုးမှာ စက္ခုသောတဒွါရတို့၌ တပ်မက်မှုဖြစ်သင့်သေးသောကြောင့်

http://www.dhammadownload.com



ရူပဗြဟ္မာတို့သန္တာန်၌ စက္ခုဝိညာဏ် စသည်ဖြစ်ပါသည်။

(၁၃၆၃-ခု အလတ်တန်း၊ ၆၁-ခု အကြီးတန်း)

## ❑ တန်ဖိုးကြီးမားလှသော ဝတ္ထုရုပ်များ

စက္ခုဝတ္ထုရှိမှ ဘုရားဖူးနိုင်သည်၊ သောတဝတ္ထုရှိမှ တရား နာနိုင်သည်။ ဤသို့ ဘုရားဖူး၊ တရားနာ စသော အကျိုးများရနိုင်သောကြောင့် စက္ခု၊ သောတတို့သည် တန်ဖိုးကြီးမား အကျိုးများလှပါသည်။

(၁၃၄၆-ခု အငယ်တန်း)

## ❑ ရူပဘုံ၌ ဃာနာဒိတ္တယ မရခြင်းအကြောင်း

ဗြဟ္မာတို့သည် ကာမဝိရာဂ ဘာဝနာ၏ အစွမ်းဖြင့် ဂန္ဓာရုံ၊ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်မက်ခြင်းမရှိသည့် အတွက် ထိုဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံလျှင် အာရုံရှိသော ဝိညာဏ်တို့၏ မှီရာ ဃာန၊ ဇိဝှါ၊ ကာယတို့၌လည်း တပ်ခြင်းကင်းသောကြောင့် ရူပဘုံ၌ ဃာနာဒိတ္တယံ မရပါ။

(၁၃၅၀-ခု အငယ်တန်း၊ ၆၃-ခု အကြီးတန်း)

## ❑ အဟိနိဗ္ဗိနောနှင့် ဃာနာဒိတ္တယံ နတ္ထိဟူသော စကားနှစ်ရပ် မဆန့်ကျင်အောင် ယူပုံ

“အဟိနိဗ္ဗိယော”သည် ပသာဒရုပ်ကို ရည်ရွယ်၍ ဆိုသည် မဟုတ်၊ ပုံသဏ္ဌာန်ကို ရည်ရွယ်၍ ဆိုသော စကားဖြစ်သည်။

http://www.dhammadownload.com



"ဃာနာဒိတ္တယံ"ဟူသောစကားသည် ဃာနပသာဒ ရုပ် စသည်ကို ရည်ရွယ်၍ ဆိုသောစကားဖြစ်သည်။ ထို့ကြောင့် မဆန့်ကျင်ပါ။ (၁၃၃၇-ခု အကြီးတန်း)

## ❐ မိကျောင်းမှာ လျှာ မရှိဟူသောစကား မမှန်ကန်

ကာမဘုံသားများ ဇိဝှါဒသက မချို့ကောင်းသော ကြောင့် "မိကျောင်းမှာ လျှာမရှိ"ဟူသောစကား မမှန်ပါ။ သာဓက- ဩမကာဝသေန ပန စက္ခုသောတဃာန-ဘာဝဒသကာနိ ကဒါစိပိ န လဗ္ဘန္တိ။ တသ္မာ တေသံ ဝသေန ကလာပဟာနိ, ဝေဒိတဗ္ဗာ။ ဂဗ္ဘသေယျက သတ္တာနံ ပန စက္ခုဒသကာဒီနိ စ ပါတုဘဝန္တိ။

(၁၃၅၁-ခု အငယ်တန်း၊ ၆၁-ခု အလတ်တန်း)

## ❐ သောတာပတ္တိမဂ်စိတ် အရူပဘုံ၌ မဖြစ်ခြင်းအကြောင်း

ပရတောဃောသပစ္စည်း မရရှိခဲ့သော သာဝက တို့အား သောတာပတ္တိမဂ် မဖြစ်ပေါ်နိုင်သော ကြောင့်လည်း ကောင်း၊ ဘုရား, ပစ္စေကဗုဒ္ဓါတို့သည်လည်း လူ့ဘုံမှ အခြားဘုံ၌ မဖြစ်သောကြောင့် လည်းကောင်း; သောတာ ပတ္တိမဂ်သည် အရူပဘုံ၌ မဖြစ်နိုင်။

(၁၃၅၂-ခု, ၆၃-ခု အငယ်တန်း၊ ၆၄-ခု အလတ်တန်း၊ ၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



### ❐ အရူပဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံး မရခြင်းအကြောင်း

ရူပဝိရာဂ ဘာဝနာ၏အစွမ်းဖြင့် အရူပဘုံ၌ အချင်းခပ်သိမ်း ရုပ်ဖြစ်ခြင်း မရှိသောကြောင့်တည်း။

(၁၃၆၂-ခု အကြီးတန်း)

### ❐ မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့ အထူး

သိကာမျှဖြစ်သောဓာတ်သည် မနောဓာတ်၊ မနသည်ပင် ထူးသော သိခြင်းကိစ္စနှင့်ယှဉ်သော ဝိညာဏဓာတ်ဖြစ်သောကြောင့် (ဝါ) အလွန်အကျူး အထူးသိတတ်သော ဓာတ်ဖြစ်သောကြောင့် မနောဝိညာဏဓာတ်မည်ပါသည်။ (၁၃၆၃-ခု အလတ်တန်း)

### ❐ အရူပဘုံ၌ ဝတ္ထုရုပ်များ လုံးဝမရှိခြင်းအကြောင်း

အရူပဗြဟ္မာတို့သည် ရုပ်၌အပြစ်မြင်ခြင်းကင်းသော ဘာဝနာ၏အစွမ်းဖြင့် ထိုအရူပဘုံ၌ အချင်းခပ်သိမ်း ရုပ်ဖြစ်ခြင်း မရှိသောကြောင့် အရူပဘုံ၌ ဝတ္ထုရုပ် မရှိပါ။

(၁၃၆၄-ခု အလတ်တန်း)

### ❐ အာရုံငါးဝ ဒွါရငါးတန်၌သာ ဖြစ်တည်ကျက်စားကြသော စိတ်များနှင့် ဆိုင်ရာဝတ္ထု

မနောဓာတ်သုံးခု၊

ယင်းစိတ်သည် ဟဒယဝတ္ထုကို အမှီပြုသည်။

http://www.dhammadownload.com



သာခကော- မနောဓာတုတ္တိကံ ပန ပဥ္စဒွါရိကံ၊ မနော ဓာတုတ္တိကံ ပန ရူပါဒိပဉ္စာရမ္မဏံ။ ပဉ္စဒွါရာဝဇ္ဇန သမ္ပဋိစ္ဆန သင်္ခါတာ ပန မနောဓာတု စ ဟဒယံ နိဿိတာယေဝ ပဝတ္တန္တိ။ (၁၃၆၄-ခု အကြီးတန်း)

## ☐ ဟသိတုပ္ပါဒ်စိတ် အရူပဘုံ၌မဖြစ်ခြင်းအကြောင်း

ရယ်ရွှင်ဖို့ရာ ကိုယ်ကာယမရှိခြင်းကြောင့် ဟသိတုပ္ပါဒ်စိတ်သည် အရူပဘုံ၌ မဖြစ်နိုင်။
(၁၃၆၁-ခု အငယ်တန်း၊ ၃၀-ခု အလတ်တန်း၊ ၆၁-ခု အကြီးတန်း)

## ☐ အဟိတ်မနောဝိညာဏဓာတ်ဟူသည်

သန္တီရဏ ၃-ခု၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်။
(၁၃၆၁-ခု အလတ်တန်း)

## ☐ ဟဒယဝတ္ထုကို အမြဲမှီသောစိတ်များ

မနောဓာတ် ၃-ပါး၊ ဒေါသမူ-၂၊ ဟဒါရုံ ၁၁-ပါး၊ ဟသိတုပ္ပါဒ်၊ ရူပစိတ် ၁၅ပါး၊ သောတ...ပတ္တိမဂ်၊ ပေါင်း ၃၃-ပါး။ (၁၃၃၃-ခု အငယ်တန်း၊ ၆၁-ခု အလတ်တန်း)

## ☐ ဟဒယဝတ္ထုကို လုံးဝ မမှီသောစိတ်များ

ဒွေးပဉ္စဝိညာဉ် ၁၀၊ အရူပဝိပါက် ၄-ခု။
(၁၃၆၁-ခု အငယ်တန်း၊ အလတ်တန်း)

http://www.dhammadownload.com



## ❒ ရုပ်ခါ ဟဒယဝတ္ထုကိုမှီ၍, ရုပ်ခါ မမှီသော စိတ်

လောဘမူစိတ် ၈-ခု၊ မောဟမူ၂ခု၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ အရူပကုသိုလ် ၄-ခု၊ အရူပကြိယာ ၄-ခု၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် ၇-ခု အားဖြင့် ၄၂-ခု။

## ❒ ဟဒယဝတ္ထုကို အနေကန်မှီသောစိတ်

| | |
|---|---|
| ဒေါသမူကြဉ်အကုသိုလ် | ၁၀-ပါး |
| မနောဒွါရာဝဇ္ဇန်း | ၁-ပါး |
| မဟာကု-ကြိ | ၁၆-ပါး |
| အရူပ ကု-ကြိ | ၈-ပါး |
| သောတာပတ္တိမဂ်ကြဉ်လောကုတ္တရာ | ၇-ပါး |
| ပေါင်း | ၄၂-ပါး |

(၁၃၂၉-ခု အငယ်တန်း)

## ❒ တဏှာအချစ်စိတ်သည် နှလုံးသားမှာ အမြဲကိန်းဝပ်သည် ဟူသော စကား မမှန်

သာဓက- အဝသေသာ ကုသလာကုသလကိရိယာ နုတ္တရဝသေန ပန နိဿာယ ဝါ အနိဿာယ ဝါ-ကို

http://www.dhammadownload.com



ထောက်၍ တဏှာဟူသော လောဘမူစိတ်သည် ဟဒယ
ဝတ္ထုကို ရခါမှီ/ ရခါမမှီ။ (၁၃၆၂-ခု အကြီးတန်း)

### ❐ ဝတ္ထုနှင့် ဝိညာဏဓာတ်တို့ကို ဘုံအားဖြင့် ခွဲခြားပုံ

ကာမဘုံ၌ ဆ-ဝတ္ထု, သတ္တဝိညာဏဓာတ်။

ရူပဘုံ၌ စက္ခု, သောတ, ဟဒယဝတ္ထု, စက္ခု
ဝိညာဏဓာတ်, သောတဝိညာဏဓာတ်, မနောဓာတ်,
မနောဝိညာဏဓာတ်။

အရူပဘုံ၌ ဝတ္ထုရုပ်မရှိ, မနောဝိညာဏဓာတ်။
(၁၃၃၁-ခု အငယ်တန်း)

### ❐ မမှီဘဲဖြစ်သော မနောဝိညာဏဓာတ်

အရူပဝိပါက် ၄-ခု။ (၁၃၆၁-ခု အလတ်တန်း)

### ❐ ဓာတွေကာနိဿိတာမတာ-၌ ကောဓာတု-အရ

မနောဝိညာဏဓာတ် ရပါသည်။

(၁၃၆၀-ခု အခြေပြုတန်း)

### ❐ တိဝတ္ထု နိဿိတရူပေ-၌ တိဝတ္ထု-အရ

စက္ခု, သောတ, ဟဒယဝတ္ထု။

(၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



### ❒ ဟဒယဝတ္ထုကို မှီသောစိတ်များ

မနောဓာတ်နှင့် အရူပဝိပါတ် ၄-ခု ကြဉ်သော မနောဝိညာဏဓာတ်များ မှီပါသည်။ (၁၃၆၁-အလတ်တန်း)

### (က) စိတ် ၁-ပါး၏ အမှီခံရသော ဟဒယဝတ္ထု

(ခ)(ဂ)(ဃ)တို့၌ဖော်ပြသော ဟဒယဝတ္ထုမှ တစ်ပါးသော ဟဒယဝတ္ထုများ။

### (ခ) စိတ်၂-ပါး၏ အမှီခံရသော ဟဒယဝတ္ထု

ပဋိသန္ဓေစိတ်၏ အခိုက်၌ဖြစ်သော ဟဒယဝတ္ထု။

### (ဂ) ၂-ပါးထက်များသောစိတ်တို့၏ အမှီခံရသော ဟဒယဝတ္ထု။

စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်၏ ဥပါဒ်အခိုက်၌ဖြစ်သော ဟဒယဝတ္ထု။

### (ဃ)လုံးဝ အမှီမခံရသော ဟဒယဝတ္ထု

နိရောဓသမာပတ် ဝင်စားခိုက်၌ဖြစ်သော ဟဒယ ဝတ္ထု။

(၁၃၅၀-ခု အကြီးတန်း)

## ပကိဏ်းပိုင်းမေးကွက်
## ပြီးပါပြီ

http://www.dhammadownload.com

# ၄ – စိတ်ပိုင်းမေးကွက်

- **စိတ္တုပ္ပါဒေသ ပဒွေက်နှင့် စိတ္တုပ္ပါဒါနု မိဇွေဝံတို့၌ပါသော စိတ္တုပ္ပါဒ–တို့အထူး**

စိတ္တုပ္ပါဒေသ ပဒွေက်–၌ စိတ္တုပ္ပါဒအရ– စိတ်ကိုသာ ယူရသည်။ စိတ္တုပ္ပါဒါနုမိဇွေဝံ–၌ စိတ္တုပ္ပါဒအရ စိတ်, စေတသိက် ဟူသော နာမက္ခန္ဓာ ၄–ပါးကို ယူရမည်။ (၁၃၆၄–ခု အကြိုးတန်း)

- **ပုဗ္ဗနိယာမိတဖြစ်ပုံ**

ဤစိတ်သည် ဤမျှ အတိုင်းအရှည်ရှိကုန်သော စိတ်တို့မှ နောက်၌ ဖြစ်သည်။ ဤသို့မှတ်ခြင်းသည် ပုဗ္ဗနိယာမိတမည်၏။

- **ပရနိယာမိတဖြစ်ပုံ**

ဤစိတ်၏အခြားမဲ့၌ ဤမျှအတိုင်းအရှည်ရှိသော စိတ်တို့သည် ဖြစ်ကုန်၏။ ဤသို့မှတ်ခြင်းသည် ပရနိယာမိတ မည်၏။ (၁၃၆၂–ခု အကြိုးတန်း)

http://www.dhammadownload.com



❒ **ဝီထိအဓိပ္ပါယ်**

ဒွါရ၌ဖြစ်ကုန်သော စိတ်တို့၏ ဖြစ်ပုံအစဉ်အတန်းသည် ဝီထိမည်၏။ (၁၃၂၉-ခု၊ ၆၃-ခု အလတ်တန်း)

❒ **ဝိညာဏ်၏အစွမ်းအားဖြင့် ဖားသော ဝီထိ ၆-ပါး**

စက္ခုဝိညာဏဝီထိ, သောတဝိညာဏ ဝီထိ, ဃာန ဝိညာဏဝီထိ, ဇိဝှါဝိညာဏဝီထိ, ကာယဝိညာဏဝီထိ, မနောဝိညာဏဝီထိ။ (၁၃၆၄-ခု အကြီးတန်း)

❒ **ဝိသယပ္ပဝတ္တိသရုပ်**

အတိမဟန္တ, မဟန္တ, ပရိတ္တ, အတိပရိတ္တအားဖြင့် ပဉ္စဒွါရတွက် ၄-ပါး၊ ဝိဘူတ, အဝိဘူတအားဖြင့် မနော ဒွါရအတွက် ၂-ပါ ၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အားဖြင့် ဝီထိမုတ်အတွက် ၃-ပါး။ (၁၃၆၄-ခု အကြီးတန်း)

❒ **ဝိသယပ္ပဝတ္တိ ၉-မျိုးကို ဒွါရ, ဒွါရဝိမုတ္တအားဖြင့် ခွဲခြားချက်**

အတိမဟန္တ, မဟန္တ, ပရိတ္တ, အတိပရိတ္တအားဖြင့် ပဉ္စဒွါရ၌ လေးမျိုး၊ ဝိဘူတ, အဝိဘူတအားဖြင့် မနော

http://www.dhammadownload.com



ဒွါရဉ် ၂–မျိုး၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အားဖြင့် ဒွါရဝိမုတ်၌ ၃–မျိုး၊ ပေါင်း ၉–မျိုး။

(၁၃၆၄–ခု အငယ်တန်း)

## ❒ ဝိထိမုတ် ဝိသယပ္ပဝတ္တိ

ကမ္မ, ကမ္မနိမိတ္တ, ဂတိနိမိတ္တ။(၁၃၆၁–ခု အကြီးတန်း)

## ❒ ပဉ္စဒွါရ၊ မနောဒွါရ၊ ဒွါရဝိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိ

ပဉ္စဒွါရ–အတိမဟန္တ, မဟန္တ, ပရိတ္တ, အတိပရိတ္တ။

မနောဒွါရ–ဝိဘူတ,အဝိဘူတ။

ဒွါရဝိမုတ် – ကမ္မ, ကမ္မနိမိတ္တ, ဂတိနိမိတ္တ။

(၁၃၃၆–ခု အလတ်တန်း)

## ❒ ပဋိသန္ဓေစိတ်၏ ဝိသယပ္ပဝတ္တိများ

ကံ, ကမ္မနိမိတ်, ဂတိနိမိတ်။

(၁၃၆၂–ခု အကြီးတန်း)

## ❒ နာမ်တရားခြင်း တူပါလျက် စိတ်က အသက်တို၍ ရုပ်က အသက်ရှည်ခြင်းအကြောင်း

နာမ်တရား၏ အာရုံကိုယူမှုကိစ္စသည် စိတ္တက္ခဏ တစ်ချက် ခန့် ကာလဖြင့် ပြီးသောကြောင့် နာမ်တရားသည် အချုပ်မြန်၏။ ထို့ကြောင့် အသက်တိုသည်။

http://www.dhammadownload.com


အာရုံအဖြစ်ဖြင့် အယူခံရသောရုပ်တရားး၏ ကိစ္စသည် စိတ္တက္ခ ၁၇-ချက်ခန့်ကြာမှပြီးသောကြောင့် ရုပ်တရားသည် ဖြေးနှေးသော ချုပ်ခြင်းရှိ၏။ ထို့ကြောင့် အသက်ရှည်သည်။

(၁၃၃၉-ခု, ၆၁-ခု, ၆၃-ခု အလတ်တန်း၊ ၄၁-ခု, ၆၂-ခု အကြီးတန်း)

## ❒ ရူပဓမ္မာနမာယုဉ္ဈ မပါဝင်သောရုပ်များ

ဝိညတ်ဒွေသည် စိတ္တက္ခဏတစ်ချက်ခန့် အသက်ရှည်သောကြောင့်လည်းကောင်း၊ လက္ခဏရုပ် ၄-ခုတို့တွင် ဥပစယ, သန္တတိဟူသော ဇာတိရုပ်သည် စိတ်၏ ဥပါဒ်ခဏမျှသာ အသက်ရှည်သောကြောင့်လည်းကောင်း၊ အနိစ္စတာသည် စိတ်၏ဘင်ခဏမျှသာ အသက်ရှည်သောကြောင့် လည်းကောင်း၊ ဇရတာသည် ခဏငယ် ၄၉-ချက်မျှ အသက်ရှည်သောကြောင့်လည်းကောင်း၊ (ဤသို့ စိတ္တက္ခဏ ၁၇-ချက် အသက်မရှည်သောကြောင့်) ရူပဓမ္မာနမာယု-ဉ္ဈ ဝိညတ်ဒွေ, လက္ခဏရုပ် ၄-ခုတို့ မပါဝင်ပါ။

(၁၃၃၁-ခု အလတ်တန်း၊ ၆၁-ခု အကြီးတန်း)

## ❒ စိတ္တက္ခဏ (၁၇) ချက် မပြည့်သောရုပ်

ဝိညတ်ဒွေ၊ လက္ခဏရုပ် ၄-ပါး။

(၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



## ❐ ရူပမဗ္ဗာန မာယ္လူ–၌ မယူသင့်သော ရုပ်များ

၁။ ဝိညတ်ဒွေသည် စိတ်နှင့်သက်တမ်းတူစွာ ဥပါဒ်, ဌီ, ဘင် ခဏငယ် ၃–ချက် သက်တမ်းရှိသည်။

၂။ လက္ခဏာရုပ် ၄–ခုတို့တွင် ဥပစယနှင့် သန္တတိ ၂–ခုတို့သည် စိတ်၏ ဥပါဒ်ခဏမျှသာ သက်တမ်းရှိသည်။

၃။ ဇရတာသည် ခဏငယ် ၄၉–ချက် သက်တမ်း ရှိသည်။

၄။ အနိစ္စတာသည် စိတ်၏ဘင်ခဏမျှသာ သက်တမ်းရှိသည်။ ထိုသို့ စိတ္တက္ခဏ ၁၇–ချက် သက်တမ်း မပြည့်သောကြောင့် ၎င်းတို့ကို မယူသင့်ပါ။

(၁၃၆၃–ခု အလတ်တန်း)

## ❐ ရူပမဗ္ဗာန မာယ္လူ–၌ ယူရမည့် ရူပဓမ္မ

ဝိညတ်ဒွေ, လက္ခဏာရုပ် လေးခုကြဉ်သော စိတ္တက္ခဏ ၁၇–ချက် သက်တမ်းရှိသည့် ၂၂–ပါးသော ရုပ်များ။

(၁၃၆၄–ခု အကြီးတန်း)

## ❐ မယူရမည့် ရူပဓမ္မ

စိတ္တက္ခဏ ၁၇–ချက် မပြည့်သည့် ဝိညတ်ဒွေ, လက္ခဏာရုပ် ၄–ခု။ (၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ ဥပါဒ်, ဌီ, ဘင် တို့ အဓိပ္ပါယ်

ဥပါဒ်-- ဖြစ်ခြင်းသဘောကိုရခြင်း၊

ဌီ-ဥပါဒ်, ဘင်နှစ်မျိုးတို့၏ အလယ်၌ ဘင်သို့ ရှေးရှုဖြစ်ခြင်း၊

ဘင်--ပျက်စီးခြင်း သရုပ်သကောင်၏ ပျက်စီးခြင်း။

(၁၃၆၃--ခု အလတ်တန်း)

(၀)

# ပဉ္စဒွါရဝီထိ

## ❑ အာရုံနှင့် ပသာဒ ထိခိုက်သောအခါ ထင်ပုံခြင်း မတူ

ကေစိတ္တက္ခဏအအတီတာနိ ဝါ ဗဟုစိတ္တက္ခဏာ တီတာနိ ဝါ ဌိတိပ္ပတ္တာနေဝ ပဉ္စာရမ္မဏာနိ ပဉ္စဒွါရေ အာပါထမာ ဂစ္ဆန္တိ- ကိုထောက်၍ ထင်ပုံခြင်းမတူပါ၊ မတူပုံမှာ-

၁။ တချို့ စိတ္တက္ခဏာ တစ်ချက်အလွန်တွင် ထင်ပါသည်၊ ယင်းကို အတိမဟန္တာရုံဟု ခေါ်ပါသည်။

၂။ တချို့စိတ္တက္ခဏာနှစ်ချက်၊ သုံးချက် အလွန်တွင် ထင်ပါသည်၊ ယင်းကို မဟန္တာရုံဟုခေါ်ပါသည်။

၃။ တချို့ စိတ္တက္ခဏာ လေးချက်၊ ငါးချက်၊ ခုနစ်ချက်၊ ရှစ်ချက်၊ ကိုးချက် အလွန်တွင် ထင်ပါသည်။ ယင်းကို ပရိတ္တာရုံဟု ခေါ်ပါသည်။

http://www.dhammadownload.com



၄။ တချို့ စိတ္တက္ခဏာ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ချက် အလွန်တွင် ထင်ပါသည်။ ယင်းကို အတိပရိတ္တာရုံဟု ခေါ်ပါသည်။ (၁၃၆၃-ခု အကြိုးတန်း)

## ❒ အာရုံ, ဝိထိစိတ်, စေတသိက်တို့တွင် ရှေးဦးစွာ ဖြစ်သော တရား

ယဒိ ဧကစိတ္တက္ခဏာတီတကံ ရူပါရမ္မဏံ စက္ခုဿ အာပါထံ မာဂစ္ဆတိ၊ တတော(ပ)တမေဝ ရူပါရမ္မဏံ အာဝဇ္ဇန္တံ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ -စသော ပါဠိကိုထောက်၍ ထင်လာသော အာရုံကို အာရုံ ပြု၍ ဝိထိစိတ်များဖြစ်သောကြောင့် အာရုံသည် ဝိထိစိတ် ထက် ရှေးဦးစွာဖြစ်သည်။ စေတသိက်ကား စိတ်ကို မှီတွယ်၍ ဖြစ်ရခြင်းကြောင့် စိတ်နောက်မှ ဖြစ်သည်။

(၁၃၄၈-ခု အကြိုးတန်း)

## ❒ အာရုံနှင့် ပသာဒတို့တွေ့ထိရာဝယ် ဝိညာဏ်သာလျှပ်သင့်ပါလျက် ဘဝင်လှုပ်ခြင်းအကြောင်း

သန္တတိ၏အစွမ်းဖြင့် တစပ်တည်းစပ်နေသောကြောင့် ဘဝင်စိတ်တုန်လှုပ်ရပါသည်။ (၁၃၆၂-ခု အကြိုးတန်း)

http://www.dhammadownload.com



❒ **သဒ္ဒါရုံသည် သောတပသာဒကို ထိခိုက်ရာ၌ သောတပသာဒကိုမှီသော သောတဝိညာဏ်စိတ်က လှုပ်သင့်ပါလျက် ဟဒယဝတ္ထုကို မှီသော ဘဝင်စိတ်လှုပ်ရခြင်းအကြောင်း**

စည်မျက်နှာပြင်ထက်၌တည်သော သကာခဲဝယ် ယင်ကောင်နားနေသည်။ အခြားမျက်နှာပြင်တစ်ဖက်ကို ဒုတ်စသည်ဖြင့် ပုတ်ခတ်ရာ၌ ဆိကျက်သော သားရေ စသည်တို့ လှုပ်ခြင်းကြောင့် အစဉ်သဖြင့် သကာခဲသည် လှုပ်သည်၊ သကာခဲလှုပ်သဖြင့် ယင်ကောင်ပျံသွားသကဲ့သို့ သန္တတိ၏အစွမ်းဖြင့် တစ်စပ်တည်းတည်နေသောကြောင့် ဟဒယဝတ္ထုကိုမှီသော ဘဝင်လှုပ်ရသည်။

(၁၃၆၄–ခု အကြီးတန်း)

❒ **ဘဝင်လှုပ်ဟူသည်**

ရှေးဘဝင်စိတ်နှင့် မတူသော အာဝဇ္ဇာန်းစသော ဝီထိစိတ်များ ဖြစ်ပေါ်လာဖို့အကြောင်း ဖြစ်ပေါ်လာခြင်း ဘဝင်အစဉ်ဖောက်ပြန် ပြောင်းလဲလာခြင်းသည် ဘဝင် လှုပ်သည် မည်ပါသည်။ (၁၃၆၄–ခု အလတ်တန်း)

❒ **ဘဝင်္ဂုပစ္ဆေဒ အဓိပ္ပါယ်**

ဘဝင်အစဉ်ကို ဖြတ်သောအခြင်းအရာအားဖြင့် ဖြစ်သော စိတ်၊

http://www.dhammadownload.com


သာဓက– ဘဝင်ဟောတဲ ဝေါဓိစ္ဆိန္ဒိတွာ။

(၁၃၆၄–ခု အကြီးတန်း)

## ❒ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ မည်ပုံ

သင့်လျော်သောအရပ်၌ ပိုင်းခြား၍ သိခြင်း၏ အစွမ်းအားဖြင့် ပသာဒငါးခုတို့၌ အာရုံထိခိုက်လတ်သော် ပသာဒ၌ ထိခိုက်ခြင်း၏ အစွမ်းသတ္တိကြောင့် ဘဝင်အစဉ်သည် ပြတ်စဲလတ်သော် အဆောတလျင် မပြတ်ဘဲ နှစ်ကြိမ်ဖြစ်ပြီးမှသာ ပြတ်ရသည်။ ထို ၂–ကြိမ်တွင် ပဌမဘဝင် သည် လှုပ်စေသကဲ့သို့ဖြစ်သောကြောင့် ဘဝင်စလန မည်သည်၊ ဒုတိယဘဝင်သည် ပြတ်သော အခြင်းအရာ အားဖြင့် ဖြစ်သောကြောင့် ဘဝင်ုပစ္ဆေဒ မည်သည်။

(၁၃၆၃–ခု အလတ်တန်း)

## ❒ ရူပါရုံကို စက္ခုဝိညာဏ်ဖြင့်မြင်နိုင်

တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ–ကိုထောက်ပါ။

## ❒ ရူပါရုံကို စက္ခုဝိညာဏ်ဖြင့်မြင်ပါသလော

ရူပါရုံကို စက္ခုဝိညာဏ်ဖြင့်သာ မြင်ပါသည်။

သာဓက – တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ။

(၁၃၆၁–ခု အကြီးတန်း)

http://www.dhammadownload.com


❒ **စက္ခုပသာဒနှင့် စက္ခုဝိညာဉ်တို့တွင် ရူပါရုံကို မြင်တတ်သော တရား**

ရုပ်သည် အကန်းဖြစ်၍ ရူပါရုံမြင်မှု၌ မစွမ်းနိုင်သောကြောင့် စက္ခုဝိညာဏ်ကသာ ရူပါရုံကို မြင်ပါသည်။

(၁၃၆၄-ခု အလတ်တန်း)

❒ **မြင်ခြင်းကိစ္စပြီးစေသော တရား**

ရုပ်သည် ကန်းသည်ဖြစ်၍ ရူပါရုံကိုမြင်ခြင်းငှာ မစွမ်းနိုင်သောကြောင့် မျက်စိက မြင်ခြင်းကိစ္စကို မပြီးစေနိုင်ပါ။ စက္ခုဝိညာဏ်စိတ်ကသာ မြင်ခြင်းကိစ္စကို ပြီးစေနိုင်ပါသည်။ (၁၃၆၁-ခု အလတ်တန်း)

❒ **သန္တီရဏသဘော**

ရူပါရုံ စသော ပဉ္စာရုံကို စုံစမ်းသကဲ့သို့ဖြစ်သော သဘော။ (၁၃၆၃-ခု အလတ်တန်း)

❒ **ဝုဋ္ဌောသဘော**

ရူပါရုံ စသော ပဉ္စာရုံကို ပိုင်းခြားမှတ်သားသကဲ့သို့ ဖြစ်ခြင်းသဘော။

သာဓက- (ထမ်မေဝ ရူပံ သန္တီရယမာနံ သန္တီရဏစိတ္တံ ဝဝတ္ထပေန္တံ ဝေါဋ္ဌဗ္ဗနစိတ္တံ)။ (၁၃၆၃-ခု အလတ်တန်း)

http://www.dhammadownload.com


❒ **စက္ခုဒွါရိက တဒါရမ္မဏဝါရ အတိမဟန္တာရုံ ဝီထိချပုံ**

တီ, န, ဒ, ပ, စ, သံ, ဏ, ဝု, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ရုံ, ရုံ။ (၁၃၆၄-ခု အလတ်တန်း)

❒ **တဒါရမ္မဏအဓိပ္ပါယ်**

ဇောသို့ အစဉ်လိုက်လျက် ဇော၏အာရုံကိုယူခြင်း။ သာဓက- ဇဝနာနုဗန္ဓာနိ စ ဒွေ တဒါရမ္မဏာနိ။ (၁၃၆၄-ခု အကြီးတန်း)

❒ **ချစ်ခြင်းအစ မျက်စိက ဟူသောစကား၏ အဘိဓမ္မာ ရှုထောင့်**

တဏှာချစ်, မေတ္တာချစ်စိတ်တို့သည် ဇောစိတ်များ ဖြစ်၍ စက္ခုဝတ္ထုကို မမှီပါ။ ဟဒယဝတ္ထုကိုသာ မှီပါသည်။ သို့သော် ရူပါရုံနှင့် စက္ခုဝတ္ထုတို့ တိုက်ဆိုင်ထိခိုက်ရာမှ စက္ခု ဝိညာဏ်စသော စက္ခုဒွါရဝီထိစိတ်များဖြစ်ပြီးလျှင် တဏှာချစ်, မေတ္တာချစ်ဇောစိတ်များ ဆက်လက်ဖြစ်ပွား နိုင်ခြင်းကြောင့် "ချစ်ခြင်းအစ မျက်စိက"ဟု အဆိုရှိခဲ့ ပါသည်။ (၁၃၅၀-ခု အကြီးတန်း)

❒ **ပဉ္စာရုံတို့ ပဉ္စဒွါရ၌ ထင်ရာအခါ**

ဌီသို့ ရောက်သောအခါ၌သာလျှင် ထင်ပါသည်။ သာဓက-ဌိတိပ္ပတ္တာနေဝ ပဉ္စာရမ္မဏာနိ ပဉ္စဒွါရေ အာပါထမာ ဂစ္ဆန္တိ။ (၁၃၆၁-ခု အလတ်တန်း)

http://www.dhammadownload.com



## ❒ သမ္ပဋိစ္ဆန - စသည်တသွအဓိပ္ပာယ်

သမ္ပဋိစ္ဆန - လက်ခံသကဲ့သို့ ဖြစ်သောစိတ်၊
သန္တီရဏ - စုံစမ်းသကဲ့သို့ ဖြစ်သောစိတ်၊
ဝေါဋ္ဌဗ္ဗန - ပိုင်းခြားသတ်မှတ်ဆုံးဖြတ်သော စိတ်။
(၁၃၆၃-ခု အငယ်တန်း၊ ၃၇-ခု, ၆၁-ခု အလတ်တန်း)

## ❒ စားသုံးသူ၏ သန္တာန်၌ဖြစ်သော စိတ်အစဉ်

အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ကုသလဝိပါက် ဇိဝှါဝိညာဏ်၊ ကုသလဝိပါက် သမ္ပဋိစ္ဆိုန်း၊ ကုသလဝိပါက်ဥပေက္ခာသန္တီရဏ၊ ဝုဋ္ဌော၊ လောဘ ဇော ၇-ကြိမ်၊ ကုသလဝိပါက်ဥပေက္ခာ တဒါရုံ။

(၁၃၆၂-ခု အကြီးတန်း)

## ❒ လူသားပုထုဇဉ်နှင့် ရဟန္တာတို့ အာဟာရစားသုံးရာ၌ ဝိထိစိတ်ချင်း မတူ

လူသားပုထုဇဉ်နှင့် ရဟန္တာတို့ အာဟာရသုံးသည့်အခါ ဖြစ်ပေါ်လာသော စိတ်အစဉ်သည် ဇောမှတစ်ပါးသောစိတ်များ တူနိုင်သည်။ ဇောများကား မတူနိုင်ပါ၊ လူသား ပုထုဇဉ်မှာ အကုသိုလ်ဇောနှင့် မဟာကုသိုလ်ဇော ဇောနိုင်သည်။ ရဟန္တာမှာမူ ကာမကြိယာဇောများသာ ဇောနိုင်သည်။

(၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com



❒ **ဘုရားရှင်ကိုဖူးမြော်ရ၍ ဝမ်းမြောက်ကြည်ညိုနေသူ၏ သန္တာန်၌ ဖြစ်သင့်သော ဝိပါက်ဖြစ်သည့် ဝီထိစိတ်များ**

ကုသလဝိပါက် စက္ခုဝိညာဏ်၊ ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း၊ ကုသလဝိပါက် သောမနဿသန္တီရဏ၊ ကုသလ ဝိပါက် သောမနဿတဒါရုံ။ (၁၃၅၅-ခု အကြီးတန်း)

❒ **သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သော တိဟိတ်တစ်ယောက်၌ ဘုရားကိုမြင်သောအခါ ကျလာသော စက္ခုဒွါရိက အတိ မဟန္တာရုံဝီထိ**

၁။ အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ

၂။ ပဉ္စဒွါရာဝဇ္ဇန်း

၃။ ကုသလဝိပါက်စက္ခုဝိညာဏ်

၄။ ကုသလဝိပါက်သမ္ပဋိစ္ဆိုန်း

၅။ ကုသလဝိပါက်သောမနဿသန္တီရဏ

၆။ ဝုဋ္ဌော

၇။ ဒေါမနဿဇော (၇)ကြိမ်

၈။ ဥပေက္ခာသဟဂုတ်သန္တီရဏ (အာဂန္တုကဘဝင်)

၉။ သောမနဿဘဝင် ဖြစ်သင့်သမျှဖြစ်၏။

(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



**မပေါ်လွင်သော သင်္ချိုဟ်မေးခွန်း၌ မသေချာသောအဖြေမှန်ကို တွေးကြံနေသူ၏ သန္တာန်၌ဖြစ်သော စိတ်အစဉ်**

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော ၇ ကြိမ်၊ တဒါရုံ ၂–ကြိမ်၊ ထို့နောင် ဘဝင်။

(၁၃၆၀–ခု အကြီးတန်း)

**အလွန်ကောင်းမွန်သော ဘောဇဉ်များကို စားရာ၌ ဝီထိစိတ်ဖြစ်ပုံ–**

အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ကုသလဝိပါက် ဇိဝှာဝိညာဏ်၊ ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း၊ ကုသလဝိပါက်သောမနဿသန္တီရဏ၊ ဝုဋ္ဌော၊ လောဘမူဇော (သို့မဟုတ်) မဟာကုသိုလ်ဇော (သို့မဟုတ်) မဟာကြိယာဇော – ၇ ကြိမ်၊ ကုသလဝိပါက် တဒါရုံ ၂–ကြိမ် စိတ်များဖြစ်ပါသည်။ (၁၃၄၈–ခု အငယ်တန်း)

**ခွေးသန္တာန်၌ဖြစ်သော စိတ်အစဉ်**

တီ–န ၂–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ရုံ–ရုံ။

**မှတ်ချက်။** ။ မစင်သည် ခွေး၏ ဣဋ္ဌာရုံဖြစ်ခြင်းကြောင့် အဟိတ် ကုသလဝိပါက်စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ ဥပေက္ခာသန္တီရဏဖြစ်သည်။ သန္တီရဏ, တဒါရုံနှင့် လောဘဇောတို့ ဖြစ်နိုင်သည်။ (၁၃၆၁–ခု အလတ်တန်း)

http://www.dhammadownload.com



❒ **ဒေါသထွက်နေသော အာဠာဝကဘီလူး သန္တာန်၌ဖြစ်နိုင်သော စက္ခုဒွါရိက အာဂန္တုကဘဝင်ဝီထိ**

အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဒေါသဇော ၇–ကြိမ်၊ အာဂန္တုကဘဝင်တစ်ကြိမ်၊ ထို့နောင်မူလဘဝင်။ (၁၃၆၁–ခု အကြီးတန်း)

❒ **ဘုရားရှင်ကို ဖူးမြင်ရသော ပထမရှာန်ဘုံ သားပြဟ္မာများ၏ စိတ်အစဉ်**

အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ကုသလဝိပါက် စက္ခုဝိညာဏ်၊ ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း၊ သောမနဿ သန္တီရဏ၊ ဝုဋ္ဌော၊ ကာမကုသိုလ်မဟာကြိယာဇော ၇–ကြိမ်၊ သောမနဿတဒါရုံ၊ ထို့နောင်ဘဝင်။ (၁၃၆၂–ခု အကြီးတန်း)

❒ **မြန်မာ့အသံမှ ထုတ်လွှင့်ဟောကြား မှုတ်တရားကို စိတ်ပါဝင်စားစွာ နာကြားလျက်ရှိသော ဗုဒ္ဓဘာသာဝင်သ တော်စင်တင်ဦးသန္တာန်၌ ဖြစ်ပေါ်သော ဝီထိစိတ်အစဉ်**

တီ, န်, ဒ, ပ, သော, သံ, ဏ, ဝု, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ရုံ, ရုံ။ (၁၃၆၄–ခု အလတ်တန်း)

http://www.dhammadownload.com


❒ **ရွှေတိဂုံစေတီတော်ကို ဖူးမြော်ကြည်ညိုသော ကမ္ဘာလှည့် ဗုဒ္ဓဘာသာခရီးသည်၏ စက္ခုဒွါရဉ်ဖြစ်သောစိတ်**

ပဉ္စဒွါရာဝဇ္ဇန်း၊ ကုသလဝိပါက်စက္ခုဝိညာဉ်၊ ကုသလဝိပါက်သမ္ပဋိစ္ဆိုင်း၊ ကုသလဝိပါက် သောမနဿ တဒါရုံ၊ သန္တီရဏ၊ ဝုဋ္ဌော၊ ကမ္ဘာလှည့်ဗုဒ္ဓဘာသာသည် ပုထုဇဉ်ဖြစ်က မဟာကုသိုလ်ဇော၊ ရဟန္တာဖြစ်က မဟာကြိယာဇော၊ (၁၃၅၇-ခု အကြီးတန်း)

❒ **ရုပ်မြင်သံကြားကြည့်ရှုသူ၏ စိတ်အစဉ်ဖြစ်ပုံ**

ရူပါရုံသည် စက္ခုဒွါရ၌ ထင်လာသောအခါ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ကာမဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်တို့ ဖြစ်ပြီးလျှင် ဘဝင်ကျ၏။ (၁၃၆၂-ခု အကြီးတန်း)

❒ **စက္ခုဒွါရိကဝီထိစိတ်များ အစဉ်အတိုင်းဖြစ်ပုံ**

အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ဘဝင်။ (၁၃၆၃-ခု အငယ်တန်း)

http://www.dhammadownload.com



❒ **ကုသိုလ်ဖြစ်ပေါ်လာရကြောင်း**

ယောနိသောမနသိကာရ၊

❒ **အကုသိုလ်ဖြစ်ပေါ်လာရကြောင်း**

အယောနိသော မနသိကာရ

❒ **အိပ်ပျော်စိတ်**

ဘဝင်စိတ်

❒ **ရင်းစိတ်၏ အာရုံ**

ကံ, ကမ္မနိမိတ်, ဂတိနိမိတ်။ (၁၃၆၁-ခု အလတ်တန်း)

❒ **သာမညအားဖြင့် ပဉ္စဒွါရဝီထိစိတ်များ**

ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေပဉ္စဝိညာဉ် ၁၀-ခု၊ သမ္ပဋိစ္ဆိုင်း ဒွေး၊ သန္တီရဏ ၃-ခု၊ ဝုဋ္ဌော၊ ကာမဇော ၂၉-ခု၊ တဒါရုံ မဟာဝိပါက်စိတ် ၈-ခု၊ ပေါင်း ၅၄-ခု။

(၁၃၆၁-ခု အလတ်တန်း)

❒ **ဝိသေသအားဖြင့် ပဉ္စဒွါရဝီထိစိတ်များ**

စက္ခုဝိညာဉ်ဒွေးသည် စက္ခုဒွါရ၌သာ ဖြစ်သည်၊ သောတဝိညာဉ်ဒွေးသည် သောတဒွါရ၌သာ ဖြစ်သည်၊ ဃာန ဝိညာဉ်ဒွေးသည် ဃာနဒွါရ၌သာ ဖြစ်သည် ဇိဝှာ

http://www.dhammadownload.com



ဝိညာဉ် ခွေးသည် ဇိဝှာဒွါရ၌သာဖြစ်သည်။ ကာယဝိညာဉ် ခွေးသည် ကာယဒွါရ၌သာဖြစ်သည်။ မနောဓာတ် ၃-ခု, ဝုဋ္ဌော, ကာမဇော ၂၉-ခု, မဟာဝိပါက်စိတ်တို့သည် ၅-ဒွါရလုံး၌ ဖြစ်သည်။ (၁၃၆၁-ခု အလတ်တန်း)

## အတိမဟန္တာရုံ စက္ခုဒွါရိက ဝီထိကျပုံ

အတီတ ဘဝင် ၁ ကြိမ်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ကာမဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ထို့နောက် ဘဝင်။ (၁၃၆၁-ခု အငယ်တန်း)

## အတိမဟန္တာရုံ သောတဒွါရဝီထိ

အတီတဘဝင် ၁ ကြိမ်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သောတဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ကာမဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ထို့နောက် ဘဝင်။ (၁၃၆၁-ခု အကြီးတန်း)

## ဒုတိယမဟန္တာရုံဝီထိသင်ရိုးနည်းကျ ချပုံ

ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေ့ရှုအတူ ဥပါဒ်ကျသည် မှစ၍ အတီတဘဝင် သုံးကြိမ်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံ ထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန, ဘဝင်္ဂု

http://www.dhammadownload.com



ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ် ဖြစ်ပြီးလျှင် သတ္တမဇော၏ ဘင်နှင့် ပြိုင်လျက် ၁၇-ချက် ရုပ်သက်စေ့၍ ချုပ်ခြင်းရှိသော ဝီထိသည် ဒုတိယမဟန္တာရုံဝီထိမည်၏။

(၁၃၃၁-ခု အငယ်တန်း)

## ❒ ဝီထိပုံစံ

တီ- တီ-တီ-န-ဒ-ပ-စ-သံ-ဏ-ဝု-ဇော ၇-ကြိမ်။

(၁၃၃၁-ခု အငယ်တန်း)

## ❒ မဟန္တာရုံဝီထိ၌ တဒါရုံ မကျခြင်းအကြောင်း

မဟန္တာရုံဝီထိ၌ တဒါရုံ ၂-ကြိမ် မဖြစ်လောက်သောကြောင့် တဒါရုံ မကျပါ။ (၁၃၂၉-ခု အလတ်တန်း)

## ❒ ရူပါရမဟန္တာ၏ မဟန္တာရုံဝီထိစိတ်

ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်ဒွေး, သောတဝိညာဏ်ဒွေး, သမ္ပဋိစ္ဆိုင်းဒွေ, သန္တီရဏ ၃-ခု၊ ဝုဋ္ဌော, ကာမကြိယာဇော ၉-ခု။

## ❒ ရူပါရမဟန္တာသန္တာန်၌ ဖြစ်နိုင်သော အပ္ပနာဇောများ

မဟဂ္ဂုတ်ကြိယာ ၉-ခု၊ အရဟတ္တဖိုလ်အားဖြင့် ၁၀-ပါး။ (၁၃၂၈-ခု အကြီးတန်း)

http://www.dhammadownload.com


❒ **သောတဒွါရိက ပထမမဟာကုသိုလ်ရဲ့ ဝိထိစိတ်အစဉ်ဖြစ်ပုံ**

တီ-တီ-န-ဒ-ပ-သော-သံ-ဏ-ဝု-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဘ။ (၁၃၅၃-ခု အငယ်တန်း)

❒ **ပရိတ္တာရုံ ဝိထိ၌ ဝုဋ္ဌော ၂-ကြိမ်, ၃- ကြိမ်ဖြစ်ရခြင်းအကြောင်း**

ဇောမဖြစ်ခြင်းကြောင့် ဝုဋ္ဌော ၂-ကြိမ် ၃-ကြိမ် ဖြစ်ရပါသည်။

ပါဠိအထောက် - တတ္ထ ဇဝနမ္ပိ အနုပ္ပန္နံ တွာ ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ။
(၁၃၃၃-ခု, ၅၁-ခု, ၆၁-ခု, ၆၃-ခု အငယ်တန်း၊ ၆၀-ခု, ၆၂-ခု အကြီးတန်း)

❒ **ဇောထိုက်မှုမတပ်ဘဲ ဇောအလုပ်ကိုလုပ်သောစိတ်**

တတ္ထ ဇဝနမ္ပိ အနုပ္ပန္နံ တွာ ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ-ကို ထောက်၍ ပရိတ္တာရုံဝိထိ၌ နှစ်ကြိမ်သုံးကြိမ် ဖြစ်သော ဝုဋ္ဌောစိတ်ဖြစ်ပါသည်။ (၁၃၆၃-ခု အကြီးတန်း)

❒ **ပရိတ္တာရုံဝိထိ၌ ဇဝနမ္ပိ အနုပ္ပန္နံတွာ ဟုဆိုရခြင်းအကြောင်း**

ဝုဋ္ဌောစိတ်ဖြစ်သည်မှနောက်၌ စိတ္တက္ခဏ ၆- ချက် အသက်ကြွင်းရှိသော အာရုံသည် သက်တမ်းနည်း သဖြင့် ထက်ဝန်းကျင် အားနည်းသောကြောင့် ဇောဖြစ်ဖို့ရန်

http://www.dhammadownload.com


ကျေးဇူးမပြုနိုင်၊ ဇောသည် ၇-ချက်ပြည့်အောင် ဖြစ်လေ့ရှိသည်။ ဤ၌ ၇-ချက် မဖြစ်လောက်သောကြောင့် ဇဝနမ္ပိ အနုပ္ပန္နံတွာ ဟုဆိုသည်။ (၁၃၃၇-ခု အလတ်တန်း)

☐ **စက္ခုဒွါရိက ပထမပရိတ္တာရုံဝီထိ၌ ပါဝင်သော ဝီထိစိတ်တို့အဓိပ္ပါယ်**

ပဉ္စဒွါရာဝဇ္ဇန်း–ငါးဒွါရ၌ ဆင်ခြင်သောစိတ်
(ရူပါ ရမ္မဏံ အာဝဇ္ဇန္တံ)

စက္ခုဝိညာဉ်– ရူပါရုံကိုမြင်သောစိတ်
(တမေဝ ရူပံ ပဿန္တံ)

သမ္ပဋိစ္ဆိုင်း– လက်ခံသကဲ့သို့ဖြစ်သော စိတ်
(သမ္ပဋိစ္ဆန္တံ)

သန္တီရဏ– စုံစမ်းသကဲ့သို့ ဖြစ်သောစိတ်
(သန္တီရယမာနံ)

ဝေါဋ္ဌဗ္ဗန– ပိုင်းခြားမှတ်သားသကဲ့သို့ ဖြစ်သောစိတ်
(ဝဝတ္ထပေန္တံ)

(၁၃၆၄-ခု အငယ်တန်း)

☐ **ဒုတိယပရိတ္တာရုံဝီထိ၌ ဝီထိစိတ်တို့၏ မှီရာဝတ္ထု**

စက္ခုဝိညာဉ်ဒွေသည် စက္ခုဝတ္ထု၊ စက္ခုဝိညာဉ်ဒွေမှ တစ်ပါး ကြွင်းသောဝီတိစိတ်များသည် ဟဒယဝတ္ထုကို မှီကြသည်။ (၁၃၃၇-ခု အလတ်တန်း)

http://www.dhammadownload.com


❒ **ဒုတိယပရိတ္တာရုံ စက္ခုဒွါရဝီထိချုပ်**

တီ-တီ-တီ-တီ-တီ-န-ဒ-ပ-စ-သံ-ဏ-ဝု-ဝု-ဘဝင်-ဘဝင်-ဘဝင်-ဘဝင်။ (၁၃၃၁-ခု အလတ်တန်း)

❒ **ဝီထိစိတ္တာနိ သတ္တေဝ စသော အတိမဟန္တာရုံ ဝီထိဂါထာကို အခြေခံ၍ ပရိတ္တာရုံ ဝီထိအတွက် ဂါထာ**

ဝီထိစိတ္တာနိ ဖဉ္စေဝ၊ စိတ္တုပ္ပါဒါစ ဆဠေဝ။
ဝိတ္တာရုံတော့ စ ဒွါဒသ၊ ပဉ္စဒွါရေ ယထာရဟံ။
(၁၃၆၃-ခု အကြီးတန်း)

❒ **အတိပရိတ္တာရုံဝီထိ၌ ပဉ္စဒွါရာဝဇ္ဇန်း စသည် မဖြစ်နိုင်ခြင်း အကြောင်း**

ဝုဋ္ဌော် ၂-ကြိမ်၊ ၃-ကြိမ်မဖြစ်လောက်သောကြောင့် ပဉ္စဒွါရာဝဇ္ဇန်း စသည် မဖြစ်နိုင်ပါ။
(၁၃၆၁-ခု အကြီးတန်း)

❒ **ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌောနှစ်ကြိမ်, သုံးကြိမ်ဖြစ်ရခြင်း အကြောင်း**

ဇော မဖြစ်ခြင်းကြောင့် ဝုဋ္ဌော ၂-ကြိမ် ၃-ကြိမ် ဖြစ်ရပါသည်။ (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



### ❒ ဇောမမည်သော်လည်း ဇောစိတ်နှင့် အလားတူသော စိတ်

ဝုဋ္ဌောစိတ်။

သာဂကေ။ ။ ဇဝနမ္ပိ အနုပ္ပဗ္ဗိတွာ ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ။ (၁၃၆၄-ခု အလတ်တန်း)

### ❒ တဒါရုံမကျနိုင်သော ဝီထိများ

မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံ ဟူသော ပဉ္စဒွါရဝီထိ သုံးမျိုးနှင့် ကာမာဇောဝါရ အဝိဘူတာရုံဝီထိ၊ အပ္ပနာဇောဝါရ ဝိဘူတဝီထိများ၌ တဒါရုံမကျပါ။ တစ်နည်း - ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ မဟုတ်သော ဝီထိများ၌လည်း တဒါရုံမကျပါ။

(၁၃၆၁-ခု အကြီးတန်း)

### ❒ အတိပရိတ္တာရုံဝီထိ၌ ဝီထိစိတ် မဖြစ်ခြင်းအကြောင်း

ဝုဋ္ဌောနှစ်ကြိမ်ဖြစ်သည့်တိုင်အောင် မလောက်သည် ဖြစ်၍ လွန်ခြင်းရှိသောကြောင့် အတိပရိတ္တာရုံဝီထိ၌ ဝီထိစိတ် မဖြစ်။ (၁၃၂၄ခု, ၃-ခု, ၆၁-ခု အလတ်တန်း)

### ❒ နတ္ထိ ဝီထိစိတ္တုပ္ပါဒေါ ဟု ဆိုရပုံ

အလွန်ဆုံးအားဖြင့် စိတ္တက္ခဏ ၇-ချက် အသက် ကြွင်းရှိသော်လည်း ဝုဋ္ဌော ၂-ကြိမ် ၃ -ကြိမ် မဖြစ်လောက်

http://www.dhammadownload.com



သောကြောင့် ပဉ္စဒွါရာဝဇ္ဇန်း စိတ်များလည်း မဖြစ်ကြသည်ကို နတ္ထိ ဝိထိစိတ္တုပ္ပါဒေါဟု ဆိုသည်။
(၁၃၆၁–ခု အကြီးတန်း)

## ❒ ပဉ္စဒွါရ၌ဖြစ်သော ဝိထိစိတ်တို့၏ (က) အမျိုးအစား (ခ) အကြိမ်အရေအတွက် (ဂ) စိတ်သရုပ်

(က) ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံအားဖြင့် ၇–ပါး။

(ခ) ပဉ္စဒွါရာဝဇ္ဇန်း ၁–ကြိမ်၊ ပဉ္စဝိညာဏ် ၁–ကြိမ်၊
သမ္ပဋိစ္ဆိုင်း ၁–ကြိမ်၊ သန္တီရဏ ၁–ကြိမ်။
ဝုဋ္ဌော ၁–ကြိမ်၊ ဇော ၇–ကြိမ်။
တဒါရုံ ၂–ကြိမ်အားဖြင့် ၁၄–ကြိမ်။

(ဂ) ပဉ္စဒွါရာဝဇ္ဇန်း ၁–ခု၊ ပဉ္စဝိညာဏ် ၁၀–ခု။
သမ္ပဋိစ္ဆိုင်း ၂–ခု၊ သန္တီရဏ ၃–ခု။
ဝုဋ္ဌော ၁–ခု၊ ကာမဇော ၂၉–ခု။
(၁၃၆၄–ခု အငယ်တန်း)

## ❒ အာရုံ၏ ဒွါရ၌ ထိခိုက်ပုံ

အာရုံသည် ဒွါရ၌ ထိခိုက်ခြင်းသည် ဝတ္ထုပစ္စည်းနှစ်ခုတို့ ထိခိုက်ခြင်းမျိုးကို ဆိုလိုသည်မဟုတ်၊ ပဉ္စာရုံတို့သည် ပဉ္စပသာဒတို့အား ရှေးရှု ထင်မြင်ခြင်းဌာ

http://www.dhammadownload.com



လျှောက်ပတ်သော အရုပ်၌ ဖြစ်ပေါ်လာခြင်း, ရုပ်တည်လာခြင်းသဘောကိုပင် ထိခိုက်သည်ဟု ဆိုလိုသည်။

(၁၃၆၃-ခု အလတ်တန်း)

### ❒ အတိပရိတ္တာရုံကို မောဃဝါရဟုခေါ်ရခြင်းအကြောင်း

အချင်းခပ်သိမ်း ဝီထိစိတ်ဖြစ်မှု မရှိသောကြောင့် အတိပရိတ္တာရုံကို မောဃဝါရဟု ခေါ်ပါသည်။

(၁၃၆၁-ခု အလတ်တန်း)

### ❒ ဝီထိစစ်နှင့် ဝီထိတု

အတိပရိတ္တာရုံ ဝီထိသည် ဝီထိအတု၊ ကြွင်းသော ပဉ္စဒွါရ, မနောဒွါရဝီထိများသည် ဝီထိ အစစ်။

(၁၃၅၇-ခု အကြီးတန်း)

### ❒ မောဃဝါရ မည်သောစိတ်

ဝီထိစိတ်လုံးဝ မဖြစ်သောကြောင့် အတိပရိတ္တာရုံ ဝီထိကို မောဃဝါရဟု ဆိုသင့်သည်။

(၁၃၆၃-ခု အလတ်တန်း)

### ❒ စတုနိ့ ဝါရာနံ အာရမ္မဏာဘူတာအရ ဆိုင်ရာဝါရနှင့် အာရုံ

၁။ တဒါရမ္မဏဝါရ - အတိမဟန္တာရုံ

၂။ ဇဝနဝါရ - မဟန္တာရုံ

http://www.dhammadownload.com



၃။ ဝေါဋ္ဌဗ္ဗနဝါရ - ပရိတ္တာရုံ
၄။ မောဃဝါရ - အတိပရိတ္တာရုံ
(၁၃၃၄-ခု, ၆၄-ခု အငယ်တန်း၊ ၆၃-ခု အလတ်တန်း)

❐ ဝိထိစိတ္တာနိ သတ္တေဝ-ဂါထာပါ သတ္တ စသည်တို့အရ

**သတ္တ-အရ**

ပဉ္စဒွါရာဝဇ္ဇန်း, ပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံအားဖြင့် ၇ ပါး။

**စုဒ္ဒသ-အရ**

ပဉ္စဒွါရာဝဇ္ဇန်း ၁-ကြိမ်, ပဉ္စဝိညာဉ် ၁-ကြိမ်, သမ္ပဋိစ္ဆိုင်း ၁-ကြိမ်၊ သန္တီရဏ ၁-ကြိမ်၊ ဝုဋ္ဌော ၁-ကြိမ်၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ပေါင်း ၁၄-ကြိမ်။

**စတုပညာသ-အရ**

ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ဒွေပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုင်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌော ၁၊ ကာမဇော ၂၉၊ တဒါရုံ မဟာဝိပါက် ၈-ပါး၊ ပေါင်း ၅၄-ပါး။

(၁၃၂၆-ခု, ၃၂-ခု, ၃၇-ခု အလတ်တန်း)

http://www.dhammadownload.com



**❒ ဝိထိစိတ္တာနိ တိဏောဝ စသောဂါထာ၌ တိဏိ စသည်-အရ**

တိဏိ။ ။ မနောဒွါရာဝဇ္ဇန်း၊ ဇော၊ တဒါရုံ။

ဒသ။ ။ မနောဒွါရာဝဇ္ဇန်း ၁-ကြိမ်၊ ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်။

ကေစတ္တာလီသ။ ။ မနောဒွါရာဝဇ္ဇန်း ၁-ပါး၊ ကာမဇော ၂၉-ပါး၊ တဒါရုံ ၁၁-ပါး၊ ပေါင်း ၄၁-ပါး။

(၁၃၃၉-ခု, ၆၃-ခု အငယ်တန်း)

**❒ ဝိဘူတာရုံဝီထိ ချုပ်ပုံ**

မနောဒွါရာဝဇ္ဇန်း, ကာမဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်။

(၁၃၆၂-ခု အကြီးတန်း)

## မနောဒွါရကာမဇောဝါရ

**❒ ဝိဘူတာ ဝိဘူတ ဟောဒေါ် နတ္ထိ၌ ဝိဘူတာရုံ, အဘူတာရုံ နှစ်ပါးလုံး မရှိဟု မှတ်ရမည်လော**

အာရုံထင်ရှားသော်ကာလ၌သာ အပ္ပနာဇောများ ဖြစ်သင့်သောကြောင့် ဝိဘူတာရုံ တစ်မျိုးသာရှိသည်၊ အဝိဘူတာရုံ မရှိ။ ထို့ကြောင့် ဝိဘူတ, အဝိဘူတ အပြား မရှိဟုဆိုသည်။

(၁၃၂၉-ခု အငယ်တန်း၊ ၆၁-ခု အလတ်တန်း)

http://www.dhammadownload.com



❒ **အပ္ပနာဇောဝါရ၌ ဝိဘူတ, အဝိဘူတ အပြားမရှိခြင်း အကြောင်း**

အပ္ပနာဇောများသည် အာရုံထင်ရှားသောအခါ၌သာ ဖြစ်ပေါ်လာသောကြောင့် ဝိဘူတ, အဝိဘူတ ၂-မျိုး မကွဲပြား၊ ဝိဘူတ တစ်မျိုးသာရှိသည်။

(၁၃၆၁-ခု, ၆၃-ခု အကြီးတန်း)

❒ **မနောဒွါရ ကာမဇောဝါရ ပထမဝိဘူတာရုံ ဝီထိချုပ်**

ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ကာမဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ထို့နောင် ဘဝင်။

(၁၃၆၃-ခု အကြီးတန်း)

❒ **ကာမဇောမနောဒွါရ အဝိဘူတာရုံ ဝီထိအတွင်း၌ ပါဝင်သောစိတ်များကို (က) သာမည (ခ) ဝိသေသ (ဂ) ဝိတ္ထာရအားဖြင့် ခွဲခြားချက်**

(က) မနောဒွါရာဝဇ္ဇန်း၊ ဇော၊ တဒါရုံအားဖြင့် ၃-

(ခ) မနောဒွါရာဝဇ္ဇန်း ၁၊ ဇော ၇-ကြိမ်၊ တဒါရုံ ၁၁ အားဖြင့် ၄၁-ပါး။

(ဂ) မနောဒွါရာဝဇ္ဇန်း ၁၊ ဇော ၂၉၊ တဒါရုံ ၁၁ အားဖြင့် ၄၁-ပါး။ (၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ ဝိထိစိတ္တာနိ ဇာဝနာ၀၊ စိတ္တုပ္ပါဒါ ဒသေရိတာဒ္ဒ တိဏ္ဏံ အရ

မနောဒွါရာဝဇ္ဇန်း, ဇော, တဒါရုံအားဖြင့် ၃–မျိုး။

**ဒသ–အရ**

မနောဒွါရာဝဇ္ဇန်း ၁–ကြိမ်၊ ဇော ၇–ကြိမ်၊ တဒါရုံ ၂–ကြိမ်။ (၁၃၆၄–ခု အလတ်တန်း)

## ❐ ကာမဇောများ ဇောပုံ အခြင်းအရာ

ယောနိသောမနသိကာရကြောင့် ကုသိုလ်ဇောဇောသည်၊ အယောနိသော မနသိကာရကြောင့် အကုသိုလ်ဇောများ ဇောသည်။ နိရာနုသယသန္တာန်ကြောင့် ကြိယာဇောများ ဇောသည်။

သာဓကေ။ ။ ဇောနတွံသ ကာမာဝစရဇဝနေသု ယံ ကိဉ္စိ လဒ္ဓပစ္စယံ ယေဘုယျေန သတ္တက္ခတ္တုံ ဇဝတိ။

( -ခု အကြီးတန်း)

## ❐ မနောဒွါရဝိထိ၌ ဝိဘူတာရုံ, အဝိဘူတာရုံဟု ဆိုရခြင်း အကြောင်း

မနောဒွါရိကစိတ်တို့သည် ပစ္စုပ္ပန်သာ မဟုတ်၊ အတိတ် အနာဂါတ်ကိုလည်း အာရုံပြုသဖြင့် အတိမဟန္တ

http://www.dhammadownload.com



စသည်တို့၏ အစွမ်းအားဖြင့် အာရုံကို ပိုင်းခြားမှတ်သားမှု ပြုပြင် ခြင်းငှာ မစွမ်းနိုင်သောကြောင့် ထင်ထင်ရှားရှား ထင်လာသောအာရုံကို ဝိဘူတာရုံဟုလည်းကောင်း၊ မထင်မရှား ထင်လာသောအာရုံကို အဝိဘူတာရုံဟု လည်းကောင်း ခေါ်ဆိုရသည်။ (၁၃၃၇-ခု အလတ်တန်း)

## မနောဒွါရ အပ္ပနာဇောဝါရ

### ❒ ဝိဘူတာရုံကေန်ဖြစ်သော ဇောဝါရနှင့် အနေကာန်ဖြစ်သော ဇောဝါရ

ဝိဘူတာရုံ ကေန်ဖြစ်နိုင်သော ဇောဝါရမှာ အပ္ပနာဇောဝါရဖြစ်၍ အနေကာန်ဖြစ်သော ဇောဝါရမှာ ကာမဇောဝါရ ဖြစ်ပါသည်။ (၁၃၂၈-ခု အလတ်တန်း)

### ❒ အပ္ပနာဇော ါရ၌ ရနိုင်သောဝီထိများ

-ဈာနဝီထိ၊ မဂ္ဂဝီထိ၊ ဖလသမာပတ္တိဝီထိ၊ အဘိညာဝီထိ နိရောဓသမာပတ္တိဝီထိ(ဝါ)မနောဒွါရဝီထိ။

(၁၃၃၀-ခု အလတ်တန်း)

**(ဆောင်)** ဈာန်, မဂ်, ဖလ၊ အဘိညာဏ်၊ တဖန် နိရောဓ။

http://www.dhammadownload.com



## ❒ ပရိကံ စသည် ခေါ်ခြင်းအကြောင်း

အပ္ပနာကို ပြုပြင်တတ်သောကြောင့် ပရိကံ။

အပ္ပနာ၏အနီး၌ ဖြစ်တတ်သောကြောင့် ဥပစာ။

ရှေ့အဖို့၌ ပရိကံအားလည်းကောင်း, အထက်အဖို့၌ အပ္ပနာအား လည်းကောင်း လျော်သောကြောင့် အနုလုံ။

ကာမအနွယ်, ပုထုဇဉ်အနွယ်တို့ကို လွှမ်းမိုးနှိပ်စက်တတ်သောကြောင့် လည်းကောင်း၊ မဟဂ္ဂုတ် အနွယ်, လောကုတ္တရာအနွယ်တို့ကို ဖြစ်ပွားစေတတ်သောကြောင့် လည်းကောင်း ဂေါတြဘု။

(၁၃၂၃-ခု အလတ်တန်း၊ ၆၂-ခု, ၆၃-ခု အကြီးတန်း)

## ❒ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတို့ တရားကိုယ်

မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု, မဟာကြိယာ ဉာဏ သမ္ပယုတ် ၄-ခု။

အထောက် - တတ္ထ ဟိ ဉာဏသမ္ပယုတ္တကာမာ ဝစရ ဇဝနာန မဇ္ဈေ အညတရသ္မိံ ပရိကမ္မောပစာရာနုလောမ ဂေါတြဘုနာမေန စတုက္ခတ္တုံ တိက္ခတ္တုမေဝ ဝါ ယထာက္ကမံ ဥပ္ပဇ္ဇိတွာ။ (၁၃၆၄-ခု အလတ်တန်း၊ ၆၂-ခု အကြီးတန်း)

## ❒ ပရိကံ စသည်တို့ အရ

မဟာကု, ကြိယာဉာဏသမ္ပယုတ်စိတ် ၈-ပါးကို ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု-ဟု ဆိုသည်။

http://www.dhammadownload.com



အထောက် - တတ္ထ ဟိ ဉာဏသမ္ပယုတ္တကာမာဝစရ ဇဝနာန မင္ဒနံ့ အညတရသ္မိံ ပရိကမ္မော ပစာရာ နုလောမ ဂေါတြဘုနာမေန စတုက္ခတ္တုံ တိက္ခတ္တုမေဝ ဝါ ယထာက္ကမံ ဥပ္ပဇ္ဇိတွာ။

(၁၃၆၄-ခု အလတ်တန်း၊ ၅၆-ခု ၆၃-ခု အကြီးတန်း)

## ❒ ဥပစာရဇောစိတ်များ

မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄၊ မဟာကြိယာ ဉာဏသမ္ပယုတ် ၄။ (၁၃၆၄-ခု အလတ်တန်း)

## ❒ ဈာနဝီထိ, မဂ္ဂဝီထိတို့၌ပါရှိသော ဂေါတြဘုနှစ်ခုတို့အထူး

ဈာနဝီထိ၌ပါသော ဂေါတြဘုကား ကာမအနွယ်ကို လွှမ်းမိုးနှိပ်စက်လျက် မဟဂ္ဂုတ်အနွယ်ကို ဖြစ်ပွားစေတတ်သောကြောင့် ဂေါတြဘု မည်ပါသည်။

မဂ္ဂဝီထိ၌ပါသော ဂေါတြဘုကား ပုထုဇဉ်အနွယ်ကို နှိပ်စက်၍ လောကုတ္တရာအနွယ်ကို ပွားစေတတ်ပါသည်။ ဤသို့ ခြားနားပါသည်။ (၁၃၆၄-ခု အလတ်တန်း)

## ❒ မနောဒွါရ အပ္ပနာဇောဝါ၌ ပါဝင်သော ကာမဇောတို့ အမည်

ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု

http://www.dhammadownload.com



**အရေအတွက်**

၃-ကြိမ်၊ ၄-ကြိမ်၊

**စိတ်သရုပ်**

မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ပါး၊ မဟာကြိယာ ဉာဏ သမ္ပယုတ် ၄ ပါး။ (၁၃၃၂-ခု ၆၃-ခု အငယ်တန်း)

**ထိုစျာန်ကို ဝင်စားနိုင်သောပုဂ္ဂိုလ်**

တိဟိတ်ပုထုဇဉ်နှင့် ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်။

(၁၃၆၃-ခု အကြီးတန်း)

**သောတာပတ္တိမဂ္ဂဝီထိချပုံ**

**(၁) မန္ဒပုဂ္ဂိုလ်**

န-ဒ-မ-ပ-ဥ-နု-ဂေါ-သောမဂ်(သောဖိုလ်)ဘွင်၊

**(၂) တိက္ခပုဂ္ဂိုလ်**

န-ဒ-မ-ပ-ဥ-နု-ဂေါ-မဂ်-ဖ-ဖ-ဖ-ဘ။

(၁၃၃၀-ခု အငယ်တန်း)

**တိက္ခပညပုဂ္ဂိုလ်၏ မဂ္ဂဝီထိပုံစံ**

န-ဒ-မ-ဥ-နု-ဂေါ-မဂ်-ဖိုလ်-ဖိုလ်-ဖိုလ် ဘဝင်

(၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



❒ **ယင်းဝိထိ၌ ရသင့်သော ဥပစာရသမာဓိစော**

မဟာကုသိုလ်ဉာဏသမ္ပယုတ် သောမနဿစော ၂-ပါး။

❒ **တိက္ခပုဂ္ဂိုလ်၏ ဈာနဝိထိ**

န, ဒ, မ, ဥ, နု, ဂေါ ဈာန်စော ၁-ကြိမ် ဘဝင်။

ဈာန်စောများစွာ

(၁၃၆၄-ခု အကြီးဆုံး)

❒ **ရသင့်သော အပ္ပနာစော**

မဂ်သောမနဿ ၁၆-ပါး၊ အောက်ဖိုလ်သော မနဿ ၁၂-ပါး၊ ပေါင်း ၂၈-ပါး။ (၁၃၆၃-ခု အကြီးတန်း)

❒ **မန္ဒပည ပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝိထိ**

န,ဒ,မ,ပ,ဥ,နု,ဂေါ,မဂ်,ဖိုလ်, ဖိုလ်,ဘ။

(၁၃၆၂-ခု အကြီးတန်း)

❒ **သောတာပန်ပုဂ္ဂိုလ်၏ အာဒိကမ္မိကဈာနဝိထိ၌ ဘဝင်စိတ်တို့၏ အာရုံ**

ကံ,ကမ္မနိမိတ်,ဂတိနိမိတ်အာရုံ၊ (၁၃၅၆-ခု အကြီးတန်း)

❒ **ငင်းဝိထိ၌ ဝိထိစိတ်တို့၏အာရုံ**

ဈာန်၏အာရုံကို အာရုံပြုသည်။

http://www.dhammadownload.com



## ❐ ယထာရဟံ စတုတ္ထ ပဉ္စမံဝါ–၌ ယထာရဟ အဓိပ္ပာယ်

တိက္ခပုဂ္ဂိုလ်၌ ဥပစာ, အနုလုံ, ဂေါတြဘုနောင် ၄–ကြိမ်မြောက်၌ အပ္ပနာဇောဖြစ်သည်။

မန္ဒပုဂ္ဂိုလ်၌ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုနောင် ၅–ကြိမ်မြောက်၌ အပ္ပနာဇောဖြစ်သည်။

(၁၃၃၀–ခု အငယ်တန်း)

## ❐ အပ္ပနာဝသာနေဟု ထပ်ဆင့်ဆိုရခြင်းအကြောင်း

"တတော ပရံ ဘဝင်္ဂပါတောဝ ဟောတိ"ဟူသော စကားမျှကိုသာဆိုလျှင် လေးကြိမ်မြောက်, ငါးကြိမ်မြောက်ဖြစ်သော အပ္ပနာနောင် ဘဝင်သာ ကျတော့သည်။ မဂ်နောင် ဖိုလ်စိတ် မဖြစ်ဟုလည်းကောင်း၊ သမာပတ္တိဝီထိ၌ ဈာန်စိတ်, ဖိုလ်စိတ်တို့ အဖန်တလဲလဲ မဖြစ်ဟု လည်းကောင်း မှတ်ယူမည်စိုးသောကြောင့် "အပ္ပနာဝသာနေ"ဟု ထပ်၍ဆိုသည်။ (၁၃၃၉–ခု,၅၀–ခု အလတ်တန်း)

## ❐ မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿဇော ၂–ခု နောင် နောင်းနိုင်သော အပ္ပနာများ

မဟဂ္ဂုတ်ကုသိုလ်သောမနဿ ၄–ပါး၊ မဂ်သောမနဿ ၁၆–ပါး၊ အောက်ဖိုလ် ၃–ခု၊ သောမနဿ ၁၂–ပါး၊ ပေါင်း ၃၂–ပါး။ (၁၃၆၄–ခု အငယ်တန်း)

http://www.dhammadownload.com



❒ **မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာဇော ၂-ခုနှောင် နှောင်းနိုင်သော အပ္ပနာများ**

မဟဂ္ဂုတ်ကုသိုလ်ဥပေက္ခာ ၅-ပါး၊ မဂ်ဥပေက္ခာ ၄-ပါး၊ အောက်ဖိုလ် ဥပေက္ခာ ၃-ပါး၊ ပေါင်း ၁၂-ပါး။ (၁၃၆၃-ခု အကြိုးတန်း)

❒ **ဥပေက္ခာသဟဂုတ် တိဟိတ်ကာမကုသိုလ်နှောင် နှောင်း နိုင်သော အပ္ပနာ**

မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ ၅-ခု၊ သောတာပတ္တိဖိုလ် ဥပေက္ခာ ၄-ခု၊ သကဒါဂါမိမဂ် ဥပေက္ခာ ၄-ခု။ (၁၃၆၁-ခု အကြိုးတန်း)

❒ **မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥပေက္ခာဇောနှစ်ခု နှောင် နှောင်းနိုင်သော အပ္ပနာဇောများ**

မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ ၅-ပါး၊ မဂ်ဥပေက္ခာ ၄-ပါး၊ အောက်ဖိုလ် ဥပေက္ခာ ၃-ပါး၊ ပေါင်း ၁၂-ပါး။ သာဓက။ ။ ဥပေက္ခာသဟဂတဇဝနာနန္တရံ ဥပေက္ခာသဟဂတာဝ။ တတ္ထာပိ ကုသလဇဝနာနန္တရံ ကုသလဇဝနဉ္စေဝ ဟေဋ္ဌိမဉ္စ ဖလတ္တယမပ္ပေတိ။ (၁၃၃၄-ခု အကြိုးတန်း)

http://www.dhammadownload.com



❒ **မဟာကြိယာဉာဏသမ္ပယုတ်စော ၄-နောင် နှောင်းနိုင်သော အပ္ပနာများ**

မဟဂ္ဂုတ် ကြိယာ ၉-ခု၊ အရဟတ္တဖိုလ် ၅-ခု၊ ပေါင်း ၁၄-ခု။ (၁၃၆၄-ခု အလတ်တန်း)

❒ **မဟာကြိယာသောမနဿ ဉာဏသမ္ပယုတ် စောနှစ်ခုနောင် နှောင်းနိုင်သော အပ္ပနာစောများ**

မဟဂ္ဂုတ်ကြိယာသောမနဿ ၄-ပါး၊ အရဟတ္တဖိုလ် သောမနဿ ၄-ပါး၊ ပေါင်း ၈-ပါး။

(၁၃၆၂-ခု အကြီးတန်း)

❒ **မဟာကြိယာဉာဏသမ္ပယုတ် ဥပေက္ခာစောနှစ်ခုနောင် နှောင်းနိုင်သော အပ္ပနာစောများ**

မဟဂ္ဂုတ် ဥပေက္ခာကြိယာစော ၅-ခု၊ အရဟတ္တဖိုလ် ဥပေက္ခာ ၁-ခု၊ ပေါင်း ၆-ခု။

(၁၃၃၆-ခု အငယ်တန်း၊ ၃၀-ခု အလတ်တန်း)

❒ **ကာမကုသိုလ်ဥပစာရစောနောင် နှောင်းနိုင်သော အပ္ပနာစောများ**

မဟဂ္ဂုတ် ကုသိုလ် ၉-ပါး၊ မဂ် ကုသိုလ် ၂၀-ပါး၊ အောက်ဖိုလ် ၁၅-ပါး၊ ပေါင်း ၄၄-ပါး။

(၁၃၆၃-ခု အငယ်တန်း၊ ၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



❒ **မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်စော ၂-ခုနောင် နောင်းနိုင်သော အပ္ပနာစောများ**

မဟာဂ္ဂုတ်ကုသိုလ် သောမနဿ ၄-ပါး၊ မဟာဂ္ဂုတ်ကြိယာ သောမနဿ ၄-ပါး၊ အောက်ဖိုလ်သောမနဿ ၁၂-ပါး၊ အရဟတ္တဖိုလ် သောမနဿ ၄-ပါး၊ ပေါင်း ၂၄-ပါး။ (၁၃၆၃-ခု အကြိုးတန်း)

❒ **သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿစော ၂-ခုနောင် နောင်းနိုင်သော အပ္ပနာများ**

မဟာဂ္ဂုတ်ကုသိုလ် သောမနဿ ၄-ခု၊ သောတာပတ္တိဖိုလ် သောမနဿ ၄-ခု၊ သကဒါဂါမိမဂ်သောမနဿ ၄-ခု၊ ပေါင်း ၁၂-ခု။

❒ **မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာ ၂-ခု နောင် နောင်းနိုင်သော အပ္ပနာစောများ**

မဟာဂ္ဂုတ်ကုသိုလ် ဥပေက္ခာ ၅-ခု၊ သောတာပတ္တိဖိုလ် ဥပေက္ခာ ၁-ပါး၊ သကဒါဂါမိမဂ်ဥပေက္ခာ ၁-ပါး၊ ပေါင်း ၇-ပါး။ (၁၃၆၃-ခု အကြိုးတန်း)

❒ **ကုသိုလ်စော၏ အခြားမဲ့၌ ဖိုလ်စောဖြစ်နိုင်**

ကုသလဇဝနာနန္တရံ ကုသလဇဝနဋ္ဌာနေ ဟေဋ္ဌိမဋ္ဌ ဖလတ္တယ မပ္ပေတိ-ကို ထောက်ပါ။

(၁၃၆၃-ခု အကြိုးတန်း)

http://www.dhammadownload.com



### ❒ ကာမကုသိုလ်ဇောနောင် အပ္ပနာကြိယာဇော မနောင်းခြင်း အကြောင်း

ကွဲပြားသောသန္တာန်၌ ဖြစ်သောကြောင့် ကုသိုလ်ဇောနောင် ကြိယာအပ္ပနာ မနောင်းနိုင်။

(၁၃၆၃-ခု အလတ်တန်း)

### ❒ သောမနဿကာမဇော၏ အခြားမဲ့၌ ဥပေက္ခာအပ္ပနာဇော မနောင်းနိုင်ခြင်းအကြောင်း

ကွဲပြားသော ဝေဒနာရှိကုန်သော တရားအချင်းချင်း အာသေဝနပစ္စည်း၏ အဖြစ်ကို မထုတ်ဆောင်အပ်သောကြောင့် သောမနဿ၏ အခြားမဲ့၌ ဥပေက္ခာအပ္ပနာ မနောင်းနိုင်ပါ။ (၁၃၆၃-ခု အလတ်တန်း)

### ❒ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏ သမ္ပယုတ် သောမနဿဇောနောင် နောင်းနိုင်သော အပ္ပနာဇောများ

မဟဂ္ဂုတ်ကုသိုလ် သောမနဿ ၄-ပါး၊ သောတာပတ္တိဖိုလ် သောမနဿ ၄-ပါး၊ သကဒါဂါမိမဂ် သောမနဿ ၄-ပါး၊ ပေါင်း ၁၂-ပါး ဖြစ်ပါသည်။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



❒ ရှင်းပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥပေက္ခာဇော ၄-ခု နှောင်နှောင်းနိုင်သော အပ္ပနာဇောများ

မဟဂ္ဂုတ်ဥပေက္ခာ ၅-ပါး၊ သောတာပတ္တိဖိုလ် ဥပေက္ခာ ၁-ပါး၊ သကဒါဂါမိမဂ် ဥပေက္ခာ ၁-ပါး၊ ပေါင်း ၇-ပါး ဖြစ်ပါသည်။ (၁၃၆၄-ခု အကြီးတန်း)

❒ အနာဂါမိပုဂ္ဂိုလ်၏ မဟာကုသိုလ်သောမနဿဇော (၂)ခု နှောင် ဇောနိုင်သော အပ္ပနာဇောများ

(၁) ရူပကုသိုလ် သောမနဿ ၄-ခု

(၂) အနာဂါမိဖိုလ် သောမနဿ ၄-ခု

(၃) အရဟတ္တမဂ် သောမနဿ ၄-ခု

(၁၃၆၁-ခု အကြီးတန်း)

❒ အနာဂါမိပုဂ္ဂိုလ်၏ သောမနဿ သဟဂုတ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇောနှစ်ခုနှောင် နှောင်းနိုင်သော အပ္ပနာ ဇောများ

မဟဂ္ဂုတ်ကုသိုလ်သောမနဿ ၄-ခု၊ အနာဂါမိဖိုလ် သောမနဿ ၄-ခု၊ အရဟတ္တမဂ်သောမနဿ ၄-ခု၊ ပေါင်း ၁၂-ခု။ (၁၃၆၁-ခု အလတ်တန်း)

http://www.dhammadownload.com



### ❒ တိဟိတ်ပုထုဇဉ်, အောက်ဖိုလ်ပုဂ္ဂိုလ် ၃-ယောက်တို့၏ တိဟိတ် ကာမကုသိုလ်ဇော ၄-ခု နောင် နောင်းနိုင်သော အပ္ပနာများ

တတ္ထ သောမနဿ သဟဂတဇဝနာနန္တ ရံ အပ္ပနာပိ သောမနဿသဟဂတာဝ ပါဋိကင်္ခိတဗ္ဗာ၊ ဥပေက္ခာ သဟဂတဇာနာနန္တရံ ဥပေက္ခာသဟဂတာဝ၊ တတ္ထာပိ ကုသလဇဝနာနန္တရံ ကုသလဇဝနဉ္စေဝ ဟေဋ္ဌိမဉ္စ ဖလတ္တယ မပ္ပေတိ-ကိုထောက်၍ မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ မဂ်ကုသိုလ် ၂၀-ပါး၊ အောက်ဖိုလ်စိတ် ၁၅-ပါး၊ ပေါင်း ၄၄-ပါးဖြစ်သည်။ (၁၃၆၂-ခု အကြီးတန်း)

### ❒ ရဟန္တာပုဂ္ဂိုလ်၏ ကာမကြိယာ ဉာဏသမ္ပယုတ်ဇော ၄-ခု နောင် နောင်းနိုင်သော အပ္ပနာဇောများ

မဟဂ္ဂုတ်ကြိယာ ၉-ပါး၊ အရဟတ္တဖိုလ်ဇော ၅-ပါး၊ ပေါင်း ၁၄-ပါး။ (၁၃၆၃-ခု အငယ်တန်း)

### ❒ သုခိတကြိယတော အဋ္ဌ-၌ သုခိတကြိယ-အရ

မဟာကြိယာဉာဏသမ္ပယုတ် သောမနဿဇော နှစ်ခုကို ယူရမည်။

အဋ္ဌ-အရ - မဟဂ္ဂုတ်ကြိယာ သောမနဿ ၄-ခု၊ အရဟတ္တဖိုလ် သောမနဿ ၄-ခု၊ ပေါင်း ၈-ခုကို ယူရမည်။

(၁၃၆၁-ခု အငယ်တန်း၊ ၆၁-ခု အလတ်တန်း၊ ၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



❒ **ဒွတ္တိံသသုစပုညမှာ ဂါထာ၌ ဒွတ္တိံသ–အရ**

မဟဂ္ဂုတ်ကုသိုလ် သောမနဿ ၄–ပါး၊ မဂ်သောမနဿ ၁၆–ပါး၊ အောက်ဖိုလ် ၃–ခုရှိ သောမနဿ ၁၂–ပါး၊ ပေါင်း ၃၂–ပါး။

❒ **ဒွါဒသ–အရ**

မဟဂ္ဂုတ်ကုသိုလ်ဥပေက္ခာ ၅–ပါး၊ မဂ်ဥပေက္ခာ ၄–ပါး၊ အောက်ဖိုလ် ဥပေက္ခာ ၃–ပါး၊ပေါင်း ၁၂–ပါး။

❒ **အဋ္ဌ–အရ**

မဟဂ္ဂုတ်ကြိယာ သောမနဿ ၄–ပါး၊ အရဟတ္တဖိုလ် သောမနဿ ၄–ပါး၊ ပေါင်း ၈–ပါး။

❒ **ဆ–အရ**

မဟဂ္ဂုတ်ကြိယာ ဥပေက္ခာ ၅–ပါး၊ အရဟတ္တဖိုလ် ဥပေက္ခာ ၁–ပါး၊ ပေါင်း ၆–ပါး။

(၁၃၆၃–ခု အငယ်တန်း၊ ၂၇–ခု အလတ်တန်း၊ ၃၇–ခု၊ ၆၁–ခု၊ ၆၂–ခု အကြီးတန်း)

❒ **ပုထုဇ္ဇနာန သေက္ခာနံဥ ပုထုဇ္ဇန–အရ**

အဟိတ်ပုထုဇဉ်၊ ဒွိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အပ္ပနာဇောများ မဖြစ်နိုင်သောကြောင့် အပ္ပနာဇောနှောင်းရာကို ပြသည့် ပုထုဇ္ဇနအရ ဈာန်ရတိဟိတ်ပုထုဇဉ်ကိုသာ

http://www.dhammadownload.com



ယူရမည်။ အထောက်- ဒုဟေတုကာနမဟေတုကာနဉ္စ ပနေတ္ထ ကိရိယဇဝနာနိ စေဝ အပ္ပနာဇဝနာနိ စ န လဗ္ဘန္တိ။ (၁၃၆၃-ခု အလတ်တန်း၊ ၆၄-ခု အကြီးတန်း)

## ❒ သေက္ခ-အရ

မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့သည် မဂ်စိတ္တက္ခဏ တစ်ချက်စီသာ သက်တမ်းရှိကြသည်။ ဤ၌ အပ္ပနာဇောင်းပုံကိုပြရာဖြစ်၍ မဂ္ဂဋ္ဌာန်ကိုမယူဘဲ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်ကိုသာ ယူရသည်။

အထောက်-စတ္တာရော ပန မဂ္ဂုပ္ပါဒါ ဧကစိတ္တက္ခဏိကာ။

(၁၃၆၄-ခု အကြီးတန်း)

# တဒါရမ္မဏနိယမ

## ❒ အာဂန္တုကဘဝင် ဖြစ်နိုင်သောပုဂ္ဂိုလ်

သောမနဿ ပဋိသန္ဓေနေခဲ့ပြီး ဒေါသဇော စောသူ။

(၁၃၆၄-ခု အလတ်တန်း)

## ❒ ဝိပါက်အမှန်ဖြစ်ပုံ

အနိဋ္ဌာရုံ၌ အကုသလဝိပါက်၊ ဣဋ္ဌာရုံ၌ ကုသလဝိပါက်၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာ၊ အတိဣဋ္ဌာရုံ၌

http://www.dhammadownload.com



သောမနဿသန္တီရဏ, တဒါရမ္မဏတို့ဖြစ်ခြင်းဟူသော ဝေဒနာယှဉ်ပုံမှန်ကန်သည်ကို ဝိပါက်အမှန်ဟု ဆိုပါသည်။

(၁၃၃၇-ခု, ၆၁-ခု အကြီးတန်း)

## ❒ ဇောအပြန်ဖြစ်ပုံ

ဝိပ္ပလ္လာသ မကင်းသေးသော ပုထုဇဉ် သေက္ခသန္တာန်တို့၌ဖြစ်သော ကုသိုလ်, အကုသိုလ် ဇောများသည် အာရုံအားလျော်စွာ ဝေဒနာယှဉ်ပုံ မမြဲဘဲ (ဝိပ္ပလ္လာသ အတွက်ကြောင့်) ဘလောင်းဘလဲ ပြောင်းလဲဖောက်ပြန်သည်ကို ဇောအပြန်ဟု ဆိုသည်။

(၁၃၃၇-ခု, ၆၂-ခု, ၃၁-ခု, ၆၁-ခု, ၆၂-ခု အကြီးတန်း)

## ❒ ဝိပါက်လည်း အမှန် ဇောလည်း အမှန်

ဝိပ္ပလ္လာသကင်းပြီးသော ဘုရား, ရဟန္တာတို့သန္တာန်၌ ဖြစ်သော ကြိယာဇောတို့သည်ကား-

(၁)အတိဣဋ္ဌာရုံနှင့် တွေ့ကြုံလျှင် သောမနဿ ကြိယာဇောစော၍ ထိုသောမနဿကြိယာဇောနောင် သောမနဿ တဒါရုံကျ၏။

(၂)ဣဋ္ဌမဇ္ဈတ္တာရုံ, အနိဋ္ဌာရုံနှင့် တွေ့ကြုံရလျှင် ဥပေက္ခာကြိယာဇောစော၍ ထိုဥပေက္ခာကြိယာဇောနောင် ဥပေက္ခာတဒါရုံများ ဖြစ်ကြသည်။ ဤသို့လျှင် ကြိယာဇော

http://www.dhammadownload.com



မျှားနှင့် ၄င်းတို့နောင်ဖြစ်သော ဝိပါက်တို့သည် အာရုံ အားလျော်စွာ ဝေဒနာယှဉ်မှု မှန်ကန်ကြလေသည်။

(၁၃၃၁-ခု အကြီးတန်း)

## ❐ ဝိပါက်အမှန် ဇောအမှန်

ဝိပ္ပလ္လာသကင်းပြီးသော ရဟန္တာသန္တာန်မှာ ဖြစ်သော ဝိပါက်နှင့် ကြိယာဇောတို့သည် (ဝိပ္ပလ္လာသ ကင်းပြီး ဖြစ်သောကြောင့်) ဖောက်ပြန်ပြောင်းလွဲမှုမရှိဘဲ အာရုံအားလျော်စွာ သောမနဿ, ဥပေက္ခာ ဝေဒနာယှဉ်ပုံ မှန်ကန်သည်ကို "ဝိပါက်အမှန် ဇောအမှန်"ဟု ဆိုသည်။

(၁၃၃၇-ခု အကြီးတန်း)

## ❐ ဇောနောင် တဒါရုံဖြစ်ပုံ

၁။ ဟသိတုပ္ပါဒ်, မဟာကြိယာသောမနဿ အားဖြင့် ကြိယာသောမနဿဇော ၅-ခု နောင် သောမနဿတဒါရုံ ၅-ခု၊

၂။ ဥပေက္ခာကြိယာဇော ၄-ခု၊ ဒေါသဇော-၂-ခု၊ နောင် ဥပေက္ခာတဒါရုံ ၆-ခု။

၃။ လောဘမူ, မောဟမူ, မဟာကုသိုလ်ဇော ၁၈- ခု နောင် တဒါရုံ ၁၁-ခု။ (၁၃၆၃-ခု အငယ်တန်း)

http://www.dhammadownload.com


**(ဆောင်)** ဤဝယ်သနစ်, အရင်းစစ်က, ဥပေက်ကြိယာ, ဒေါသာ ခြောက်နောက်, တဒါခြောက်တည်း၊ ကြိယာနောက်ငါး၊ ကြွင်းပြားဆယ့်ရှစ်, ၊ ဒ္ဒ ဘင်ဖြစ်သည့်, ဆယ့်တစ် တဒါရုံ အပေါင်းတည်း။

## ❒ ဝမ်းမြောက်စွာ ဘုရားဖူးနေသော ပုထုဇဉ်အား ဖြစ်နိုင်သော တဒါရုံ

သောမနဿတဒါရုံ ၅–ခု (၁၃၆၁–ခု အလတ်တန်း)

## ❒ ဗုဒ္ဓ၏ အရဟံဂုဏ်တော်၌ သက်ဝင်နှစ်မြှုပ်လျက် သောမနဿဝိထိစိတ်အစဉ်ဖြစ်ရာ၌ တဒါရုံ ဖြစ်ခွင့်ရှိ–

ဗုဒ္ဓါနုဿတိ အာဒီသု အဋ္ဌသု သညာဝတ္ထာနေ သုစာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရဘာဝနာဝ သမ္ပဇ္ဇတိ၊ နတ္ထိ အပ္ပနာနှင့်အညီ အရဟံဂုဏ်တော်သည် အပ္ပနာသို့ မရောက်စေနိုင်၊ ဥပစာရဘာဝနာလောက်သာ ပြည့်စုံနိုင်၏၊ ဥပစာရဘာဝနာဟူသည်လည်း “ကာမာဝစရ သမာဓိသခ်ါတာ ဥပစာရဘာဝနာ” ဟူသည်နှင့်အညီ ကာမဇော ဖြစ်သည်။ ကာမဇောဖြစ်လျှင် တဒါရုံ ကျနိုင်ခွင့် ရှိသည်။ ထိုသို့ဖြစ်ရာ၌လည်း အရဟံဂုဏ်တော်သည် အတိဣဋ္ဌာရုံမျိုးဖြစ်၍ “အတိဣဋ္ဌေ ပန သောမနဿ သဟဂတာနေဝ သန္တီ ရဏာတဒါရမ္မဏာနိ” ဟူသည်နှင့် အညီ သောမနဿတဒါရုံမျိုးသာ ဖြစ်ခွင့်ရှိသည်။

(၁၃၃၈–ခု အလတ်တန်း)

http://www.dhammadownload.com



❒ **ဘုရားရှင်ကို တွေ့မြင်ပါလျက် သဒ္ဓါကင်းမဲ့သဖြင့် အရေးမစိုက်နေသူအား ဖြစ်သောဇော**

ဥပေက္ခာဇော။

❒ **ငင်းနောက်ဖြစ်သော တဒါရုံ**

သောမနဿတဒါရုံ။ (၁၃၃၆–ခု အကြီးတန်း)

❒ **သောမနဿတဒါရုံ၏ ရှေ့၌ကျသော ဇောများ**

လောဘမူ ၈၊ မောဟမူ ၂၊ မဟာကုသိုလ် ၈၊ ဟသိတုပ္ပါဒ် ၁၊ မဟာကြိယာသောမနဿ ၄၊ ပေါင်း ၂၃။ (၁၃၃၆–ခု အကြီးတန်း)

❒ **ဒေါသာခြောက်နောက် တဒါခြောက်တည်း**

ဥပေက္ခာကြိယာဇော ၄–ခုနှင့် ဒေါသဇော ၂–ခု ပေါင်း ခြောက်ခုနောင် ဥပေက္ခာတဒါရုံခြောက်ခု နှောင်းသည်။ (၁၃၆၀–ခု အကြီးတန်း)

❒ **ဒေါမနဿသဟဂုတ်ဇော၏အခြားမဲ့၌ သောမနဿတဒါရုံ, ဘဝင်တို့ မဖြစ်ခြင်းအကြောင်း**

အချင်းချင်း ဆန့်ကျင်သောကြောင့် မဖြစ်နိုင်ပါ။ (၁၃၆၁–ခု အလတ်တန်း)

http://www.dhammadownload.com


## ❒ ဒေါသဇောနှောင် နှောင်းနိုင်သော တဒါရုံ

ဥပေက္ခာတဒါရုံ ၆-ခု။

(၁၃၆၁-ခု အလတ်တန်း၊ ၆၃-ခု အကြီးတန်း))

## ❒ ဒေါသဇောနှောင် ကျနိုင်သော တဒါရုံများ

ဥပေက္ခာသန္တီရဏ ၂-ပါးနှင့် မဟာဝိပါက် ဥပေက္ခာ ၄-ပါး။ (၁၃၆၂-ခု အကြီးတန်း)

## ❒ ဝမ်းမြောက်မှုဖြစ်နေသူ သန္တာန်၌ ဝမ်းနည်းမှုမရှိနိုင်

ဒေါမနဿသဟဂတဇဝနာဝသာနေ စ ပန စသော ပါဠိကို ထောက်လေ၊ (၁၃၆၁-ခု အကြီးတန်း)

## ❒ မူးယစ်ဆေးစွဲလျက် ပျက်စီးနေသော သားမိုက်ကို တွေ့မြင်ရ၍ မိဘများသန္တာန်၌ နှလုံးရောဂါဖြစ်ပုံ

မူးယစ်ဆေးစွဲလျက် ပျက်စီးနေသော သားမိုက်ကို တွေ့မြင်ရ၍ မိဘများ၏သန္တာန်၌ ဒေါမနဿဇော ဇောသည်။ ထိုဒေါမနဿဇောသည် ဟဒယဝတ္ထုနှလုံးကို မှီသည်ဖြစ်၍ ဒေါသဇော လောင်ကျွမ်းမှုကြောင့် နှလုံးရောဂါ ဖြစ်ရသည်။

သမထဘာဝနာ, ဝိပဿနာဘာဝနာတို့ကို ပွားများအားထုတ်လျှင် နှလုံးရောဂါ ပျောက်ကင်းနိုင်ပါသည်။

http://www.dhammadownload.com


ထိုသမထ, ဝိပဿနာဘာဝနာများသည် နလုံးရောဂါ ပျောက်ကြောင်း ဆေးနည်းကောင်းများ ဖြစ်သည်။

(၁၃၅၆-ခု အကြိုးတန်း)

## ❏ အာဂန္တုကဘဝင် ဖြစ်နိုင်သောပုဂ္ဂိုလ်

သောမနဿ ပဋိသန္ဓေနေခဲ့ပြီး ဒေါသဇော စောသူ။

(၁၃၆၄-ခု အလတ်တန်း)

## ❏ သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သူ၏ ဒေါသဇောနောင် (က) ဖြစ်သင့်သောစိတ် (ခ) ထိုစိတ်၏အာရုံ (ဂ) ထိုစိတ်၏ကိစ္စ

(က) ဥပေက္ခာသန္တီရဏစိတ် (ခ) ရှေ့၌လေ့ကျက် အပ်ခဲ့ဖူးသော ကာမအာရုံ (ဂ) ဘဝင်ကိစ္စ

(၁၃၆၃-ခု အလတ်တန်း)

## ❏ အာဂန္တုကဘဝင်စိတ်ဖြစ်ပေါ်လာရပုံ

သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သူအား ဒေါသဇော၏ အဆုံး၌ တဒါရုံဖြစ်ခွင့်မရသောအခါ ဘဝင်ကျ ရလိမ့်မည်။ ထို ဘဝင်သည် သောမနဿဘဝင်ဖြစ်က ဒေါသဇောနှင့် ဆန့်ကျင်နေ၏။ ဥပေက္ခာဘဝင်ဖြစ် ကလည်း မူလပဋိသန္ဓေ နှင့် ဆန့်ကျင်နေပြန်၏။ ဤသို့

http://www.dhammadownload.com



တဒါရုံလည်း ဖြစ်ခွင့်မရ၊ ဘဝင်ကျဖို့လည်း အခက်အခဲကြုံတွေ့နေသောအခါ ရှေ့နောက် သင့်လျော်စေရန် ဥပေက္ခာသန္တီရဏ စိတ်သည် ရှေ့ကလေ့ကျက်ခဲ့ဖူးသော ကာမအာရုံ တစ်ခုခုကို အာရုံပြုလျက် အာဂန္တုကဘဝင်စိတ် အဖြစ်ဖြင့် ဖြစ်ပေါ်လာရသည်။

(၁၃၃၂-ခု၊ ၆၂-ခု အကြီးတန်း)

## ❒ အာဂန္တုကဘဝင်ဖြစ်ရာအခါနှင့် ဖြစ်ကြောင်း

ဒေါသဇောနောင် တဒါရုံဘဝင်တို့သည် ဥပေက္ခာသဟဂုတ်တို့သာ ဖြစ်ရသည်။ ထို့ကြောင့် သောမနဿဖြင့် ပဋိသန္ဓေခဲ့ပြီး ဒေါသဇော စောသူမှာ တဒါရုံမကျလျှင်၊ ဘဝင်ကျရမည်။ ယင်းသို့ နေရာ၌ ဇောကိုငဲ့၍ ဥပေက္ခာဘဝင်ကျလျှင် ပဋိသန္ဓေနှင့် ဆန့်ကျင်နေမည်။ ပဋိသန္ဓေကိုငဲ့၍ သောမနဿဘဝင်ကျပြန်လျှင်လည်း ဒေါသဇောနှင့် ဆန့်ကျင်နေမည်၊ ထိုသို့ ဘဝင်ကျသို့ အခက်အခဲကြုံနေသောကြောင့် ဥပေက္ခာ သန္တီရဏစိတ်သည် ဧည့်သည် အာဂန္တုကဘဝင်အဖြစ် ဖြစ်ရသည်။ ယင်းအာဂန္တုကဘဝင်သည် ရှေး၌ လေ့ကျက်ဖူးသော ကာမအာရုံတစ်မျိုးမျိုးကို အာရုံပြုရသည်။ အာဂန္တုကဘဝင်နောင် မူလဘဝင် ပြန်ကျသည်။ (၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com



### ❐ အာဂန္တုကဘဝင်ဝီထိဖြစ်ပုံ

သောမနဿဖြင့် ပဋိသန္ဓေခဲ့ပြီး ဒေါသဇော စောသူမှာ တဒါရုံမကျလျှင် ဘဝင်ကျရမည်။ ယင်းသို့ ဘဝင်ကျရာ၌ ဇောကိုငဲ့၍ ဥပေက္ခာဘဝင်ကျလျှင် ပဋိ သန္ဓေနှင့် ဆန့်ကျင်နေမည်။ ပဋိသန္ဓေကိုငဲ့၍ သောမနဿ ဘဝင်ကျပြန်လျှင်လည်း ဒေါသဇောနှင့် ဆန့်ကျင်နေမည်။ ထိုသို့ ဘဝင်ကျဖို့ အခက်အခဲကြုံနေသောကြောင့် ဥပေက္ခာသန္တီရဏစိတ်သည် ဧည့်သည်အာ ဂန္တုကဘဝင်အဖြစ်ဖြင့် ဖြစ်ရသည်။ ယင်းအာဂန္တုကဘဝင်သည် ရှေ့၌ လေ့ကျက် အပ်ဖူးသော ကာမအာရုံတစ်မျိုးမျိုးကို အာရုံပြုရသည်။ အာဂန္တုကဘဝင် နောင် မူလဘဝင်ပြန်ကျသည်။

(၁၃၆၃–ခု အငယ်တန်း)

### ❐ အာဂန္တုကဘဝင်၏ အင်္ဂါများ

၁။ သောမနဿနှင့် ပဋိသန္ဓေနေခဲ့ခြင်း၊

၂။ ဒေါသဇော စောခြင်း၊

၃။ တဒါရုံ မဖြစ်ခြင်း၊

အထောက် – သောမနဿပဋိသန္ဓိကဿ ဒေါမနဿ သဟဂတ ဇဝနာဝသာနေ တဒါရမ္မဏသမ္ဘဝေါ နတ္ထိ၊ တဒါ ယံကိဉ္စိ ပရိစိတပုဗ္ဗံ ပရိတ္တာရမ္မဏ မာရဗ္ဘ ဥပေက္ခာသဟဂတသန္တီရဏံ ဥပ္ပဇ္ဇတိ။ (၁၃၆၃–ခု အကြီးတန်း)

http://www.dhammadownload.com


## ❒ အာဂန္တုကဘဝင်

သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်အား ဒေါသဇော၏ အဆုံး၌ တဒါရုံမဖြစ်သောအခါ ဥပေက္ခာသန္တီရဏစိတ်သည် အာဂန္တုကဘဝင်အနေဖြင့် ဖြစ်ပေးရသည်။ (၁၃၆၃-ခု အကြီးတန်း)

## ❒ တဒါရုံကျနိုင်သော အင်္ဂါများ

(၁) ကာမဇော၊ (၂) ကာမအာရုံ၊ (၃) ကာမသတ္တဝါ။

(၁၃၂၉-ခု၊ ၆၁-ခု အငယ်တန်း)

## ❒ ကာမဇောဝါရ၌သာ တဒါရုံကျခြင်းအကြောင်း

တဒါရုံသည် ကာမတဏှာလျှင်အကြောင်းရင်းရှိသော ကံကြောင့်သာလျှင် ဖြစ်ရသောကြောင့် ကာမဇောဝါရ၌သာ တဒါရုံကျသည်။

(၁၃၂၈-ခု၊ ၆၁-ခု အလတ်တန်း၊ ၆၁-ခု အကြီးတန်း)

## ❒ အပ္ပနာဇောဝါရ၌ တဒါရုံ မကျခြင်းအကြောင်း

အပ္ပနာဇောသည် တဒါရုံကို မဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ တဒါရုံကို ဖြစ်စေတတ်သော ကာမာဝစရကံနှင့် ဘုံအားဖြင့်တူသော သဘောမရှိသောကြောင့်လည်းကောင်း အပ္ပနာဇောဝါရ၌ တဒါရုံ မကျပါ။ (၁၃၂၈-ခု အလတ်တန်း)

http://www.dhammadownload.com


## ❑ အပ္ပနာဇောဝါရ၌ တဒါရုံ ဖြစ်ခွင့်မရှိ

အပ္ပနာဇဝနဝါရေ ပန ဝိဘူတာဝိဘူတာဘောဒေါ နတ္ထိ၊ တထာ တဒါရုံမ္မဏုပ္ပါဒေါ စ ကို ထောက်ပါ။

(၁၃၆၃-ခု အလတ်တန်း)

## ❑ တဒါရုံမကျနိုင်သော ဇောများ

မိမိကို မဖြစ်စေတတ်သောကြောင့် လည်းကောင်း၊ ထိုဇနကကံနှင့်တူသော သဘောမရှိသောကြောင့် လည်းကောင်း တဒါရုံသည် မဟဂ္ဂုတ်လောကုတ္တရာဇောများ၌ မကျနိုင်ပါ။

(ဥပမာ)အိမ်မှထွက်လိုသော ကလေးသည် ဖခင်ကို လည်းကောင်း၊ ဖခင်နှင့်တူသော ဦးကြီး၊ ဦးလေးကို သော်လည်းကောင်း လက်ချောင်းကိုင်၍ ထွက်သည်၊ အခြားသော မင်းချင်းယောကျ်ားစသည်၏ လက်ကိုကိုင်၍ မထွက် သကဲ့သို့ ဘဝင်အာရုံမှ အခြားအာရုံ၌ဖြစ်သော တဒါရုံသည် မိမိကိုဖြစ်စေတတ်သော ကုသိုလ် အကုသိုလ် ဇောတို့သို့လည်းကောင်း၊ ထိုနှင့်တူသော ကာမကြိယာဇော သို့လည်းကောင်း အစဉ်လိုက်သည်။ ထိုဇနကကံ၏ သဘောနှင့်မတူသော မဟဂ္ဂုတ်၊ လောကုတ္တရာဇောတို့သို့ အစဉ်မလိုက်။

(၁၃၆၁-ခု အလတ်တန်း)

http://www.dhammadownload.com



## ❐ အဝေးမှ မပိမသကြားရသောအသံကို အာရုံပြုလျက် ဝိထိစိတ်ဖြစ်ရာ၌ တဒါရုံဖြစ်ခွင့် မရှိ

အဝေးမှ မပိမသကြားရသောအာရုံသည် ဒုဗ္ဗလ သဒ္ဒါရုံ မျိုးဖြစ်၍ အနည်းဆုံး အတိတဘဝင် နှစ်ကြိမ်၊ သုံးကြိမ်လွန်ပြီးမှ ထင်ခြင်းသို့ ရောက်နိုင်သည်။ အတိ တဘဝင် နှစ်ကြိမ်၊ သုံးကြိမ်လွန်ကလည်း တဒါရုံမဖြစ် လောက်သောကြောင့် တဒါရုံဖြစ်ခွင့် မရှိပါ။

အထောက်။ ။ ယာဝ တဒါရမ္မဏုပ္ပါဒါ ပန အပ္ပ ဟောန္တာတီတက မာပါထမာဂတံ အာရမ္မဏံ မဟာန္တံ နာမ၊ တတ္ထ ဇဝနာဝသာနေ ဘဝင်္ဂပါတောဝ ဟောတိ၊ နတ္ထိ တဒါ ရမ္မဏုပ္ပါဒေါ။ (၁၃၃၈–ခု အလတ်တန်း)

## ❐ တဒါရုံဖြစ်ခွင့်ရှိသော ဝိသယပ္ပဝတ္တိ

အတိမဟန္တာရုံ, ဝိဘူတာရုံ။

(၁၃၆၄–ခု အငယ်တန်း)

# ဇဝနနိယာမ

## ❐ ဇောဟူသည်

အာရုံ၌ ထိုထိုကိစ္စကို ပြီးစေခြင်း၏ အစွမ်းအားဖြင့် တစ်ကြိမ်သော်လည်းကောင်း, အကြိမ်များစွာသော်

http://www.dhammadownload.com



လည်းကောင်း အရှိန်အဟုန်ဖြင့် ဖြစ်တတ်သောကြောင့် အာဝဇ္ဇန်းခွေးကြဉ်သော ကုသိုလ်, အကုသိုလ်, ဖိုလ်, ကြိယာစိတ်များသည် ဇောမည်၏။ (၁၃၂၉-ခု အကြီးတန်း)

**❒ ကာမဇောတို့ ၅-ကြိမ်ဇောရကြောင်း**

ကာမဇောတို့သည် မှီရာဝတ္ထုတို့၏ အားနည်းခြင်းကြောင့် မရဏာကာလ စသည်တို့၌ ၅-ကြိမ်သာဇောရသည်။ (၁၃၆၁-ခု အလတ်တန်း)

**❒ သေခါနီးအခါ ဇောသော ဇောအကြိမ်**

ကာမဇောတို့သည် ၅-ကြိမ်။

(၁၃၆၄-ခု အငယ်တန်း)

**❒ ပထမဦးစွာ ရအပ်သောဈာန်၌ ဇောသောဇောအကြိမ်**

မဟဂ္ဂုတ်ဇောတို့သည် ၁-ကြိမ်။

(၁၃၆၄-ခု အငယ်တန်း)

**❒ ကာမဇောတို့ အနည်းဆုံးဇောနိုင်သောအကြိမ်**

န-၁-မ-ဉ-န-ဂေါ-မဂ်၊ ဖိုလ်၊ ဖိုလ်၊ ဖိုလ်ဘဝင်၊ ဖော်ပြပါ တိက္ခပုဂ္ဂိုလ်၏ မဂ္ဂဝိထိ၌ ဥပစာရ

http://www.dhammadownload.com



သမာဓိကာမာဝစရဇောတို့သည် ၃ ကြိမ်သာ ဇော ပါသည်။

သာဓကေ – တတ္ထ ဟိ ဉာဏသမ္ပယုတ္တ ကာမာဝစရ ဇဝနာနမဋ္ဌန္နံ အညတရသ္မိံ ပရိကမ္မောပစာရာ နုလောမ ဂေါတြဘုနာမေန စတုက္ခတ္တုံ တိက္ခတ္တုမေဝ ဝါ ယထာက္ကမံ ဥပ္ပဇ္ဇိတွာ။ (၁၃၄၁-ခု အလတ်တန်း)

## ပစ္စဝေက္ခဏာဇောအကြိမ်

လျင်မြန်စွာဖြစ်ရခြင်းကြောင့် ၄-ကြိမ်၊ ၅- ကြိမ် ဇောသည်။ (၁၃၆၃-ခု အငယ်တန်း)

## တစ်ကြိမ်သာ ဇောသောဇောများ

(၁) အာဒိကမ္မိကပုဂ္ဂိုလ်၏ မဟဂ္ဂုတ်ဇော၊

(၂) အဘိညာဉ် ဇော၊

(၃) မဂ်ဇော၊

(၄) နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇော။

(၁၃၆၁-ခု, ၆၃-ခု, အငယ်တန်း၊ ၃၄-ခု, ၄၀-ခု, ၆၃-ခု အလတ်တန်း)

## ကမ္မဋ္ဌာန်းတရားကို အစဦးဆုံး အားထုတ်သော ဈာန လာဘီ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်နိုင်သော ဇောစိတ်များ

အာဒိကမ္မိကပုဂ္ဂိုလ်၏ ပဌမကပ္ပနာအခါ မဟဂ္ဂုတ် ဇောများ တစ်ကြိမ်ဖြစ်သည်။

http://www.dhammadownload.com



အာဒိကမ္မိကသဿ ပန ပဌမကပ္ပနာယံ မဟဂ္ဂတ ဇဝနာနိ ဟူသော ပါဠိကို ရည်ရွယ်၍ ဖြေသည်။
(၁၃၆၄–ခု အကြိုးတန်း)

**❑ တစ်ကြိမ်သာဇောသောဇောများကို နိယမ, နိယမအားဖြင့် ဖော်ပြပုံ**

မဂ်ဇော, ဖိုလ်ဇောတို့သည် နိယမအားဖြင့် တစ်ကြိမ်သာ ဇောသည်။

နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်ဇော အရဟတ္တဖိုလ်ဇောသည် လည်းကောင်း၊ အာဒိကမ္မိက ပုဂ္ဂိုလ်၏ ပဌမကပ္ပနာအခါ မဟဂ္ဂုတ်ဇောသည် လည်းကောင်း အနိယမအားဖြင့် ၁–ကြိမ်သာ ဇောသည်။
(၁၃၆၄–ခု အလတ်တန်း)

**❑ အမြဲ တစ်ကြိမ်ဇောသည့်ဇော**

မဂ်ဇော, အဘိညာဉ်ဇောတို့သည် အမြဲ တစ်ကြိမ် ဇောသည်။ (၁၃၃၆–ခု အလတ်တန်း)

**❑ ရံခါ တစ်ကြိမ်သာ ဇောသည့် ဇောများ**

အာဒိကမ္မိကပုဂ္ဂိုလ်၏ ပဌမကပ္ပနာအခါ၌ မဟဂ္ဂုတ် ဇောတို့သည် လည်းကောင်း၊ နိရောဓသမာပတ်မှ

http://www.dhammadownload.com



ထသောအခါ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇော တို့သည်လည်းကောင်း ရံခါ တစ်ကြိမ် ဇောကုန်၏။

(၁၃၃၆-ခု အလတ်တန်း)

## ❑ တစ်ကြိမ်စသည် ဇောသောဇောများ

တစ်ကြိမ်။ ။ မဂ်ဇော၊ အဘိညာဉ်ဇော၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇော။

နှစ်ကြိမ်။ ။ နိရောဓသမာပတ်၏ ရှေ့အဖို့ဖြစ်သော နေဝသညာနာ သညာယတနကုသိုလ်၊ ကြိယာဈာန်ဇော။

နှစ်ကြိမ် သုံးကြိမ်။ ။ မဂ္ဂါနန္တရဖိုလ်ဇော။

လေးကြိမ် ငါးကြိမ်။ ။ မြတ်စွာဘုရား၏ ယမကပါဋိဟာရိယ ကာလ စသည်တို့၌ ပစ္စဝေက္ခဏာဇော။

ငါးကြိမ်။ ။ မရဏာသန္နကာလ၊ မုစ္ဆာကာလတို့၌ ကာမာဝစရဇော

ခြောက်ကြိမ်, ခုနစ်ကြိမ်။ ။ ပကတိ အခါ ကာမာဝစရဇော။ (၁၃၂၉-ခု အကြီးတန်း)

## ❑ မဟဂ္ဂုတ်ဇောများ ဇောနိုင်သည့် အကြိမ်

အာဒိကမ္မိကပုဂ္ဂိုလ်၏ ပထမကပ္ပနာအခါ တစ်ကြိမ် အဘိညာဉ်ဇောအဖြစ်ဖြင့် တစ်ကြိမ်၊ နိရောဓသမာပတ်၏ ရှေ့ဖြစ်သောအခါ နှစ်ကြိမ်၊ သမာပတ္တိဝီထိအခါ အကြိမ်များစွာ ဇောကြသည်။ (၁၃၆၀-ခု အငယ်တန်း)

http://www.dhammadownload.com



## ❒ အကြိမ်အများဆုံးဖြစ်နိုင်သော ဇောအမျိုးအစားနှင့် ဝိထိအမျိုးအစား

ဈာနသမာပတ္တိဝိထိ, ဖလသမာပတ္တိ၌ ဈာန်ဇော ဖိုလ်ဇောများသည် အကြိမ်အများဆုံး ဖြစ်နိုင်ပါသည်။

ပါဠိ=သဗ္ဗတ္ထာပိ သမာပတ္တိဝီထိယံ ဘဝင်္ဂသော တော ဝိယ ဝီထိနိယမော နတ္ထီတိ ကတွာ ဗဟူနိပိ လဗ္ဘန္တိ။ (၁၃၆၄-ခု အငယ်တန်း)

## ❒ အဘိညာ ဝေနာနိ စ သဗ္ဗဒါပိ ကေဝါရမဓဝ ဝေန္တိ-၌ သဗ္ဗဒါပိ-အရ

ရှေးဦးစွာဖြစ်ရာအခါ၌ လည်းကောင်း၊ လေ့ကျက် အပ်ပြီးသော ဝသီဘော်ရှိရာ၌လည်းကောင်း လောကီ အဘိညာဥ်ဇော ၅-မျိုးလုံးကို အခါခပ်သိမ်း ၁-ကြိမ်သာ ယူရမည်။ (၁၃၆၄-ခု အကြီးတန်း)

## ❒ အဘိညာဥ်ဇော တစ်ကြိမ်သာ ဇောရခြင်းအကြောင်း

အဘိညာဥ်ဇောတို့သည် တစ်ကြိမ်တည်းဖြစ်ရုံမျှ ဖြင့်ပင် လိုအပ်သောကိစ္စများကို ပြီးစီးအောင် ဆောင်ရွက်နိုင် သဖြင့် နောက်ထပ်ဖြစ်ဖွယ်မလိုသောကြောင့် တစ်ကြိမ်သာ ဇောသည်။ (၁၃၆၁-ခု အလတ်တန်း)

http://www.dhammadownload.com



### ❒ အပ္ပနာဇော ဟူသည်

မဟဂ္ဂုတ်, လောကုတ္တရာဇောများကို အပ္ပနာဇောဟု ခေါ်သည်။

### ❒ ရဟန္တာမရသော အပ္ပနာဇော

မဟဂ္ဂုတ်ကုသိုလ် - ၉ ခု၊ အရဟတ္တဖိုလ်ကြဉ် လောကုတ္တရာဇော ၇-ခု၊ ပေါင်း ၁၆-ခု။

(၁၃၆၁-ခု အကြီးတန်း)

### ❒ ပုထုဇဉ်သန္တာန်၌သာ ရှိသောဇော

လောဘမူဒိဋ္ဌိဂတသမ္ပယုတ်ဇောနှင့် ဝိစိကိစ္ဆာဇော

### ❒ သေက္ခသန္တာန်၌သာ ရှိသောဇော

မဂ်ဇောနှင့် အောက်ဖိုလ်ဇော။

### ❒ ရဟန္တာသန္တာန်၌သာ ရှိသောဇော

ကြိယာဇောနှင့် အရဟတ္တဖိုလ်ဇော

(၁၃၅၇-ခု အကြီးတန်း)

### ❒ အပ္ပနာဝိထိပုံစံ

န-ဒ-မ-ပ-ဥ-နု-ဂေါ-မဂ်-ဖိုလ်-ဖိုလ်-ဘ။

(၁၃၆၁-ခု အငယ်တန်း)

http://www.dhammadownload.com



### ❒ မဂ္ဂဒွာရ်ဝီထိစိတ်

မဂ်စိတ်တစ်ခုစီ။

သာဓက – စတ္တာရော ပန မဂ္ဂပ္ပါဒါ ကေစိတ္တက္ခဏိကာ။ (၁၃၆၁–ခု အကြီးတန်း)

### ❒ မဂ်ဇောဇောသည့် အချိန် မကြာ

စတ္တာရော ပန မဂ္ဂပါဒါ ကေစိတ္တက္ခဏိကာ–ကို ထောက်၍ မဂ်ဇောဇောသည့်အချိန်ကာလ နာရီဝက်မျှ ကြာသည်ဟု ပြောသော စကား မမှန်ပါ။

(၁၃၆၁–ခု အလတ်တန်း)

### ❒ တစ်သက်မှာ တစ်ကြိမ်သာဖြစ်သောစိတ်နှင့် တစ်ကြိမ်သာ ဖြစ်ရခြင်းအကြောင်း

တစ်ကြိမ်ဖြစ်ရုံဖြင့်ပင် ကိလေသာ ပယ်သတ်မှုကိစ္စ ပြီးစီးသောကြောင့် မဂ်စိတ်သည် တစ်ကြိမ်သာ ဖြစ်ပါသည်။ (၁၃၆၃–ခု အလတ်တန်း)

### ❒ မဂ်ပေါက်ဖိုလ်ဝင် ဟူသောစကား မှန်ကန်

စတ္တာရော ပန မဂ္ဂပ္ပါဒါ ကေစိတ္တက္ခဏိကာ၊ တတော ပရံ ဒွေတီဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ ကိုထောက်၍ မဂ်စိတ် ၁–ကြိမ်ဖြစ်ပြီးနောက် ဖိုလ်စိတ်သည်

http://www.dhammadownload.com



၂-ကြိမ်၊ ၃-ကြိမ် ဖြစ်ရမည် ဖြစ်သောကြောင့် မဂ်ပေါက် ဖိုလ်ဝင်ဟူသောစကား မှန်ပါသည်။

(၁၃၆၁-ခု အကြီးတန်း)

**❑ မဂ်ရပြီးနောက် ဖိုလ်ရအောင် အားထုတ်ရသည်ဟူသော စကား မမှန်**

စတ္တာရော ပန မဂ္ဂပ္ပါဒါ ကေစိတ္တက္ခဏိကာ၊ တတော ပရံ ဒွေ တီဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ-ကို ထောက်၍ မမှန်ပါ။ (၁၃၄၀-ခု အလတ်တန်း)

**❑ ဈာန်မရသော ယောဂီပုဂ္ဂိုလ်များ အားထုတ်ခဲ့သော် ရနိုင်သော မဂ်**

ဝိပဿနာနိယမအားဖြင့် ပဌမဂ်ကမဂ်ကို ရသည်။

(၁၃၆၃-ခု အလတ်တန်း)

**❑ ဈာန်မရနိုင်သော ပုဂ္ဂိုလ်များ**

ဝိပါကာဝရဏ ဟူသော ဝိပါကန္တရာယ် တားမြစ်သောကြောင့် အဟိတ်, ဒွိဟိတ်ပုဂ္ဂိုလ်များ ဈာန်, မဂ်, ဖိုလ် မရနိုင်ပါ။ (၁၃၆၃-ခု အလတ်တန်း)

http://www.dhammadownload.com



- **တစ်ကြိမ်သာ စော၍ အကြိမ်များစွာ မစောသောဇော**

  မဂ်ဇော

- **အကြိမ်များစွာသာ စော၍ တစ်ကြိမ်မသောသော ဇော**

  ကာမဇော

- **နှစ်ပါးစုံ မစောသောဇော**

  မရှိ

- **နှစ်ပါးစုံစောသောဇော**

  မဟဂ္ဂုတ်ဇော၊ ဖိုလ်ဇော။

  (၁၃၆၁–ခု အကြီးတန်း)

- **သမာပတ်ဝင်စားနေသူအား ဖြစ်သောပရမတ်**

  နိရောဓသမာပတ်ဝင်စားနေသော ပုဂ္ဂိုလ်၌ ကမ္မဇ, ဥတုဇ, အာဟာရဇရုပ်များသာ ဖြစ်ကြသည်။

  (၁၃၃၃–ခု အကြီးတန်း)

- **နိရောဓသမာပတ်ဟူသည်**

  စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့ ကောင်းစွာ ရောက်ခြင်းသည် နိရောဓသမာပတ်မည်၏။

http://www.dhammadownload.com



❒ **နိရောဓသမာပတ်ဝင်စားသော ပုဂ္ဂိုလ်သန္တာန်၌ မဝင်စားမီ နောက်ဆုံးဖြစ်ပေါ်ခဲ့သော စိတ်**

အနာဂါမ်ပုဂ္ဂိုလ်- နေဝသညာ နာသညာယတန ကုသိုလ်ဇော

ရဟန္တာ- နေဝသညာ နာသညာယတန ကြိယာ ဇော။ (၁၃၆၄-ခု အငယ်တန်း)

❒ **ဝင်စားပြီးနောက် ပထမဦးဆုံး ဖြစ်ပေါ်လာသော စိတ်**

အနာဂါမ်- အနာဂါမိဖိုလ်စိတ်

ရဟန္တာ- အရဟတ္တဖိုလ်စိတ်။

(၁၃၆၄-ခု အငယ်တန်း)

❒ **နိရောဓသမာပတ်ဝင်စားသောအခါ ဇောသောဇော အကြိမ်**

နေဝသညာ နာသညာယတနကုသိုလ်, ကြိယာ ဈာန်ဇောတို့သည် ၂-ကြိမ် ဇောသည်။

(၁၃၆၄-ခု အငယ်တန်း)

❒ **နိရောဓသမာပတ်ဝင်စားခါနီး ဇောသောဇောအမည်နှင့် အကြိမ်**

နေဝသညာ နာသညာယတန ကုသိုလ်, ကြိယာ ဈာန်ဇော ၂-ကြိမ်။ (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



**ဂ။ နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်၏ (က) နိရောဓသမာပတ်ဝင်စားခါနီး (ခ) ဝင်စားဆဲ (ဂ) ဝင်စားပြီးစ အခါတို့၌ဖြစ်သော ပရမတ္ထဓမ္မများ**

(က) နေဝသညာ နာသညာယတနကုသိုလ်, ကြိယာ
  ဈာန်စိတ် (စေတသိက်, ကမ္မဇ, စိတ္တဇ, ဥတုဇ)

(ခ) ကမ္မဇရုပ်၊ ဥတုဇရုပ်

(ဂ) အနာဂါမိဖိုလ်, အရဟတ္တဖိုလ် ဈာန်စိတ်
  (စေတသိက်, စတုဇရုပ်)

အကိုးပါဠိ- နိရောဓသမာပတ္တိကာလေ ဒွိကွတ္တုံ စတုတ္ထာရုပ္ပဇဝနံ ဇဝတိ။ တသော ဒွိန္နံ အပ္ပနာဇဝနံ ပရတော ဝေါစ္ဆိဇ္ဇတိ၊ စိတ္တသန္တတိ၊ တတော နိရောဓသမာပန္နော နာမ ဟောတိ။

ဝုဋ္ဌာနကာလေ ပန အနာဂါမိနော အနာဂါမိဖလစိတ္တံ အရဟတော အရဟတ္တဖလစိတ္တံ ဧကဝါရမေဝ ပဝတ္တိတွာ ဘဝင်္ဂပါတောဝ ဟောတိ။ တတော ပရံ ပစ္စဝေက္ခဏဉာဏံ ပဝတ္တတိ။

စတုသမုဋ္ဌာနရူပကလာပါ သန္တတိ ကာမလောကေ ဒီပဇာလံ ဝိယ နဒီသောတော ဝိယ စ ယာဝတာယုကမဗ္ဗောစ္ဆိန္နာ ပဝတ္တတိ။

(၁၃၃၄-ခု, ၆၃-ခု အလတ်တန်း၊ ၆၂-ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ နိရောဓသမာပတ်ဝင်စားနိုင်သောပုဂ္ဂိုလ်များ

ထိုနိရောဓသမာပတ်ကို (ကာမဘုံ, ရူပဘုံ၌ တည်သော သမာပတ် ၈–ပါးနှင့် ပြည့်စုံသော) အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်များသာ ဝင်စားနိုင်သည်။

သာဓက။ ။ နိရောဓသမာပတ္တိံ သမာပဇ္ဇနံ ပန အနာဂါမိနဉ္စေဝ အရဟန္တာနဉ္စ လဗ္ဘတိ။

(၁၃၃၇–ခု အလတ်တန်း)

## ❐ အရိယာတိုင်း နိရောဓသမာပတ် မဝင်စားနိုင်

နိရောဓသမာပတ္တိကာလေ ဒွိက္ခတ္တုံ စတုတ္ထာ ရုပ္ပဇဝနံ ဇဝတိ၊ တတော ပရံ နိရောဓံ ဖုသတိ။

ဝုဋ္ဌာနကာလေ စ အနာဂါမိဖလံ ဝါ အရဟတ္တဖလံ ဝါ ယထာရဟ မေကဝါရံ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓေ ဘဝင်္ဂပါတောဝ ဟောတိ–ကို ထောက်ပါ။

(၁၃၆၂–ခု အကြီးတန်း)

## ❐ အကြိမ်များစွာ စောသောဇောများ

ဈာနသမာပတ္တိဝီထိ၌ ဈာန်ဇော၊ ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇောတို့သည် ဘဝင်အလျဉ်ကဲ့သို့ ဝီထိကို သတ်မှတ်ခြင်းမရှိသောကြောင့် အကြိမ်များစွာ စောနိုင်ပါသည်။

http://www.dhammadownload.com



သဗ္ဗတ္ထာပိ သမာပတ္တိဝီထိယံ ဘဝင်္ဂသောတော ဝိယ ဝီထိနိယမော နတ္ထီတိ ကတွာ ဗဟူနိပိ လဗ္ဘန္တိ။

(၁၃၆၁-ခု အငယ်တန်း)

❒ **အပ္ပနာဇော အကြိမ်များစွာဇောနိုင်သည့် ဝီထိများ**

ဈာနသမာပတ္တိဝီထိ၊ ဖလသမာပတ္တိဝီထိ။

(၁၃၅၆-ခု အကြီးတန်း)

❒ **အဝသေသာနိ လဗ္ဘန္တိ ဗဟူနိပိ၌ အပိသဒ္ဒါဖြင့် သိစေအပ်သော အဓိပ္ပာယ်**

အပိသဒ္ဒါဖြင့် လောကီဈာန်ဇောတို့သည် ပထမကပ္ပနာအခါ၌ ၁-ကြိမ်၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇောတို့ ၁-ကြိမ်၊ မဂ္ဂါနန္တရဖိုလ်ဇော ၂-ကြိမ်၊ ၃-ကြိမ် ဇောသေးသည် ဟူသော အဓိပ္ပာယ်ကို သိစေပါသည်။

(၁၃၆၁-ခု အကြီးတန်း)

## ပုဂ္ဂလဘေဒ

❒ **ပုဂ္ဂိုလ် ၁၂-ယောက်**

ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ် အားဖြင့် ပုထုဇဉ် ၄-ယောက်၊ မဂ္ဂဋ္ဌာန် ၄-ယောက်၊

http://www.dhammadownload.com


ဖလဋ္ဌာန် ၄-ယောက်အားဖြင့် အရိယာ ၈-ယောက်၊ ပေါင်း ၁၂-ယောက်။ (၁၃၆၃-ခု အလတ်တန်း)

## ❑ ဈာန်, မဂ်, ဖိုလ်, တရားထူး မရနိုင်သူများ

ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်ပုဂ္ဂိုလ်များ ဖြစ်သည်။

အထောက်။ ။ ဒုဟေတုကာနမဟေတုကာနဉ္စ ပနေတ္ထ ကိရိယဇဝနာနိ စေဝ အပ္ပနာဇဝနာနိ စ န လဗ္ဘန္တိ။

(၁၃၆၄-ခု အလတ်တန်း)

## ❑ ယခုဘဝတွင် ဈာန်မဂ်, ဖိုလ် ရရန် မျှော်လင့်ချက်မရှိသော ပုဂ္ဂိုလ်များ

ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်ပုဂ္ဂိုလ်တို့တည်း။ (၁၃၆၄-ခု အလတ်တန်း)

## ❑ ၎င်းပုဂ္ဂိုလ်တို့တွင် မရနိုင်သော ဝိထိစိတ်များ

အပ္ပနာဇော ၂၆-ပါး၊ ကာမကြိယာဇော ၉-ပါး၊ မဟာဝိပါက် ၈-ပါး၊ မဟဂ္ဂုတ်ဝိပါက် ၉-ပါး။

(၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com


## ❏ ဈာန်မဂ်ဖိုလ်ရရန် မျှော်လင့်ချက်ကင်းဝေးသူများ

အပ္ပနာဇောဖြစ်မှုကို တားမြစ်တတ်သော အဟိတ်ပဋိသန္ဓေ၊ ဒွိဟိတ်ပဋိသန္ဓေဟူသော ဝိပါကာဝရဏ ထင်ရှား ရှိနေခြင်းကြောင့် အဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်များသည် ဈာန်မဂ်ဖိုလ်တရားထူးများ ရရှိနိုင်ရန် မျှော်လင့်ချက်နှင့် ကင်းဝေးသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

(၁၃၆၂–ခု အကြီးတန်း)

## ❏ မဂ်ဖိုလ်မနီး အချီးနီးပုဂ္ဂိုလ်

ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်ပုဂ္ဂိုလ်။

အထောက် –ဒုဟေ့တုကာန မဟေတုကာနဉ္စ ပနေတ္ထ ကိရိယဇဝနာနိ စေဝ အပ္ပနာဇဝနာနိ စ န လဗ္ဘန္တိ။

(၁၃၆၃–ခု အလတ်တန်း၊ အကြီးတန်း)

## ❏ ပုထုဇဉ်နှင့်သာ ဆိုင်သော စိတ်

လောဘမူသောမနဿ ဒိဋ္ဌိဂတသမ္ပယုတ် ၂–ပါး။

(၁၃၆၄–ခု အကြီးတန်း)

## ❏ သေက္ခနှင့်သာ ဆိုင်သော စိတ်

မရှိပါ။ (၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com


### ❐ အသေက္ခနှင့်သာ ဆိုင်သော စိတ်

ဟသိတုပ္ပါဒ်, မဟာကြိယာသောမနဿ ၄-ခု၊ ပေါင်း ၅-ခု။ (၁၃၆၄-ခု အကြီးတန်း)

### ❐ နဂါးမင်း စသော တိရစ္ဆာန်များ တရားထူး မရနိုင်

တိရစ္ဆာန်ဘဝဖြင့် တရားထူးရပြီး အရိယာမဖြစ်နိုင်ပါ။

သာဓက- ဒုဟေတုက မဟေတုကာနဉ္စ ပနေတ္ထ ကိရိယဇဝနာနိ စေဝ အပ္ပနာဇဝနာနိ စ နလဗ္ဘန္တိ။

(၁၃၆၄-ခု အကြီးတန်း)

### ❐ ခွေးတစ်ကောင်၌ရနိုင်သော ဝိထိစိတ်များ

အကုသိုလ်စိတ် ၁၂-ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇-ပါး၊ မဟာကုသိုလ် ၈-ပါးအားဖြင့် ၃၇-ခု ရသည်။ (၁၃၆၄-ခု အလတ်တန်း)

**(ဆောင်)** ၁။ သုံး ဒွိ-ပုဂ္ဂလော, စိတ်ရဟောကား, အသောဘနှ-သုံးဆယ်မှလျှင်, ဟသိကြဉ်မှ, မဟာကုရှစ်, ဝိပါက်စစ်တွေး, ဉာဏ်ဝိပ်လေး, မှတ်ရေး လေးဆယ့်တစ်ပါးတည်း။

၂။ ဒု-ပုဂ္ဂလော, စိတ်ရဟောလျှင်,ယခင်လေးဆယ်, တစ်ပါးကယ်မှ, လေးသွယ်ဝိပါက်, ဉာဏ်ဝိပ်ဖျက်, မှတ်ချက်သုံးဆယ့်ခုနစ်တည်း။

❒ **ဒွိဟိတ်, အဟိတ်ပုဂ္ဂိုလ်တို့အား အပ္ပနာဇောမရခြင်း အကြောင်း**

အပ္ပနာဇောကို တားမြစ်တတ်သော ဒွိဟိတ်, အဟိတ်ပဋိသန္ဓေဝိပါက် ထင်ရှားရှိနေသောကြောင့် ဒွိဟိတ်, အဟိတ်ပုဂ္ဂိုလ်တို့အား အပ္ပနာဇော မရပါ။

(၁၃၆၄–ခု အလတ်တန်း)

❒ **ယခုဘဝ အရိုးကြေကြေ အရေခမ်းခမ်း တရားအားထုတ်သော်လည်း ဈာန်မဂ်ဖိုလ် မရနိုင်သူများ**

အပ္ပနာဇောကို တားမြစ်တတ်သော ဝိပါကာဝရဏ ထင်ရှားရှိနေခြင်းကြောင့် ဒွိဟိတ်ပုဂ္ဂိုလ်, အဟိတ်ပုဂ္ဂိုလ်များ ဈာန်မဂ်ဖိုလ် မရနိုင်ပါ။ (၁၃၆၄–ခု အကြီးတန်း)

❒ **သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် မရနိုင်သောစိတ်များ**

ဟသိတုပ္ပါဒ်၊ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄–ခု၊ မဟာကြိယာ ၈–ခု၊ မဟဂ္ဂုတ်လောကုတ္တရာ ၃၅–ခု။ (၁၃၆၄–ခု အလတ်တန်း)

❒ **ပုဂ္ဂိုလ်အပြား၊ ဝါးကရား၊ ခြားနား သိစိမ့်ငှာနှင့်အညီ ဝိဋကတ်သချာနည်းလာ ဝါးကရားအရ ပုဂ္ဂိုလ် (၂၁၄) ယောက် ရေတွက်ပုံ**

အပါယ် ၄–ဘုံ၌ ဒုဂ္ဂတိအဟိတ် ပုထုဇဉ် ၁–ယောက်ရှိသောကြောင့် (၄×၇=၂၈)၊ [illegible]

http://www.dhammadownload.com


ရာဇ်နတ်ဘုံတို့၌ ဒုဂ္ဂတိအဟိတ်ကြဉ် ကျန် ၁၁-ယောက်စီ ရသောကြောင့် (၂x၁၁-လီ=၂၂)၊ အထက်နတ်ပြည်ငါးဘုံ၌ (ဒု+သု) ကြဉ် ၁၀-ယောက် စီရသောကြောင့် (၅x၁၀-လီ=၅၀)၊ ဝေဟပ္ဖိုလ်တိုင် ရူပ ၁၀-ဘုံ၌ အရိယာနှင့် တိဟိတ်ပုဂ္ဂိုလ် ၉-ယောက်စီရသောကြောင့် (၁၀x၉-လီ=၉၀)။ အသညသတ်ဘုံ၌ သုဂတိအဟိတ် ၁-ယောက်သာ ရသောကြောင့် (၁x၁-လီ=၁)၊ သုဒ္ဓါဝါသ ၅-ဘုံ၌ ထိပ်ဖျားအရိယာ ၃-ယောက်စီရသောကြောင့် (၅x၃-လီ=၁၅)၊ အရူပ ၄-ဘုံ၌ တိဟိတ်ပုထုဇဉ်နှင့် သောမဂ် ကြဉ် အရိယာ ၇-ယောက် ပေါင်း ၈-ယောက် စီရ သောကြောင့် (၄x၈-လီ=၃၂) စုစုပေါင်း=၂၁၄-ယောက် (၁၃၆၄-ခု အကြီးတန်း)

**(ဆောင်)** အပါယ် ၃-ရ, လူ-နတ် စ၌, ၃-ပ ကော်ဒသ်၊ ထက် ငါးနတ်ဝယ်, အဟိယ်ပယ်လော့၊ ဆယ်ဘုံရူပ, တိဟိတ်ရ၏၊ သညသု-သာ၊ ငါးသုဒ္ဓါမှာ, ရိယာခေါင်ဆုံး, သုံးယောက်စီရ၊ အရူပဝယ်, ၈-မဂ် ပယ်သည်, ရှစ်သွယ် တိဟိတ် မကြွင်း တည်း။

## ❒ ဆင်ဖြူတော်၏ သန္တာန်၌ဖြစ်ခွင့်ရှိသော ဝိထိစိတ်

အကုသိုလ် ၁၂၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇၊ မဟာကု ၈၊ ပေါင်း ၃၇။ (၁၃၆၃-ခု အလတ်တန်း)

http://www.dhammadownload.com



❒ **ဒုဂ္ဂတိ အဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်မရနိုင်သောစိတ်များ**

ဟသိတုပ္ပါဒ်၊ မဟာဝိပါက် ၈-ခု၊ မဟာကြိယာ ၈-ခု၊ မဟဂ္ဂုတ်, လောကုတ္တရာ ၃၅-ခု။

(၁၃၆၄-ခု အလတ်တန်း)

❒ **ချာန်ရ ကာမရဟန္တာပုဂ္ဂိုလ်သန္တာန်၌ ရနိုင်သော ဝီထိ စိတ်များ**

အဟိတ်စိတ် ၁၈-ပါး၊ မဟာဝိပါက် ၈-ပါး၊ မဟဂ္ဂုတ်ကြိယာ ၉-ပါး၊ အရဟတ္တဖိုလ်စိတ် ၁-ပါး၊ ပေါင်း ၄၄-ပါး ဖြစ်ပါသည်။ (၁၃၆၃-ခု အလတ်တန်း)

❒ **တိရစ္ဆာန်တို့၏ သန္တာန်၌ ဖြစ်ခွင့်ရှိသောကုသိုလ်**

မဟာကုသိုလ်

❒ **ဖြစ်ခွင့်မရှိသော ကုသိုလ်**

အပ္ပနာကုသိုလ်

